# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက် | ၂၀၂၂ ခုနှစ်၊ ဧပြီ ၁၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၁)၊ အမှတ် (၁၉၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### ဂန္တဝင်ကဗျာ အကျော်အမော် ဆရာသူရဇော်




ဆောင်းပါး စာ - ၁၀

......................

### ဇီဝစုံလင် သဘာဝဝန်းကျင် မိုးယွန်းကြီးအင်း သို့မဟုတ် ဌာနေကြိုးကြာငှက်မျိုးစိတ်တို့ ခိုလှုံရာ

ဆောင်းပါး စာ - ၁၆





## စစ်တွေမြို့ ပွိုင့်ကမ်းခြေနှင့် ဟိုတယ်ကမ်းခြေတို့တွင် အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိ

**စစ်တွေ ဧပြီ ၁၁**

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် နှစ်သစ်ကူးရုံးပိတ်ရက်ကာလ၌ စစ်တွေမြို့ ပွိုင့်ကမ်းခြေနှင့် ဟိုတယ်ကမ်းခြေတို့တွင် အပန်းဖြေအနားယူသူများဖြင့် စည်ကားနေသည်ကို တွေ့ရသည်။ **(အပေါ်ပုံ)**

စစ်တွေမြို့၌ တနင်္ဂနွေနေ့များတွင် စစ်တွေမြို့ပွိုင့်ကမ်းခြေနှင့် စစ်တွေ ဟိုတယ်ကမ်းခြေတို့တွင် ပုံမှန်အားဖြင့် အပန်းဖြေကြသူများရှိသော်လည်း ယခုကဲ့သို့ နှစ်သစ်ကူးရုံးပိတ်ရက်များမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ခရီးသွားပြည်သူများ၊ စစ်တွေမြို့ပေါ် ရပ်ကွက်များနှင့် စစ်တွေမြို့နယ် ကျေးရွာများမှ မိသားစုများ၊ သူငယ်ချင်းမိတ်ဆွေများသည် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များဖြင့် လာရောက်ရေကစား အပန်းဖြေလျက်ရှိသည်ကို တွေ့ရသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐

### ဒွိစက္ခုအမြင်နှင့် ပြီးပြည့်စုံသော စဉ်းစားတွေးခေါ်မှု

ဆောင်းပါး စာ - ၂၀

### အင်းသားတို့အမွေ၊ မြန်မာ့အမွေ ထိန်းသိမ်းကြပါစို့လေ

ဆောင်းပါး စာ - ၂၁





### သင်္ကြန်အကြိုကာလ ဘုရားနှင့် ကမ်းခြေများ၌ လာရောက်ဖူးမြော် လည်ပတ်သူများ စည်ကားလျက်ရှိ

ပြည်တွင်းသတင်း စာ - ၂၃

မြန်မာ့အလင်း

# ကောင်းမှုကုသိုလ်ဖြင့် ဖြတ်သန်းရမည့် နှစ်သစ်မင်္ဂလာအခါသမယ

မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်မှ ၁၃၈၄ ခုနှစ်သို့ ကူးပြောင်းသည့် အခါသမယ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲ ဆင်ယင်နွှဲကြရန် ပြင်ဆင်နေကြပြီဖြစ်သည်။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုကို အကြောင်းပြု၍ လွန်ခဲ့သည့်နှစ်နှစ်တာ ကာလအတွင်း သင်္ကြန်ပွဲတော်နှစ်ခုကို မကျင်းပနိုင်ဘဲ ကျော်လွှားခဲ့ကြရသည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါကူးစက်မှု အရှိန်မှာလည်း လျော့ကျလာခဲ့ရာ ဓာတ်ခွဲစစ်ဆေးတွေ့ရှိမှုများအရ နေ့စဉ်ကူးစက်မှု ရာခိုင်နှုန်းမှာ တစ်ရာခိုင်နှုန်းအောက်သို့ ရောက်ရှိနေခဲ့ပြီဖြစ်သည့်အလျောက် တစ်နှစ်တစ်ခါ ကျရောက်လာသည့် ရိုးရာသင်္ကြန်ပွဲကို ဆင်နွှဲရန် ပြင်ဆင်လာကြခြင်းလည်း ဖြစ်သည်။

မိမိတို့ ဖြတ်သန်းခဲ့ရသည့် တစ်နှစ်တာကာလအတွင်း ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့် ပြည်တွင်းပြည်ပ အကြမ်းဖက်အဖျက်အမှောင့်ဟူသော အကြောင်းတရားနှစ်ရပ်ကို အရင်းခံ၍ ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ခဲ့ကြရသည်။ လူစုလူဝေး မပြုလုပ်ရခြင်း၊ ရှောင်ရှားရခြင်း၊ သွားလာမှုများကို ကန့်သတ်ရခြင်း စသည်တို့အပါအဝင် အတားအဆီးအကန့်အသတ်များ၊ အနှောင့်အယှက်အဟန့်အတားများနှင့် ခြိမ်းခြောက်မှုများ စသည်တို့က ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်ဖောက်ကားမှုတို့ကို ထိခိုက်စေခဲ့ပြီး စီးပွားရေး တုံ့ဆိုင်းလေးကန်ခဲ့သည်။ ဤမှုမက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ နိုင်ငံရေးကဏ္ဍများ စသည်ဖြင့် အဘက်ဘက်တွင် ရုန်းကန်ခဲ့ကြရသည်။

နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ကူးပြောင်းရာတွင်မူ မကောင်းမှုဟူသမျှ နှစ်ဟောင်းနှင့်အတူ ကျန်ရစ်စေကာ နှစ်သစ်နှင့်အတူ အကောင်း၊ အမွန်၊ အမြတ် မင်္ဂလာတရားတို့သာ ကြုံဆုံနိုင်ပါစေကြောင်း မျှော်လင့်ဆုတောင်းကာ တာသင်္ကြန်ခါသမယကို အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲဖြတ်သန်းကြရမည်ဖြစ်သည်။ ကာယကံဒုစရိုက်သုံးပါး၊ ဝစီကံ ဒုစရိုက် လေးပါး၊ မနောကံ ဒုစရိုက် သုံးပါးတို့ကို ရှောင်ကြဉ်ကာ ပေးကမ်းလှူဒါန်းခြင်း၊ သီလစောင့်ထိန်းခြင်း၊ တရားဘာဝနာစီးဖြန်းခြင်း၊ ရိုသေထိုက်သူကို ရိုသေခြင်း၊ သူတစ်ပါးကုသိုလ်အမှုကိစ္စ၌ ကူညီခြင်း၊ အမျှဝေခြင်း၊ အမျှယူ သာဓုခေါ်ခြင်း၊ တရားနာယူခြင်း၊ တရားဟောခြင်း၊ အယူဖြောင့်ခြင်း ဟူသော ပုညကြိယာ ၁၀ ပါးတို့ကို စောင့်ထိန်းကြရမည့် အချိန်အခါပင်ဖြစ်သည်။ နှစ်ဦးအချိန်အခါကို ကောင်းမှုကုသိုလ်များနှင့်အတူ ဖြတ်သန်းခြင်းက လာမည့်နှစ်သစ်အတွင်း ကောင်းခြင်းမင်္ဂလာတို့ ဆောင်ကြဉ်းလာနိုင်မည်ဟူ၍လည်း ယုံကြည်အပ်သည်။

သင်္ကြန်ကာလပြီးဆုံး၍ နှစ်သစ်သို့ ရောက်သည့်အခါ လူတိုင်းကိုယ်စီ မိမိတို့ကျရာနေရာမှ ရှေ့ခရီးသို့ ဆက်ကြရမည်။ နိုင်ငံတော်အနေဖြင့်မူ အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ခုဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံပေါများရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ တိုင်းသူပြည်သားအားလုံးဘဝ၌ လုံခြုံပျော်ရွှင်စွာဖြင့် အလုပ်လုပ်ကိုင်နိုင်ရေး၊ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးနှင့် လိုအပ်ချက်များကို တတ်နိုင်သမျှ ပြည့်စုံစေရေး ဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။ စားရေရိက္ခာဖူလုံပေါများရေးအတွက် စိုက်ပျိုးမွေးမြူ ကုန်ထုတ်လုပ်မှုများ မြင့်မားတိုးတက်စေပြီး စားနပ်ရိက္ခာဖူလုံစေခြင်းဖြင့် ပြည်သူများ အာဟာရပြည့်ဝစွာ စားသောက်နိုင်စေရန်လည်း ဆောင်ရွက်သွားရမည်ဖြစ်ရာ အထက်ပါ အမျိုးသားရေးလုပ်ငန်းစဉ် နှစ်ရပ်အောင်မြင်ရန်မှာ နိုင်ငံတော်အစိုးရ၏ စီမံခန့်ခွဲမှု၊ အထောက်အကူပြု အားပေးကူညီမှုများဖြင့် ပြည်သူလူထုအားကို ရယူဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ပြည်သူ့အားသာ အခရာဟု ဆိုနိုင်သည်။

မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်း ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာစွာဖြင့် မြန်မာနှစ်ကူးအခါသမယ အတာသင်္ကြန်ပွဲကို ပျော်ရွှင်ချမ်းမြေ့စွာ ဆင်နွှဲနိုင်ကြပါစေဟု မေတ္တာရေလောင်းကာ ဆုတောင်းပတ္ထနာ ပြုအပ်ပါကြောင်း။ ။



# မြန်မာ့ ရွှေသင်္ကြန်



❖ အုန်းလက်ကလေးနဲ့ မဏ္ဍပ်ထိုးလို့
ရိုးရာမပျက် ရေပက်ဟန် မြန်မာ့ရွှေသင်္ကြန်။
ဆွေရင်းအမှန် သဒ္ဓါတွေပွားလို့
အတာငွေဖလားနဲ့ ရေလောင်းဟန် မြန်မာ့ရွှေသင်္ကြန်။

❖ ပျို့မိဘထံ ခွင့်ပန်တောင်းလို့
သင်္ကြန်ရေလောင်းရ ယခင်ရှေးဟန် မြန်မာ့ရွှေသင်္ကြန်။
နံ့သာမွှေးရည် သပြေခက်နဲ့
ရေပက်ကြတဲ့ ယဉ်ကျေးဟန် မြန်မာ့ရွှေသင်္ကြန်။

❖ အခုခေတ်မှာ ရေစက်မောင်းလို့
ရေပိုက်ခေါင်းနဲ့ ရေပက်ပြန် မြန်မာ့ရွှေသင်္ကြန်။
ခေတ်နဲ့အညီ မသွေလိုက်ပြောင်းလို့
ရွှေစရိုက်ကောင်းတို့ အရွက်မဖုံးရန် မြန်မာ့ရွှေသင်္ကြန်။

❖ သင်္ကြန်အခါ ပျော်စရာအခင်းမို့
ဖော်သဟာတစ်သင်းတို့ စိတ်ရင်းမှန် မြန်မာ့ရွှေသင်္ကြန်။
ဘယ်သောအခါ ပြိုငြင်ဘူးရှင့်
ဖြူစင်မြူးဝင့် မောင်နှမအမှန် မြန်မာ့ရွှေသင်္ကြန်။

❖ သင်္ကြန်အကြိုအခါ အတာမြေအိုးနဲ့
မြန်မာတွေထိုးကြ ဓလေ့ရင်းအမှန် မြန်မာ့ရွှေသင်္ကြန်။
၇-နေ့၊ ၈ နံ ရှင်သန်အညွန့်တို့
တင်ရန်အထွတ်မို့ အိမ်ဦးယံ မြန်မာ့ရွှေသင်္ကြန်။

❖ ဘုရားကျောင်းကန် သီတင်းသီလနဲ့
ဘာဝနာ အရင်းသ ပုညအမှန် မြန်မာ့ရွှေသင်္ကြန်။
စတုဒိသာ ဒါနပေးလို့
လာသမျှကျွေးတဲ့ စေ-သုံးတန် မြန်မာ့ရွှေသင်္ကြန်။

❖ ဆူရေပေါ်တက် ထန်းလျက်မုန့်လုံးကို
အုန်းသီးဖုံးလို့ တည်ခင်းပြန် မြန်မာ့ရွှေသင်္ကြန်။
ထန်းလျက်အယောင်ဆောင် ငရုတ်စိမ်းကြောင့်
ရှိန်းဖိန်းရှူးရှဲ ရယ်ပွဲသန် မြန်မာ့ရွှေသင်္ကြန်။

❖ ပိတောက်ဝါ ဝင်းဝေ အလှတွေထူးတဲ့
လနွေတန်ခူးရဲ့ ရှုခင်းသဏ္ဌာန် မြန်မာ့ရွှေသင်္ကြန်။
ငုဝါထိန်ဖွေး ကံ့ကော်မွှေးနဲ့
အေးအေးနွေးတဲ့ လေညင်းတမန် မြန်မာ့ရွှေသင်္ကြန်။

❖ သင်္ကြန်သံစဉ် အမှန်ရင့်ကျူးကြ
ဈာန်ဝင်မြူးကြွ ကဗျာ့သီချင်းသံ မြန်မာ့ရွှေသင်္ကြန်။
သင်္ကြန်ဒိုးသံ မိုးယံ တူးပို့
ကခုန်မြူးလို့ ပျော်ခြင်းအမှန် မြန်မာ့ရွှေသင်္ကြန်။

❖ နှစ်သစ်ပြောင်းအခါ အတာရေအေးနဲ့
ဘယာတွေဆေးတဲ့ ရေအရင်းခံ မြန်မာ့ရွှေသင်္ကြန်။
နှစ်ဟောင်းကျော်ကာ စဉ်သန့်ရှင်းကြ
သင်္ကြန်တွင်းအစ ဘယရှင်းရန် မြန်မာ့ရွှေသင်္ကြန်။

● ပျော်ကြ သဟာဆွေ – မွေးလှ နံ့သာရည်
ဘေးမခ ဘယာသွေ – အေးမြပါစေ။ ။

● ကောင်းခြင်း ဖြာဝေ – လောင်းခြင်း အတာရေ
ဘေးမခ မြန်မာပြည် – အေးမြပါစေ။ ။

ပုသိမ် – ဘုန်းမြင့်ကျော်

## မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ရေသဘင်ပွဲတော် ကျင်းပမှုများ MRTV မှ တိုက်ရိုက် (Live) ထုတ်လွှင့်တင်ဆက်မည်

**နေပြည်တော် ဧပြီ ၁၂**

မြန်မာနိုင်ငံတစ်ဝန်းတွင် ၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကျင်းပပုံများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV -HD မှ ရိုက်ကူးတင်ဆက်သွားမည်ဖြစ်ရာ ထိုသို့တင်ဆက်မှုများအနက်မှ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တော်ဝန်မဏ္ဍပ်များ၏ ဖွင့်ပွဲအခမ်းအနားများ အပါအဝင် ဖျော်ဖြေတင်ဆက်မှုများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ သီးသန့် Channel များဖြင့် တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သည်။

ထိုကဲ့သို့ထုတ်လွှင့်ရာတွင် သင်္ကြန်အကြိုနေ့ဖြစ်သော ဧပြီလ ၁၃ ရက်နေ့၌ နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲနှင့် ဖျော်ဖြေတင်ဆက်မှုများကို MRTV Farmer’s Channel မှ ညနေ ၄ နာရီခွဲတွင် လည်းကောင်း၊ ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲနှင့် ဖျော်ဖြေတင်ဆက်မှုများကို MRTV Sports Channel မှ နံနက် ၇ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ မန္တလေးမြို့ ရတနာပုံဥယျာဉ်ဖွင့်ပွဲအခမ်းအနားကို နံနက် ၇ နာရီခွဲမှ နံနက် ၁၀ နာရီအထိ လည်းကောင်း၊ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲနှင့် ဖျော်ဖြေတင်ဆက်မှုများကို ညနေ ၄ နာရီတွင် MRTV Hluttaw Channel မှ လည်းကောင်း စတင်ထုတ်လွှင့်သွားမည်ဖြစ်ပြီး သင်္ကြန်အကျနေ့ ဧပြီ ၁၄ ရက်၊ သင်္ကြန်အကြတ်နေ့ ဧပြီ ၁၅ ရက်နှင့် သင်္ကြန် အတက်နေ့ ဧပြီ ၁၆ ရက်နေ့တို့တွင် နေ့စဉ် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီနှင့် မွန်းလွဲ ၃ နာရီမှ ညနေ ၆ နာရီ / ည ၉ နာရီခွဲအထိ လည်းကောင်း ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်သည်။

သတင်းစဉ်

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင် ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

# နှစ်သစ်ဦး မဟာသင်္ကြန်အကြို ပျော်ပွဲရွှင်ပွဲကျင်းပ



နေပြည်တော် ဧပြီ ၁၁

မြန်မာတို့၏ ၁၂ လရာသီပွဲတော်များတွင် အဦးဆုံးဖြစ်သော သင်္ကြန်ပွဲတော်ကို ကြိုဆိုသောအားဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းများ၏ မဟာသင်္ကြန်အကြို ပျော်ပွဲရွှင်ပွဲကို ဧပြီ ၈ ရက် နံနက်ပိုင်းက နေပြည်တော်၌ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များမှ နိုင်ငံ့ဝန်ထမ်းများက တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြသည်။

တစ်နှစ်တာကာလအတွင်း နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့သည့် ပင်ပန်းနွမ်းနယ်မှုများ ပပျောက်ကြစေရန်၊ နှစ်သစ်တွင် တက်ကြွပျော်ရွှင်စွာ နိုင်ငံ့အကျိုး ဆတက်ထမ်းပိုး စွမ်းဆောင်နိုင်ကြစေရန် ရည်ရွယ်ကျင်းပသည့် မဟာသင်္ကြန်အကြို ပျော်ပွဲရွှင်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် အရာထမ်း အမှုထမ်းများ ပါဝင်ဆင်နွှဲခဲ့ကြပြီး ဌာနများအလိုက် ဧည့်ခံကျွေးမွေးကြသည့် မြန်မာ့ရိုးရာ စားသောက်ဖွယ်ရာများကို ပျော်ရွှင်စွာ သုံးဆောင်ကြရာ ဦးစီးဌာနများ၊ တက္ကသိုလ်များ၏ ကိုယ်စားပြုအဖွဲ့များက အကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

အခမ်းအနားတွင် အတာရေများ အပြန်အလှန်ပက်ဖျန်းကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဦးစီးဌာနများ၊ တက္ကသိုလ်များ၏ ကိုယ်စားပြု အကအဖွဲ့များအား အမှတ်တရဆုများ ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူများ လျှပ်စစ်ဓာတ်အား အမြန်ဆုံးရရှိသုံးစွဲနိုင်စေရေး အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း ဆောလျင်စွာပြီးစီးရေး ဆောင်ရွက်

နေပြည်တော် ဧပြီ ၁၁

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးသည် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှမိုး၊ ရှမ်းပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်နှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) ကျိုင်းတောင်းမြို့၏ အနောက်တောင်ဘက် ၁၄ မိုင်ခန့်အကွာ နမ့်တိန်ချောင်းပေါ်တွင် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ် (၅) တည်ဆောက်ရေးမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းကို စစ်ဆေးသည်။**






ရေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား စီမံကိန်းရှင်းလင်းဆောင်တွင် အမှတ်(၅) တည်ဆောက်ရေးညွှန်ကြားရေးမှူး ဦးတိုးလွင်က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်း၏ အဓိကလုပ်ငန်းကြီးများဖြစ်သည့် ရေလွှဲရေထုတ်ပြွန်၊ ပင်မတမံ၊ ပင်မရေပိုလွှဲ၊ ရေယူအဆောက်အအုံ၊ ရေသွယ်ဥမင်လိုဏ်၊ ရေထိန်းတံခါးပြွန်၊ ဖိအားမြင့်သံမဏိပိုက်လိုင်းနှင့် ဓာတ်အားပေး စက်ရုံလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကိုလည်းကောင်း၊ တည်ဆောက်ပြီးဖြစ်သည့် ကျိုင်းတောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အား ၅၄ မဂ္ဂါဝပ် ထုတ်လုပ်နေမှုကိုလည်းကောင်း ရှင်းလင်းတင်ပြရာ အမြဲတမ်းအတွင်းဝန် ဦးသန်းနိုင်ဦးနှင့် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟိန်းထက်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

### လျှပ်စစ်သုံးစွဲနိုင်ရေး

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လက်ရှိအချိန် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ဓာတ်အားထုတ်လုပ်မှု လျော့နည်း၍ ပြည်သူလူထုမှ အချိန်ပိုင်းအလိုက် ဝန်အားထိန်းညှိဆောင်ရွက်ပေးနေရသည့် အခက်အခဲများ လက်တွေ့ခံစားနေရသဖြင့် မိမိတို့ဆောင်ရွက်ချက်များအပေါ် ပြည်သူလူထုက နားလည်သဘောပေါက်၍ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရေး စည်းရုံးပြောဆိုကြရန် လိုအပ်ကြောင်း၊ ထို့ပြင် ဓာတ်အားရောင်းချမှုမှရရှိသည့် ဓာတ်အားခဝင်ငွေများအပါအဝင် နိုင်ငံတော်မှ ခွင့်ပြုရရှိသည့် ဘဏ္ဍာငွေအပေါ် စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ပြည်သူများ လျှပ်စစ်ဓာတ်အားကို အမြန်ဆုံးရရှိ သုံးစွဲနိုင်စေရေးအတွက် စီမံကိန်းကို ဆောလျင်စွာ ပြီးစီးရေး အားသွန်ခွန်စိုက် ဆောင်ရွက်သွားရန်နှင့် စီမံကိန်းပြီးစီးပါကလည်း ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိသွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စီမံကိန်းလုပ်ငန်းခွင်အတွင်း ပင်မတမံတည်ဆောက်ပြီးစီးနေမှု၊ ပင်မရေပိုလွှဲလုပ်ငန်းတည်ဆောက်မှု၊ ရေယူအဆောက်အအုံ ကျောက်သားနံရံခိုင်ခံ့မှု လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ရေထိန်းတံခါးပြွန် တည်ဆောက်ပြီးစီးနေမှု၊ ရေသွယ်ဥမင်လိုဏ်၊ ရေထိန်းတံခါးပြွန်နှင့် ဖိအားမြင့်သံမဏိပိုက်လိုင်း Structure ကွန်ကရစ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုနှင့် ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### ဒေသအကျိုးပြုစီမံကိန်း

အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း၏ ပင်မရေလှောင်တမံမှာ အလျား ပေ ၁၈၀၀၊ အမြင့် ပေ ၂၃၀ ရှိ ဇုန်အမျိုးအစား ကျောက်ဖြည့်တမံဖြစ်ပြီး ကန်ရေပြည့် ရေသိုလှောင်ပမာဏမှာ ဧကပေ ၁၀၄၀၀၀ ရှိကာ စက်တပ်ဆင်အင်အား ၁၇ မဂ္ဂါဝပ်ရှိ စက်သုံးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၅၁ မဂ္ဂါဝပ်မှ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း ၂၆၇ သန်း ထုတ်လုပ်ပေးနိုင်မည့် ဒေသအကျိုးပြု စီမံကိန်းတစ်ခုဖြစ်ပြီး ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၇၁ ဒသမ ၆၃ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီ ဖြစ်သည်။

အဆိုပါအထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများနှင့် လက်ရှိကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားများကို ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းဖြင့် နမ့်စန်ပင်မဓာတ်အားခွဲရုံသို့ ချိတ်ဆက်ပို့လွှတ်၍ နိုင်ငံတော်ဓာတ်အားစနစ်မှ ဖြန့်ဖြူးပေးနိုင်ရန်အတွက် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❒ *ရွှေဖုံးမှ*

“ကျွန်တော်တို့က ဝန်ထမ်းတွေဆိုတော့ အခုလိုရုံးပိတ်ရက်လေးမှာ မိသားစုနဲ့ အပန်းဖြေပြီး ရေကစားဖို့လာကြတာပါ။ စစ်တွေဟိုတယ်ကမ်းခြေက သာယာအေးချမ်းပြီး ရေကစားအနားယူလို့ အလွန်ကောင်းတဲ့ ကမ်းခြေတစ်ခုဖြစ်ပါတယ်။ မိသားစုမှာ ကလေးတွေကလည်း ငယ်သေးတော့ တခြားမြို့တွေကိုလည်း လည်ပတ်သွားလာဖို့ အဆင်မပြေဘူး။ ဒါကြောင့် ကမ်းခြေကို ဆင်းလာတာ ဖြစ်ပါတယ်။ ရုံးပိတ်ရက်လေးတွေမှာ မိသားစုကို အချိန်ပေးလို့ရတာပေါ့။ ကမ်းခြေက သာယာတော့ ကလေးတွေလည်း ပျော်ပျော်ပါးပါး ကစားလို့ရသလို လူကြီးတွေလည်း အနားယူအပန်းဖြေလို့ရတာပေါ့။ အခုလိုမျိုး သာယာလှပတဲ့ စစ်တွေမြို့ ပွိုင့်ကမ်းခြေကို လာရောက်လည်ပတ်ကြဖို့လည်း အနယ်နယ်အရပ်ရပ်က သူငယ်ချင်းတွေကိုလည်း ရုံးပိတ်ရက်မှာ လာရောက် လည်ပတ်ကြဖို့ ဖိတ်ခေါ်ပါတယ်” ဟု စစ်တွေမြို့ မကျည်းမြိုင်ရပ်ကွက်က ဦးဟန်ဝင်းအောင်က ပြောသည်။

နှစ်သစ်ကူး ရုံးပိတ်ရက်နှင့် သင်္ကြန်ကာလများတွင် ဘုရား၊ ကျောင်းကန် သွားကြသူများ၊ ရဟန်းခံ၊ ရှင်ပြုအလှူလုပ်ကြသူများရှိသကဲ့သို့ ဝမ်းရေးအတွက် စီးပွားရှာကြသူများ၊ သင်္ကြန်ရေပက် ကစားကြသူများလည်း ရှိသည်။ ထို့အပြင် မိသားစုဝင်များ၊ သူငယ်ချင်းမိတ်ဆွေများနှင့်အတူ စစ်တွေမြို့ ပွိုင့်ကမ်းခြေနှင့် ဟိုတယ်ကမ်းခြေတွင် ပျော်ရွှင်စွာ အနားယူ အပန်းဖြေလျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် မုံရွာမြို့ အလုံရပ်ကွက်ရှိ လေးတောင်ပြင်ကျောင်းတိုက်နှင့် ဒက္ခိဏာရုံကျောင်းတိုက်ရှိ ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထု၊ ဆွမ်းဆန်တော်၊ ဆီ၊ ဆားများနှင့် စေတီတော်တည်ထားရန် အလှူငွေ ဆက်ကပ်လှူဒါန်း

မုံရွာ ဧပြီ ၁၁

**စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းက မုံရွာမြို့ အလုံရပ်ကွက်ရှိလေးတောင်ပြင်ကျောင်းတိုက်နှင့် ဒက္ခိဏာရုံကျောင်းတိုက်ရှိ ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုနှင့် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် စားသောက်ဖွယ်ရာများကို ဆက်ကပ်လှူဒါန်းကြပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကြသည်။**

အဆိုပါ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အလုံရပ်ကွက်ရှိ လေးတောင်ပြင်ကျောင်းတိုက် ဓမ္မာရုံတော်တွင် သရက်ပင်ကျောင်းတိုက်၊ ကောင်းမှုတော်ကျောင်းတိုက်၊ မြို့ဦးရာကျော်ကျောင်း၊ မသာသရဏဂုံကျောင်းတိုက်များရှိ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်း ကွမ်း အခက်အခဲမဖြစ်စေရေး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထု၊ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် စားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒက္ခိဏာရုံကျောင်းတိုက် ဓမ္မာရုံတော်သို့ ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး တာဝန်ရှိသူများနှင့်အတူ စံကျောင်းကျောင်းတိုက်၊ မြို့မရပ်စုံကျောင်း၊ မူလအုတ်ကျောင်းကျောင်းတိုက်၊ ကျောင်းကြီးကျောင်းတိုက်များရှိ ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထု၊ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် စားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ဒက္ခိဏာရုံကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်နေသည့် အေးစေတီရှစ်မျက်နှာ စေတီတော်အတွက် အလှူငွေကျပ် ၁၀ သိန်းကို ဒက္ခိဏာရုံကျောင်းတိုက် ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းပြီး စေတီတော်ကြီး တည်ထားနေမှုအား လိုက်လံကြည့်ရှုဖူးမြော်ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အကြိမ်(၄၀)မြောက် ရာမညနိကာယ ပရိယတ္တိစာမေးပွဲ စာအောင်သံဃာတော်များအား အောင်လက်မှတ် ဆက်ကပ်ပူဇော်ပွဲ ကျင်းပ

**မော်လမြိုင် ဧပြီ ၁၁**

မွန်ပြည်နယ် မော်လမြိုင်မြို့ တောင်ပေါ်တန်း သာသနာ ၂၅၀၀ ကျောင်းတိုက်၌ ပြုလုပ်သော ၁၃၈၃ ခုနှစ် အကြိမ် (၄၀)မြောက် မွန်ဒေသလုံးဆိုင်ရာ ရာမည ဓမ္မာစရိယအဖွဲ့က ကြီးမှူးကျင်းပသော ရာမညနိကာယ ပရိယတ္တိစာမေးပွဲ စာအောင် သံဃာတော်များအား



အောင်လက်မှတ် ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၀ ရက်က သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်သည်။

ရှေးဦးစွာ ဆရာတော် သံဃာတော်များနှင့် ဧည့်ပရိသတ် အပေါင်းတို့က အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ဩဝါဒစရိယ ကွမ်လှာလောကသုခကျောင်းဆရာတော်၊ ရာမည ဓမ္မာစရိယစာမေးပွဲ ဥက္ကဋ္ဌ ရေးမြို့နယ် အာပေါကျောင်းကြီး ဆရာတော် ဘဒ္ဒန္တဝဏ္ဏသာရနှင့် ဒုတိယဥက္ကဋ္ဌ မော်လမြိုင်ဈေးကြို ပရိယတ္တိဝေဒီကျောင်း ဆရာတော် ဘဒ္ဒန္တပါလရာမညတို့က ဩဝါဒ စကား မြွက်ကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာ ကိစ္စရပ်များ လျှောက်ထားပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် ရာမညနိကာယ ပရိယတ္တိစာမေးပွဲအတွက် အလှူငွေကျပ် ၁၀ သိန်း ဆက်ကပ်လှူဒါန်းသည်။ (ဓါတ်ပုံ) ဆက်လက်ပြီး စာအောင် သံဃာတော်များအား ရာမည ဓမ္မာစရိယစာမေးပွဲ ဥက္ကဋ္ဌ ဆရာတော်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က စာအောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည်။

၁၃၈၃ ခုနှစ် အကြိမ် (၄၀) မြောက် မွန်ဒေသလုံးဆိုင်ရာ ရာမညဓမ္မာစရိယအဖွဲ့က ကြီးမှူးကျင်းပသော ရာမညနိကာယ ပရိယတ္တိစာမေးပွဲကြီးကို ပါဠိပါရဂူ၊ သိရိပဝရ၊ ဓမ္မာစရိယ၊ ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်း၊ မူလတန်း၊ အတန်းခုနစ်တန်းကို တပေါင်းလဆန်း ၁ ရက်မှ ၃ ရက်အထိ စာဖြေ သံဃာတော် ၂၁၀၀ ကျော် ဝင်ရောက်ဖြေဆိုပြီး စာအောင် သံဃာတော် ၆၂၁ ပါး ရှိကြောင်း သိရသည်။

**ခင်စန်းမြင့်**
**(ပြန်/ဆက်)**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဧပြီ ၁၁**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ မဟာသုမေဓာရာမတောရကျောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အောင်သပြေ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ရွာကြီးကျေးရွာ ရွှေရင်မြော်ဘုရားဘုန်းတော်ကြီးကျောင်း၊ မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် တောစိမ့်ကျေးရွာ မင်္ဂလာတောရဘုန်းတော်ကြီးကျောင်းတို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြပြီး ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

# မုဒုံမြို့၌ နွေရာသီ အခြေခံအားကစားသင်တန်းဆင်းပွဲ ကျင်းပ

**မုဒုံ ဧပြီ ၁၁**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ နွေရာသီအခြေခံအားကစား သင်တန်းဆင်းပွဲကို ဧပြီ ၁၀ ရက်က မြို့နယ် မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်(အား/ကာ)မှူး ဒေါ်နွယ်နီစံက လူငယ်လူရွယ်များကို နိုင်ငံ့သားကောင်းများဖြစ်လာစေရန်၊ နိုင်ငံတော် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ကျောင်းသားလူငယ်များအနေဖြင့် ကျန်းမာကြံ့ခိုင်ပြီး နိုင်ငံတော်၏ ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်နိုင်မည့် လူငယ်မျိုးဆက်သစ် အားကစားမောင်မယ်များ ပေါ်ထွက်လာစေရန်နှင့် ထူးချွန်ထက်မြက်သော အားကစားလူရည်ချွန် မျိုးဆက်သစ်များ ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ သင်တန်းသား သင်တန်းသူများနှင့် သင်တန်းနည်းပြများအား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းအောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်မြဝင်းနှင့် မြို့နယ်(ပြန်/ဆက်) ဦးစီးမှူး ဒေါ်မိုးမိုးစန္ဒာထွန်းတို့က သင်တန်းဆင်းလက်မှတ်နှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး မြန်မာ့သိုင်းနှင့် Fitness Dance ဖြင့် သရုပ်ပြခဲ့ကြောင်း၊ အဆိုပါ နွေရာသီအားကစားသင်တန်းကို ရိုးရာခြင်းလုံး၊ မြန်မာ့သိုင်း၊ ဘတ်စကက်ဘော၊ အေရိုးဗစ်၊ Fitness Dance အားကစားနည်းများကို မတ် ၂၄ ရက်မှ ဧပြီ ၁၀ရက်အထိ ဖွင့်လှစ်ပေးကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

**ဘုံပိုင်ခေါင်းကို မသုံးဘဲဖွင့်ထားခြင်း မပြုပါနှင့်**

## ရတနာစည်ဆရာတော် (လွိုင်လင်)၏ အန္တိမအဂ္ဂိစျာပနကျင်းပရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်



**လွိုင်လင် ဧပြီ ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့ တပ်ဦးရတနာစည်စာသင်တိုက်၏ ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလာနန္ဒ (နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်)သည် ဧပြီ ၁၀ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားရာ ဆရာတော်၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်အား အန္တိမအဂ္ဂိစျာပန အခမ်းအနားအောင်မြင်စွာ ကျင်းနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရတနာစည် စာသင်တိုက်ရှိ ဘာဝနာဆောင်၌ ပြုလုပ်သည်။

ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပန အခမ်းအနားသဘင် ဆင်ယင်ကျင်းပနိုင်ရေး အစည်းအဝေးသို့ လွိုင်လင်မြို့ ခတ်တော်ကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တ ပညာနန္ဒ (နိုင်ငံတော်သြဝါဒါစရိယ)၊ လွိုင်လင်-ပင်လုံရှိ ကျောင်းတိုက်များမှ ကျောင်းထိုင် ဆရာတော်များ၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တပ်ဦးရတနာစည်စာသင်တိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တသီလာနန္ဒ၏ အန္တိမအဂ္ဂိစျာပနအခမ်းအနားကို ဧပြီ ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လွိုင်လင်မြို့ ခတ်တော်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာ ပညာနန္ဒထံ အန္တိမအဂ္ဂိစျာပန အခမ်းအနားအတွက် အစီအစဉ်များကို လျှောက်ထား၍ အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**လွိုင်လင်မိုး**

## သီပေါ၌ မဟာသင်္ကြန်ကာလအတွင်း မိုးကုတ်ဝိပဿနာ အလုပ်ပေးတရားစခန်းဖွင့်

**သီပေါ ဧပြီ ၁၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်တွင် မဟာသင်္ကြန်ကာလအတွင်း ဝိပဿနာအထူးအလုပ်ပေး ၈ ရက် တရားစခန်းကို ယနေ့နံနက်ပိုင်းက ရွှေကျောင်း ပဋ္ဌိပတ္တိသာသနာ့ရိပ်သာ၌ ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

အဆိုပါ ဝိပဿနာ အလုပ်ပေးတရားစခန်းကို အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းသန်းပွင့် (ပွင့်သစ္စာ)က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿရကိုခံယူ၍ တရားပြသမှုနှင့်အတူ (၈၈) ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး သာသနာ့ဝန်ထမ်းများ၊ သာသနာ့နွယ်ဝင်သီလရှင် ဆရာလေးများ၊ ရပ်ကွက်ပြည်သူများနှင့် ကျောင်းသားကျောင်းသူ လူငယ်မောင်မယ် ယောဂီ ၁၅၀ ကျော်ခန့် တရားစခန်း ဝင်ရောက်ကြသည်။

တရားစခန်းဝင် ယောဂီများအတွက် အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် ဘောဇဉ်များ ကုသိုလ်ပြုလှူဒါန်းလိုပါက တရားစခန်းအကျိုးဆောင် ဦးစိုင်းဇော်ဝင်း ဖုန်း၀၉-၅၂၇၈၂၆၈ နှင့် ဒေါ်နန်းရွှေကြည် (နန်းဒေဝီကဖေး)သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## နွားထိုးကြီး အလယ်ကျောင်းတိုက် (၃၃) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းပွဲကျင်းပ

**နွားထိုးကြီး ဧပြီ ၁၁**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီး အမှတ်(၂)ရပ်ကွက်ရှိ အလယ်ကျောင်း ပရိယတ္တိစာသင်တိုက်၏ (၃၃) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းပွဲကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ခုနစ်ရက်တိုင်တိုင် ကျင်းပရန် ယနေ့ဖွင့်ပွဲကျင်းပသည်။

သီရိအောင်လှိုင်ခန်းမ၌ ဗဟိုဝန်ဆောင်ချိုင်းနားကျောင်း ဆရာတော် ဦးဆောင်သော ဆရာတော်များ၊ ပင့်သံဃာများ၊ အလှူရှင် တပည့်ဒါယကာများ တက်ရောက်ကြပြီး ဘာဏကဆရာတော် ၂၄ ပါးက ခုနစ်ရက်တိုင် အသံမစဲမဟာပဋ္ဌာန်းတော်ကို ရွတ်ဖတ်ကြမည်ဖြစ်သည်။

ယနေ့မှ ခုနစ်ရက်တိုင် အရုဏ်ဆွမ်း၊ နေ့ဆွမ်းကို မြို့ပေါ် ရှစ်ရပ်ကွက်မှ အလှူရှင်များက ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စများကို အလှည့်ကျပါဝင်ကုသိုလ်ပြုကြကြောင်း သိရသည်။

**ဌေးမြင့်မောင်**



ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ဧပြီ ၉ ရက်က ဗဟန်းမြို့နယ် မြို့မရပ်ကွက် (၃) လမ်းရှိ ဗိုလ်ချုပ်အောင်ဆန်းဈေး ဂမ္ဘာရုံတွင် မြို့မရပ်ကွက်၊ ကြားတောရရပ်ကွက်နှင့် ရွှေနံ့သာရပ်ကွက်ပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

**အာကာစိုး**


## ရေကြောင်းသတိပေးချက်ထုတ်ပြန်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO INTERNATIONAL Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ် (A-1)ရေပြင်ဧရိယာတွင် SHWE Phase 2 Development Project အရ Offshore Installation Activities လုပ်ငန်းများအား MMA VIGILANT ရေယာဉ်ဖြင့် ဆောင်ရွက်မည့် ဧရိယာ အကျယ်အဝန်း Coordinate များဖြစ်သော Point-A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၁ မိနစ် ၄၁.၁၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၄ မိနစ် ၀၄.၃၄၀ စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၁ မိနစ် ၄၂.၇၅၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၂၇.၂၀၂ စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၉ မိနစ် ၅၂.၇၆၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၂၉.၁၅၉ စက္ကန့်နှင့် Point-D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၉ မိနစ် ၅၁.၁၃၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၄ မိနစ် ၀၆.၉၈၈ စက္ကန့်တို့အတွင်းတွင် ၂၀၂၂ ခုနှစ် ဧပြီ ၂၆ ရက် မှ ၂၀၂၂ ခုနှစ် ဇွန် ၁၈ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် (A-1) ဧရိယာတွင် SHWE Phase 2 Development Project အရ Offshore Installation Activities လုပ်ငန်းများအား MMA VIGILANT ရေယာဉ်ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**



## ရေကြောင်းသတိပေးချက်ထုတ်ပြန်

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ M-9နှင့် M-3တို့တွင် Geotechnical Site Survey(GTI) and Associated Studies ဘူမိဗေဒနည်းပညာဆိုင်ရာ ရေအောက်မြေသားနမူနာ လေ့လာတိုင်းတာခြင်းလုပ်ငန်းများအား Survey Vessel “MV. DP2 KEYFIELD HELMS" ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကို ဖော်ပြသည့် Coordinate များဖြစ်သော Point M3 ASK-12 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၅၈.၆၂ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၀ မိနစ် ၀၀.၈၃ စက္ကန့်၊ Point ZWP-16(Zawtika-25) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၂၀.၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၃ မိနစ် ၂၇.၃၈ စက္ကန့်၊ Point ZWP-17(Zawtika-29) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၀၄.၈၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် ၃၉.၇၇ စက္ကန့်၊ Point ZWP-18 (Zawtika-14) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၇ မိနစ် ၀၀.၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၆ မိနစ် ၀၅.၅၂ စက္ကန့် ၊ Point ZWP-19(Zawtika-12) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၁၇.၃၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၆ မိနစ် ၃၅.၇၉ စက္ကန့်နှင့် Point Zawtika-38 (Jacket Receiver) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၂ မိနစ် ၀၃.၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၅ မိနစ် ၃၉.၄၈ စက္ကန့်တို့အတွင်းတွင် ၂၀၂၂ ခုနှစ် ဧပြီ ၁၅ ရက်မှ ၂၀၂၂ ခုနှစ် မေ ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ M-9 နှင့် M-3 တို့တွင် Geotechnical site Survey (GTI) and Associated Studies ဘူမိဗေဒနည်းပညာဆိုင်ရာ ရေအောက်မြေသားနမူနာ လေ့လာတိုင်းတာခြင်းလုပ်ငန်းများအား Survey Vessel "MV. DP2 KEYFIELD HELMS” လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ ထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**


## နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၁၁**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ပဲခူး ရွှေမော်ဓောစေတီတော်မြတ်ကြီး (၂၆၀၄)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ

**ပဲခူး ဧပြီ ၁၁**

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး (၂၆၀၄) နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက အဆိုပါစေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ ကျောက်ပန်းတောင်း ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့များက သြဝါဒါစရိယ ဆရာတော်ထံမှ ငါးပါးသီလနှင့် သြဝါဒကထာနာယူကြပြီး ဆရာတော်များ ချီးမြှင့်သည့် ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက သြဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးတို့က ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး (၂၆၀၄)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ဝဲအောက်ပုံ)**



ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး (၂၆၀၄)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဧပြီ ၁၀ရက်မှ ၁၉ ရက်အထိစည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပြီး ဧပြီ ၁၄ ရက်နံနက်ပိုင်းတွင် အနေကဇာတင်ခြင်းနှင့် တစ်နေ့တာ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ တန်ခူးလပြည့် ဧပြီ ၁၅ရက် နံနက်ပိုင်းတွင် ဆွမ်းတော်ကြီးတင်လှူပူဇော်ခြင်းနှင့် ညနေပိုင်းတွင် ဘုရားအမှူးပြုသော သံဃာတော်အပါး ၅၀၀ ကို တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်၍ အများပေါင်းစု ကောင်းမှုကုသိုလ်တို့ဖြင့် ဆွမ်းဆန်စိမ်းလောင်းလှူ ပူဇော်ခြင်းများ ကျင်းပသွားမည်ဖြစ်ပြီး တန်ခူးလပြည့်ကျော် ၅ရက်၊ ဧပြီ ၂၀ ရက် နံနက်ပိုင်းတွင် ဗုဒ္ဓပူဇနိယပွဲတော် ပိတ်ပွဲအခမ်းအနား ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် ဧပြီ ၁၁**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်တောရကျောင်းတိုက်သို့ လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ သာသနာ့ဝန်ဆောင်မြို့ဦးကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ အုတ်ကန်တောရ ကျောင်းတိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်ရှိ မဟာစည်သာသနာ့ရိပ်သာ ကျောင်းတိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မူလကမ္ဘာအေးကျောင်းတိုက် (မိုးကုတ်ရိပ်သာ)သို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မြောင်းမြကျောင်း ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိ ဘားအံမြို့ မြို့မဘောလုံးကွင်းဖွင့်လှစ်

**ဘားအံ ဧပြီ ၁၁**

ကရင်ပြည်နယ် ဘားအံမြို့ (၃)ရပ်ကွက် ကမ်းနားလမ်း မြို့မဘောလုံးကွင်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၁ ရက်က အဆိုပါဘောလုံးကွင်း၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက မြို့မဘောလုံးကွင်းကို ၁၉၂၀ ပြည့်နှစ်တွင် စတင်ဖောက်လုပ်ခဲ့ပြီး နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိကာ သမိုင်းအစဉ်အလာကြီးမားသည့် နေရာတစ်ခုဖြစ်ကြောင်း၊ ဘားအံမြို့နေ ပြည်သူများ၏ ဆန္ဒသဘောထားကို အလေးအနက်ထားသောအားဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ် ၂၄၂ ဒသမ ၈၃ သန်းအကုန်အကျခံ၍ မြို့မဘောလုံးကွင်းအား မြေပြုပြင်ခြင်း၊ မြက်စိုက်ခြင်း၊ ပရိသတ် ၅၀၀ဆံ့ပွဲကြည့်စင်တည်ဆောက်ခြင်း၊ ခြောက်ခန်းတွဲ အများသုံးသန့်စင်ခန်း တစ်လုံး၊ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်တစ်ကန်၊ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ မြက်ခင်း ရေဖျန်းစနစ်၊ ပါဝါမီတာတပ်ဆင်ခြင်းနှင့် မီးလိုင်းသွယ်တန်းခြင်း၊ ပေ ၁၀၁၀ ရှိ အုတ်သံပန်း ခြံစည်းရိုးတည်ဆောက်ခြင်း၊ ရေဆိုးထုတ်မြောင်းများနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ထည့်သွင်းအဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ကြောင်း၊ ယနေ့ဖွင့်လှစ်သည့် မြို့မဘောလုံးကွင်းကို ရေရှည်တည်တံ့ခိုင်မြဲပြီး သန့်ရှင်းသပ်ရပ်သာယာလှပသော ဘားအံမြို့၏ ဂုဏ်ဆောင် ဘောလုံးကွင်းအဖြစ် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။



ထို့နောက် မြို့မဘောလုံးကွင်း ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေက ကျေးဇူးတင်စကားပြောကြားပြီး အမိတာရာမ ရဲကျောင်းဆရာတော် ဘဒ္ဒန္တဂုဏာလင်္ကာရ၊ မဂ္ဂင်ကျောင်းဆရာတော် ဘဒ္ဒန္တကုန္ဒဝံသ၊ လေသာကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိသရ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး သူရမြင့်သူနှင့် မြို့မဘောလုံးကွင်းကော်မတီဥက္ကဋ္ဌတို့က ဘောလုံးကွင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က မြို့မဘောလုံးကွင်း ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြို့မဘောလုံးကွင်းအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များမှာကြားကာ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ဘားအံမြို့မဘောလုံးကွင်းသည် ပြည်နယ်အဆင့်အားကစားသမားများကို မွေးထုတ်လေ့ကျင့်ပေးခဲ့သည့် ပြည်နယ်အားကစားကွင်းဟောင်းတစ်ခုဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်တွင် ဟိုတယ်နှင့် ကုန်တိုက်ဆောက်လုပ်ရန် နှစ် ၉၀ မြေငှားဂရန်ထုတ်ပေးခဲ့ခြင်းအား ၂၀၂၀ ပြည့်နှစ်တွင်ပြန်လည်ပယ်ဖျက်၍ ဘားအံမြို့သူမြို့သားများ၏ ဆန္ဒသဘောထားအတိုင်း ပြည်နယ်ဝန်ကြီးချုပ်က မြို့မဘောလုံးကွင်းကို အဆင့်မြှင့်တင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မိုင်းဆတ်မြို့နယ်ရှိ အဲန်းလူမျိုးများနေထိုင်ရာဒေသ၌ ကျေးရွာချင်းဆက်လမ်း ကျောက်ခင်းခြင်းလုပ်ငန်း ပြီးစီး

**နေပြည်တော် ဧပြီ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ (ခြောက်လ)ဘဏ္ဍာရေးနှစ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၇၀ ဒသမ ၇၁၃ သန်းဖြင့် ဆောင်ရွက်ခဲ့သည့် မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် မိုင်းလုံးကျေးရွာအုပ်စု ဝမ်ပြန့်-ဝမ်အင်(အင်) ကျေးရွာချင်းဆက်လမ်း ၁/၀ မိုင် ကျောက်ခင်းခြင်းလုပ်ငန်းရာနှုန်းပြည့် ပြီးစီးပြီဖြစ်သည်။**(ယာပုံ)**

အဆိုပါ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးမှုကြောင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ ပျောက်ကွယ်လုနီးပါးရှိနေသည့် အဲန်းတိုင်းရင်းသား လူမျိုးစုများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။

**သီဟစည်သူ**



# မွန်အမျိုးသားဝတ်စုံ နှစ်(၅၀) ပြည့်ရွှေရတုအခမ်းအနားကျင်းပ



**မော်လမြိုင် ဧပြီ ၁၁**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ မွန်အမျိုးသားဝတ်စုံ နှစ်(၅၀) ပြည့်ရွှေရတု အထိမ်းအမှတ်အခမ်းအနားကို ဧပြီ ၁၀ ရက်က မြေနီကုန်းရပ်ကွက် မြို့ရှောင်လမ်းရှိ Sunshine Hotel ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားတွင် အခမ်းအနား ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာ နိုင်တင်လှနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စားတိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦးတို့က အမှာစကား ပြောကြားကြပြီး မိကွန်ချစ်ချစ်က ၁၉၇၁ ခုနှစ် ကတည်းက မွန်အမျိုးသားဝတ်စုံ ဖြစ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပုံကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်လွီအင်က ၁၉၇၂ ခုနှစ်မှ၂၀၂၂ ခုနှစ်အထိ နှစ်(၅၀)ပြည့် မွန်ပြက္ခဒိန်ထုတ်ဝေ ဖြန့်ဖြူးခြင်း အထိမ်းအမှတ်များကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်ပြီး တာဝန်ရှိသူများက နှစ်(၅၀)ပြည့် ကျင်းပရေး နာယကအဖွဲ့နှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ပြီး မွန်အမျိုးသားဝတ်စုံ နှစ် (၅၀)ပြည့် အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခဲ့ကြသည်။ ယင်းနောက် ခေတ်အဆက်ဆက်က မွန်အမျိုးသားဝတ်စုံဆင်ယင် ထုံးဖွဲ့ပုံများအား တင်ဆက်ပြသပြီး မွန်တေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**မုဒုံမောင်မောင်**

# မဟာသင်္ကြန်ကာလ ပေလီသို့ အပန်းဖြေခရီးသွားစည်ကားမှုကြောင့် သံတွဲလေယာဉ်ခရီးစဉ်များ ထပ်တိုးပြေးဆွဲ

**ရန်ကုန် ဧပြီ ၁၁**

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်မှာ ဧပြီ ၉ ရက်မှ ၁၇ ရက်အထိ ကိုးရက်တာ အားလပ်ရက်ဖြစ်ရာ နှစ်သစ်ကူးမဟာသင်္ကြန်ကာလ၌ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်မြို့ကြီးများမှ ပေလီ၊ ချောင်းသာ၊ ငွေဆောင်ပင်လယ်ကမ်းခြေ အပန်းဖြေခရီးသွားများ စည်ကားမှုကြောင့် သံတွဲလေယာဉ်ခရီးစဉ်များကို မူလခရီးစဉ်ပြေးဆွဲမှုထက် အခေါက်ရေ ၂၄ ခေါက် ထပ်တိုးပြေးဆွဲပေးလျက်ရှိသည်။

ရန်ကုန် - သံတွဲခရီးစဉ်ကို Air KBZ ၏ ATR 72-600 လေယာဉ်များဖြင့် တစ်ပတ်ခုနစ်ကြိမ် နေ့စဉ်ပြေးဆွဲလျက်ရှိပြီး မန္တလေး-သံတွဲ လေကြောင်းခရီးစဉ်ကိုလည်း ၂၀၂၂ ခုနှစ် နိုဝင်ဘာလမှစတင်၍ Tour Operators များနှင့် ညှိနှိုင်းမှုဖြင့် လိုအပ်ချက်နှင့်အညီ ပြေးဆွဲလျက်ရှိသည်။




### အခေါက်ပိုထပ်တိုးပြေးဆွဲ

မြန်မာ့နှစ်သစ်ကူး ရုံးပိတ်ရက်အတွင်းနှင့် သင်္ကြန်အကြိုနေ့ ဧပြီ ၁၃ ရက်မှ အတက်နေ့ ဧပြီ ၁၆ ရက်အထိ ပင်လယ်ကမ်းခြေတွင် အပန်းဖြေသူများနှင့် ဧပြီ ၁၇ ရက် ရုံးပိတ်ရက် နောက်ဆုံးရက်မတိုင်မီ မိမိတို့နေရပ်သို့ ပြန်လိုသော အပန်းဖြေခရီးသွားများအတွက် လေယာဉ်ခရီးစဉ်များကို တိုးချဲ့ပြေးဆွဲခြင်းဖြစ်ရာ ဧပြီ ၈ ရက်မှ ၁၈ ရက်အထိ သံတွဲခရီးစဉ်များကို အခေါက်ပို ၂၄ ခေါက်ထိ ထပ်တိုးပြေးဆွဲခြင်း ဖြစ်သည်။

“ဒီရုံးပိတ်ရက် သင်္ကြန်ကာလမှာ ပင်လယ်ကမ်းခြေမှာ အပန်းဖြေကြတာများတယ်။ သံတွဲကို ပုံမှန်ခရီးစဉ်တွေအပြင် သင်္ကြန်ကာလမှာ ခေါက်ရေထပ်တိုးပြီး အပန်းဖြေခရီးသွားများကို ဝန်ဆောင်မှုပေးနေပါတယ်” ဟု MAI လေကြောင်းလိုင်းမှ ကပ္ပတိန် ကျော်စိုးလှက ပြောသည်။

### ပြည်ပခရီးများ တိုးချဲ့ပြေးဆွဲမည်

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း (MAI) အနေဖြင့် နိုင်ငံတကာ လေကြောင်းလိုင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ခရီးသွားလိုအပ်မှုပေါ်မူတည်၍ ပြည်တွင်းခရီးစဉ်များသာမက ပြည်ပခရီးစဉ်များကိုလည်း တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)၊ဓာတ်ပုံ - ကနူး**

## မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ မဟာသင်္ကြန်ပွဲတော်နှင့် စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

၁။ မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၄ ရက်နေ့မှ နှောင်းတန်ခူးလပြည့်ကျော် ၁ ရက်နေ့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော် ဖြစ်ပါသည်။

၂။ ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာယပြုခြင်း၊ ရှင်ပြုရဟန်းခံအလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်းစသော မင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

၃။ ထို့အပြင် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်းမွှေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်း ရှိပါသည်။

၄။ သို့သော် လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာ ရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သား မခံမရပ်နိုင်သည်အထိ နောက်ပြောင်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ် ကျရောက်ခြင်းစသည့် အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

၅။ ထို့ကြောင့် ၁၃၈၃ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန်ဖြစ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊

(ခ) ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊

(ဂ) ပြည်သူများသည် မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်း လန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့် ဆောင်ရွက်နိုင်ကြစေရန်၊

(ဃ) မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်တတ်ကြစေရန်။

၆။ သို့ဖြစ်ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သော ရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဗီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် နေထိုင်မှု၊ ပြုမူမှုများ ရှောင်ကြဉ်ကြပါရန်၊

(ခ) ဘာသာတရား၏ အဆုံးအမနှင့် မလျော်ညီသည့် ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုများ ရှောင်ကြဉ်ကြပါရန်၊

(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ ရှောင်ကြဉ်ကြပါရန်၊


(ဃ) သူတစ်ပါး သို့မဟုတ် အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာ ပျက်ပြားထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်းစသည့် အပြုအမူများ ရှောင်ကြဉ်ကြပါရန်၊

(င) မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းမြတ်နိုးတတ်သော အများပြည်သူတို့၏ အမြင်အာရုံတွင် အနှောင့်အယှက်ဖြစ်စေတတ်သည့် မြန်မာ့ယဉ်ကျေးမှုလွန် ဝတ်စားဆင်ယင်မှုမျိုး ဝတ်ဆင်ခြင်းမှ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်၊

(စ) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို ချစ်ခင်၍ ပျော်ရွှင်ကြလိုသူများဖြစ်သည်နှင့်အညီ အခြားနိုင်ငံသားများက မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာ မဟာသင်္ကြန်ကို လေးစားတန်ဖိုးထားမှု လျော့ပါးစေသော စရိုက်လက္ခဏာများ၊ အပြောအဆို၊ အဝတ်အစား၊ အစားအစာ၊ အကအခုန်များကို အလွန်အမင်း လိုက်စားပြုမူခြင်း၊ အရက်သေစာကို သိက္ခာကျလောက်အောင် သောက်စားမူးယစ်ခြင်းများ၊ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်။

**ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်၊ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ**

## ၆-၄-၂၀၂၂ ရက် ၁၃:၁၀ နာရီတွင် တောင်ဥက္ကလာပမြို့နယ် ကမ္ဘောဇဘဏ်ခွဲ (၂၀) မှ ငွေကျပ် ၂၁၇၀ သိန်းအား လုယက်မှုဖြစ်စဉ်မှ တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိမှု




- ❖ 7D 3400 Probox ယာဉ်မောင်းသူ အာကာကျော်အား ဧပြီလ ၈ ရက် ၀၉၀၀ နာရီတွင် Orange စတိုးဆိုင်တွင် ဖမ်းဆီးရမိပြီး ၎င်း၏ထွက်ဆိုချက်အရ ဆက်စပ်တရားခံများအား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့။
- ❖ MG-1 အမျိုးအစားလက်ပစ်ဗုံး နှစ်လုံး၊ ထုတ်လုပ်သည့်နိုင်ငံ/အမျိုးအစား (စိစစ်ဆဲ)လက်ပစ်ဗုံး တစ်လုံး၊ မီးခိုးဗုံး တစ်လုံး၊ ရှို့/ပစ်လက်လုပ်လက်ပစ်ဗုံး တစ်လုံး၊ ပစ္စတိုသေနတ် (တစ်လက်၊ လက်လုပ်သေနတ် နှစ်လက်၊ ကော်သေနတ် တစ်လက်၊ ကျဉ်စက် နှစ်ချောင်း၊ ပွိုင့် ၂၂ ကျည် (၄၉)တောင့်၊ 12 ဗို့ကျည် ငါးတောင့်၊ Drone နှစ်ခု၏ အစိတ်အပိုင်းတို့အား သိမ်းဆည်းရမိခဲ့။
- ❖ စုစုပေါင်းတရားခံ ၂၃ ဦး၊ (ဖမ်းမိ တရားခံ ၁၈ ဦး၊ ဖမ်းမမိ တရားခံ ငါးဦး)
- ❖ စုစုပေါင်း ၂၁၇၀ သိန်းကျပ်မှ ၁၅၅,၁၈၃,၀၀၀ ကျပ်တိတိ ပြန်လည်ရရှိပြီး ကျန်ငွေ ၆၁,၈၁၇,၀၀၀ ကျပ် ပါဆုံးနေကြောင်း။

❍ *ကျောဖုံးမှ*

ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

### ဖမ်းဆီးရမိ

ထိုသို့ ဓားပြတိုက်မှု ကျူးလွန်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အထူးအမှုစစ်အဖွဲ့ဖွဲ့စည်းကာ တာဝန်သိပြည်သူများ၏ ပူးပေါင်းပါဝင်သတင်းပေးမှုများဖြင့် ပေါင်းစပ်ညှိနှိုင်း၍ စုံစမ်းဖော်ထုတ်ခဲ့ရာ ဓားပြတိုက်မှုကျူးလွန်ခဲ့သူများသည် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် YGN 7D-3400 Toyota Probox မော်တော်ယာဉ်အား YGN CC-8336 နံပါတ်ဖြင့် ပြောင်းလဲတပ်ဆင်ကာ အသုံးပြုခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် 7D-3400 မော်တော်ယာဉ်အား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ ဧပြီ ၈ ရက်နေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ၎င်းယာဉ်ကို စမ်းချောင်းမြို့နယ် ဘူတာရပ်ကွက် ဟုမ်းလမ်း (၄) လမ်း အမှတ် (၁၄၇) နေ အာကာကျော်(ခ) အာကာ (၄၁)နှစ် (ဘ)ဦးကျော်နှင့်အတူ ဘူတာရပ်ကွက်၊ ဟုမ်းလမ်းပေါ်ရှိ Orange စတိုးဆိုင်၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ အာကာကျော်၏ ထွက်ဆိုချက်အရ ကမ္ဘောဇဘဏ် ဓားပြတိုက်မှုဖြစ်စဉ်၌ ၎င်းမောင်းနှင်သည့် ယာဉ်အား တစ်ရပ်ကွက်တည်းနေ မင်းမော်ဟိန်း (ခ) မော်ကြီး (ခ) တိုးလီ (၁၇)နှစ် (ဘ) ဦးမျိုးဝင်းအောင်က ငှားရမ်းခဲ့သဖြင့် ၎င်းနှင့်အတူ လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာနေ **ဇော်နောင်** (၃၇) နှစ် (ဘ) ဦးတင်မောင်လွင် မောင်းနှင်သည့် YGN CC-7408 Toyota Caldina မော်တော်ယာဉ်နှင့် အတူ လိုက်ပါခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့ နှစ်ဦးအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ ည ၈ နာရီ မိနစ် ၂၀ တွင် ဇော်နောင်အား Caldina မော်တော်ယာဉ်ဖြင့် လည်းကောင်း၊ ည ၈ နာရီခွဲတွင် မင်းမော်ဟိန်း (ခ) မော်ကြီး (ခ) တိုးလီအား လည်းကောင်း ၎င်းတို့၏ နေအိမ်များ၌ အသီးသီးဖမ်းဆီးရမိခဲ့သည်။

တိုးလီ (ခ) မင်းမော်ဟိန်း (ခ) မော်ကြီး၏ ထွက်ဆိုချက်အရ ဓားပြတိုက်မှုကျူးလွန်ရာတွင် ပါဝင်ခဲ့သော အလုံမြို့နယ် ဌာနရပ်ကွက် ရောဝတီလမ်း၌ နေကြသူများဖြစ်သည့် **မြတ်သူ (ခ) ပွားလေး** (၁၇)နှစ် (ဘ) ဦးကျော်မင်းထွန်းနှင့် ဟိန်းထက်အောင် (ခ) ဟိန်းထက် (၁၉) နှစ် (ဘ) ဦးကျော်ဆန်းတို့ နှစ်ဦးအား ည ၉ နာရီ ၁၅ မိနစ်တွင် ၎င်းတို့၏ နေအိမ်များ၌ လည်းကောင်း၊ ဓားပြတိုက်မှုကျူးလွန်ရာတွင် ဦးဆောင်ခဲ့သည့် စမ်းချောင်းမြို့နယ် မုန့်လက်ဆောင်းကုန်းတောင်ရပ်ကွက် မကြီးကြီးလမ်း အမှတ် (၅၄) နေ ဝေမင်းအောင်(ခ) အက်စတာ (ခ) ဝေကြီး (၂၃) နှစ် (ဘ) ဦးဇော်ဝင်းမောင်နှင့် ဓားပြတိုက်မှုမှရရှိသည့် ငွေများအား ဝှက်သိမ်းရာတွင် စီမံခန့်ခွဲပေးသူ မင်္ဂလာဒုံမြို့နယ် ပလရရပ်ကွက်၊ အိမ်ခြေ (၅၀) (၁) လမ်း (၃)လွှာ (ယာ)အခန်းနေ ပန်းနု(ခ) ပန်ပန် (၂၅)နှစ် (ဘ)ဦးဇော်ဇော်တို့ နှစ်ဦးအား အလုံမြို့နယ် ကွင်းကျောင်းလမ်းပေါ်၌ ဓားပြတိုက်ရာမှ ရရှိခဲ့သည့်ငွေကျပ် ၁၀,၁၂၅,၀၀၀၊ စိတ်ကြွရူးသွပ်ဆေးပြား ငါးပြား၊ ပွိုင့် 380 AUTO ကျည်တစ်တောင့်တို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဝေမင်းအောင် (ခ) အက်စတာ (ခ) ဝေကြီးနှင့် ပန်းနု (ခ) ပန်ပန် တို့၏ ထွက်ဆိုချက်အရ ဓားပြတိုက်ရာမှ ရရှိခဲ့သည့် သက်သေခံငွေအချို့ကို ပန်းနု၏ အစ်မဖြစ်သူ မင်္ဂလာဒုံမြို့နယ် ပလရရပ်ကွက် အိမ်ခြေ (၅၀) (၂)လမ်း အမှတ် (၃၀) နေ အေးငြိမ်းသူ (၄၃) နှစ် (ဘ) ဦးဇော်ဝင်းမောင်၏ နေအိမ်၌ ဝှက်သိမ်းထားကြောင်း သိရှိရသဖြင့် ည ၁၁ နာရီ ၄၅ မိနစ်တွင် သွားရောက်ရှာဖွေခဲ့ရာ အေးငြိမ်းသူအား ၎င်း၏နေအိမ် အပေါ်ထပ်အိပ်ခန်းအတွင်းရှိ ကုတင်အောက်၌ ခရီးဆောင်အိတ်ဖြင့်ထည့်၍ ဝှက်သိမ်းထားသည့် ငွေကျပ် ၆၉,၉၄၀,၀၀၀ နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

### လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

ဝေမင်းအောင် (ခ) အက်စတာ(ခ) ဝေကြီး၏ ထပ်မံထွက်ဆိုချက်အရ ဓားပြတိုက်မှုဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် စည်သူ (ခ) တုံတုံ၊ ကောင်းဝေယံ(ခ) ဝေယံ (ခ) နုတီ၊ လှိုင်ဘွားအောင် (ခ) ဘွားကြီး၊ ပိုင်သုတ (ခ) သုတ၊ ပြည့်ဖြိုးကျော် (ခ) ချိုးကြော်၊ သန့်ဇော်ထွေး (ခ) တရုတ်ကြီးနှင့် နဒီပေါင် (ခ) ဆံရှည်(ခ) ဇာကြီးတို့ ခုနစ်ဦးကို မင်္ဂလာဒုံမြို့နယ် ရေကြည်အိုင်ရပ်ကွက် သစ္စာလမ်းသွယ်(၁)ရှိ နေအိမ်တစ်လုံး ငှားရမ်းပေးထားကြောင်း သိရှိရသဖြင့် ည ၁၂ နာရီ ၁၀ မိနစ်တွင် သွားရောက်ရှာဖွေဖမ်းဆီးခဲ့ရာ ၎င်းတို့ ခုနစ်ဦးကို အဆိုပါနေအိမ်၌ မတွေ့ရှိရဘဲ နေအိမ်အတွင်းမှ လက်ပစ်ဗုံး နှစ်လုံး၊ လက်လုပ်ဗုံး တစ်လုံး၊ လက်လုပ်သေနတ်တစ်လက်၊ ပွိုင့် 22 ကျည် ၄၉ တောင့်၊ လက်ပစ်ဗုံးဖျူ့စ် သုံးခု၊ ယမ်းမှုန့် ၁၀ ကျပ်သားခန့်တို့ကို သိမ်းဆည်းရမိခဲ့သည်။

### ထပ်မံဖမ်းဆီးရမိ

လုံခြုံရေးတပ်ဖွဲ့ဝင်များက ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ခဲ့ရာ ဧပြီ ၉ ရက်နေ့တွင် ပြစ်မှုကျူးလွန်ရာ၌ ပါဝင်သူများဖြစ်သည့် ကောင်းဝေယံဟိန်း (ခ) ဝေယံ (ခ) နုတီအား စမ်းချောင်းမြို့နယ် "ရွှေမောင်း" ဟိုတယ်၌ သက်သေခံငွေကျပ် ၁၁၈၀၀၀၊ လက်ကိုင်ဖုန်း တစ်လုံးဖြင့်လည်းကောင်း၊ ဟန်သီထူး (ခ) ဟန်ကြီးအား စမ်းချောင်းမြို့နယ် မြေနီကုန်းရပ်ကွက် "ဒဂုံ" စင်တာအနီး၌ လည်းကောင်း၊ ဧပြီ ၁၀ ရက်နေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မင်းကြီးညိုရပ်ကွက် တောင်ငူလမ်း အမှတ် (၁၉) နေ ဟိန်းထက်ဇော် (ခ) မြင်းကျား (၁၉) နှစ် (ဘ) ဦးတင်ဇော်လတ်၊ စမ်းချောင်းမြို့နယ် သံတံတားရပ်ကွက် သံတံတားလမ်းအမှတ်(၇၆)နေ စည်သူဝင်း (ခ) တုံတုံ (၂၈) နှစ် (ဘ) ဦးဝင်းတင်၊ အလုံမြို့နယ် လွတ်လပ်ရေးရပ်ကွက် အောင်ဇေယျလမ်း အမှတ် (၁၁၆) နေ ဟိန်းမင်းသန့် (ခ) ပိုင်သုတ (၁၇) နှစ် (ဘ) ဦးညွှန့်ဝင်း၊ အဆိုပါလမ်း အမှတ် (၁၀၄) နေ ဇာနည်ထက် (ခ) နဒီပေါင် (ခ) ဇာကြီး (၂၄) နှစ် (ဘ) ဦးစိုးဝင်း၊ မရမ်းကုန်းမြို့နယ် (၁) ရပ်ကွက် သမိုင်း (၅) လမ်းနေ သန့်ဇော်ထွေး (ခ) တရုတ်ကြီး (၁၇) နှစ် (ဘ) ဦးမိုးလွင်၊ စမ်းချောင်းမြို့နယ် မုန့်လက်ဆောင်းကုန်းတောင်ရပ်ကွက် ပြည်သူ့ကွက်သစ် (၂)လမ်း အမှတ်(၈)နေ လှိုင်ဘွားအောင်(ခ) ဘွားကြီး (၂၃) နှစ် (ဘ) ဦးကျော်ဆွေဝင်းနှင့် မရမ်းကုန်းမြို့နယ် (၁) ရပ်ကွက် သမိုင်း (၅) လမ်းနေ ပြည့်ဖြိုးကျော် (ခ) ချိုးကြော် (၁၈)နှစ် (ဘ) ဦးမိုးလွင်တို့ ခုနစ်ဦးကို သုံးခွမြို့နယ် သိုက်တူးကန်ကျေးရွာ၊ ပိုးဖလံကွင်းရှိ ဦးနိုင်ဝင်း၏ လယ်တဲအတွင်းမှ လက်လုပ်သေနတ် တစ်လက်၊ ၁၂ ဗို့ကျည် ငါးတောင့်၊ ရောင်စုံ မီးခိုးဗုံးတစ်လုံး၊ Drone နှစ်ခု၊ လက်ကိုင်ဖုန်းမျိုးစုံ ခုနစ်လုံး၊ ဓားပြတိုက်ရာမှ ရရှိခဲ့သည့် သက်သေခံငွေ စက္ကူရောရာ ၁၂၅ သိန်းတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ထို့နောက် ဝေမင်းအောင် (ခ) အက်စတာ (ခ) ဝေကြီး၏ ထပ်မံထွက်ဆိုချက်အရ ဓားပြတိုက်ရာမှ ရရှိသည့် ငွေကျပ်သိန်း ၆၀၀ ကို မင်္ဂလာဒုံမြို့နယ် ရေကြည်အိုင်ရပ်ကွက် သစ္စာလမ်း အမှတ်(၁၇)နေ ပန်းနု၏ အစ်မဖြစ်သူ မေငြိမ်းထံတွင် သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် ယနေ့နံနက်ပိုင်းတွင် သွားရောက်ရှာဖွေခဲ့ရာ မေငြိမ်း အား နေအိမ်အတွင်းမှ သက်သေခံငွေကျပ်သိန်း ၆၀၀၊ ပစ္စတိုသေနတ် တစ်လက်၊ ကော်သေနတ်တစ်လက်၊ ကျဉ်စက် နှစ်ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

*စာမျက်နှာ ၉ သို့*

## တရားမဝင် မမှန်မကန်ဆောင်ရွက်သည့် ကိစ္စရပ်များရှိပါက တိုင်ကြားရန် အသိပေးကြေညာခြင်း

၁။ ပို့ကုန်သွင်းကုန် လိုင်စင်/ပါမစ်လျှောက်ထားမှုများအား သတ်မှတ်ထားသည့် ဥပဒေစည်းမျဉ်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဥပဒေစည်းမျဉ်း လုပ်ထုံးလုပ်နည်းနှင့်မညီသော လိုင်စင်/ပါမစ်လျှောက်ထားမှုများအား လက်ခံဆောင်ရွက်ပေးခြင်း၊ ခွင့်ပြုပေးခြင်းမပြုပါ။

၂။ ပို့ကုန်သွင်းကုန် လိုင်စင်/ပါမစ်လျှောက်ထားခြင်းနှင့်ပတ်သက်၍ လိုင်စင်ကြေးအပါအဝင် နိုင်ငံတော်သို့ တရားဝင်ပေးသွင်းရသည့် အခကြေးငွေများအား TradeNet 2.0 Online စနစ်တွင် e – payment စနစ်ဖြင့်သာ ပေးသွင်းရမည်ဖြစ်ပြီး အခြားမည်သည့်အခကြေးငွေမျှ ထပ်မံပေးသွင်းရန်မလိုကြောင်း၊ လာဘ်လာဘနှင့် မလိုလားအပ်သော တံစိုးလက်ဆောင်များကိုလည်း အခြားနည်းလမ်းများဖြင့် ပေးအပ်ခြင်း၊ လက်ခံခြင်း၊ လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် ပို့ကုန်သွင်းကုန် လိုင်စင်/ပါမစ်လျှောက်ထားရာတွင် နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခကြေးငွေအပြင် သီးခြားတောင်းခံမှု၊ အပိုကြေးပေးချေရမှုများရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်နှင့် email များသို့ လုံခြုံစိတ်ချစွာ သတင်းပေးပို့ ဆက်သွယ်တိုင်ကြားနိုင်သည် –

(က) ညွှန်ကြားရေးမှူးချုပ် ၀၆၇–၃၄၀၈၄၀၄၊ ၀၉–၂၅၇၁၆၈၈၇၂
dg.office01@gmail.com

(ခ) ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုန်သွယ်ရေး) ၀၆၇–၃၄၀၈၄၈၃၊ ၀၉–၆၉၇၇၃၃၇၉၄
ddgoffice2018@gmail.com

(ဂ) ဒုတိယညွှန်ကြားရေးမှူးချုပ် (လွယ်ကူ/စေ့စပ်) ၀၆၇–၃၄၀၈၃၂၄၊ ၀၉–၄၂၂၁၉၀၉၉၉
ninikyaw6055@gmail.com

**ကုန်သွယ်ရေးဦးစီးဌာန**


# နယ်စပ်ရေးရာဝန်ကြီးဌာနမှ မိုင်းပျဉ်းမြို့နယ်အတွင်း ဆိုလာစနစ်ဖြင့် ချောင်းရေတင်စိုက်ပျိုးခြင်းလုပ်ငန်းဆောင်ရွက်

**နေပြည်တော် မေ ၁၁**



နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု ထောက်ပံ့ရန်ပုံငွေဖြင့် ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ် ဟောင်ကန်ကျေးရွာအုပ်စု ဟိုခိုကျေးရွာနှင့် ဝမ်နောင်ကျေးရွာအကြား ကွင်းအမှတ် ၇ ဝမ်မတ်ကွင်းအတွင်းရှိ တောင်သူများ၏ စိုက်ပျိုးရေးလုပ်ကွက်ပေါ်တွင် ၂ ဒသမ ၄ ကီလိုဝပ်ဆိုလာစနစ် တည်ဆောက်၍ ၁၅၀၀ ဝပ် ရေပန့်တပ်ဆင်ကာ ချောင်းရေတင်စိုက်ပျိုးခြင်း လုပ်ငန်းအတွက် ဧပြီလမှစတင်၍ (၆ x ၆ x ၁၃) ပေ ကျောက်စုရေစုကန်နှင့် (၁၂ x ၁၂ x ၆ ) ပေ မြေသား ရေလှောင်ကန် တူးဖော်ခြင်း လုပ်ငန်းများ စတင် ဆောင်ရွက်လျက်ရှိပြီး ဧပြီလကုန်တွင် ဒေသခံတိုင်းရင်းသား တောင်သူများအား ၁၂ လ ရာသီပတ်လုံး စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။

အဆိုပါ ဆိုလာစနစ်ဖြင့် ချောင်းရေတင် စိုက်ပျိုးခြင်း လုပ်ငန်းအား ဌာနနှင့် ဒေသခံ တောင်သူများ ပူးပေါင်းဆောင်ရွက်ပေးခြင်းဖြင့် တောင်သူ ၁၃ ဦး၏ စိုက်ပျိုးမြေ ၁၂ ဒသမ ၅၂ ဧကအား လွှမ်းခြုံအကျိုးပြုမည်ဖြစ်ပြီး မိုးစပါး၊ နွေစပါးနှင့် ရာသီသီးနှံများ စိုက်ပျိုးရာတွင် ကုန်ကျစရိတ်လျှော့နည်း သက်သာခြင်း၊ ၁၂ လရာသီ စိုက်ပျိုးနိုင်သည့်အတွက် တစ်ဖက်တစ်လမ်းမှ တောင်သူများ ဝင်ငွေပိုမိုတိုးတက်လာခြင်း အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## သတိပြုရမည့်အပူဒဏ်အန္တရာယ်များ

### (က) အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)

- ဂနာမငြိမ်ခြင်း၊
- ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- တစ်ကိုယ်လုံး နုံးချည့်ပျော့ခွေခြင်းနှင့် ကြွက်တက်ခြင်း၊
- ချွေးအလွန်အကျွံထွက်ခြင်းကြောင့် ခန္ဓာကိုယ်အရေပြားအေး၍စိုစွတ်ခြင်း၊
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း။

### (ခ) အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)

- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်လာခြင်း၊
- အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့မဟုတ်) ချွေးခန်းခြောက်ခြင်း၊
- ကယောင်ကတမ်းဖြစ်ခြင်း၊
- သတိလစ်ခြင်း၊ တက်ခြင်း။

### အပူဒဏ်အန္တရာယ်ကျရောက်သည့်လူနာကို အရေးပေါ်ရှေးဦးပြုစုခြင်း

- ❖ လူနာကို အရိပ်ရပြီးအေးမြသော နေရာသို့ရွှေ့ထားပါ။
- ❖ လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ။
- ❖ လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ။
- ❖ လူနာ၏ အဝတ်အစားများကို ချွတ်ပါ။
- ❖ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့ကို ရေပတ်တိုက်ပါ။
- ❖ လူနာကောင်းစွာသတိရနေပါက ရေအေးအေး(သို့) ဓာတ်ဆားရည်တိုက်ပါ။

အပူဒဏ်ကြောင့် သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများ ပေါ်ပေါက်ပါက အသက်အန္တရာယ် ထိခိုက်နိုင်သည်။ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းပို့ဆောင်ပါ။


*စာမျက်နှာ ၈ မှ*

### ဘဏ်အတွင်း ဝင်ရောက်ငွေလုယက်

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းရှိ ကမ္ဘောဇဘဏ်အား ဓားပြတိုက်ရန်အတွက် ဝေမင်းအောင် (ခ) အက်စတာ (ခ) ဝေကြီး၊ ဝေယံ (ခ) နုတီနှင့် ဟိန်းထက်ဇော် (ခ) မြင်းကျားတို့က မတ်လ ၁၆ ရက်မှ စတင်၍ တိုင်ပင်ခဲ့ကြောင်း၊ ၎င်းနောက် အဆိုပါဘဏ်အား စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ရန်အတွက် ဝေမင်းအောင် (ခ) အက်စတာ (ခ) ဝေကြီးနှင့် ၎င်း၏ဇနီး ပန်းနု (ခ) ပန်ပန်တို့က ဦးဆောင်၍ မင်္ဂလာဒုံမြို့နယ် ဝါယာလက်ရှိ နေအိမ်၌ စုဝေးတိုင်ပင်ကာ မြတ်သူ (ခ) ပွားလေး၊ မင်းမော်ဟိန်း (ခ) မော်ကြီး(ခ) တိုးလီ၊ ဟိန်းထက်အောင် (ခ) ရော်ပြဲ၊ ဟိန်းထက်ဇော် (ခ) မြင်းကျားတို့က အကြိမ်ကြိမ် သွားရောက်လေ့လာခဲ့ကြောင်း၊ မေ ၅ ရက်တွင် ဝေမင်းအောင်(ခ) အက်စတာ(ခ) ဝေကြီး ဦးဆောင်၍ ဝါယာလက်နေအိမ်၌ စုဝေးပြီး တာဝန်ခွဲဝေခဲ့ရာ ဘဏ်အတွင်း၌ ATM ကတ် ပြုလုပ်မည့်သူအဖြစ် ဝင်ရောက်စောင့်ကြည့်သူအဖြစ် မြတ်သူ (ခ) ပွားလေးနှင့် ဟိန်းထက်အောင် (ခ) ထက်အောင်တို့ နှစ်ဦးက လည်းကောင်း၊ ဟိန်းထက်ဇော် (ခ) မြင်းကျား (သေနတ်နှင့် ကျဉ်စက်ကိုင်သူ)၊ သန့်ဇော်ထွေး (ခ) တရုတ်ကြီးနှင့် ပိုင်သုတ (ခ) သုတ (သေနတ်ကိုင်သူ)၊ စည်သူ (ခ) တုံတုံ၊ ဇာနည်ထက် (ခ) နဒီပေါင် (ခ) ဇာကြီး ၊ ကောင်းဝေယံဟိန်း(ခ) ဝေယံ(ခ) နုတီ၊ **နေတိုး(ဖမ်းဆီးရန်ကျန်)** တို့ ခုနစ်ဦးက ဘဏ်အတွင်း ဝင်ရောက်ငွေလုယက်သူများအဖြစ် လည်းကောင်း။

ဟန်သီထူး (ခ) ဟန်ကြီး၊ လှိုင်ဘွားအောင် (ခ) ဘွားကြီး၊ ပြည့်ဖြိုးကျော် (ခ) ချိုးကြော်၊ **ဖမ်းဆီးရန်ကျန်သူများဖြစ်သည့် ဇေယျာအောင် (ခ) ဖုတ်ကြီး၊ ထူးထက်အောင် (ခ) စာကလေး၊ ဥက္ကာပိုင်နှင့် စွမ်းထက်ပိုင်** တို့ ခုနစ်ဦးက ဘဏ်ပတ်ဝန်းကျင်၌ စောင့်ကြည့်ပေးသူများအဖြစ်လည်းကောင်း၊ ဝေမင်းအောင် (ခ) အက်စတာ (ခ) ဝေကြီးနှင့် ပန်းနု (ခ) ပန်ပန်တို့က မရမ်းကုန်းမြို့နယ် ရွှေနှင်းဆီလမ်းရှိ ငါးကန်တွင် မော်တော်ယာဉ်တစ်စီးဖြင့် စောင့်နေပြီး ဓားပြတိုက်ရာမှ ရရှိသည့်ငွေများအား မင်္ဂလာဒုံမြို့နယ် ပလရရပ်ကွက်ရှိ ပန်းနု၏ နေအိမ်သို့ သယ်ဆောင်မည့်သူများအဖြစ်လည်းကောင်း တာဝန်ခွဲဝေခဲ့ကြောင်း။

### မော်တော်ယာဉ်နံပါတ် ပြောင်းလဲတပ်ဆင်

ယင်းနောက် အခင်းဖြစ်နေ့ နံနက်ပိုင်းမှစတင်၍ ကမ္ဘောဇဘဏ်အား ဓားပြတိုက်ရန်အတွက် တာဝန်ခွဲဝေထားသည့်အတိုင်း စောင့်ကြည့်မည့်သူများသည် ၎င်းတို့၏ အစီအစဉ်ဖြင့် သွားရောက် စောင့်ဆိုင်းခဲ့ပြီး လုယက်မှုကျူးလွန်သည့် ဟိန်းထက်ဇော် (ခ) မြင်းကျား ပါ ခုနစ်ဦးက အာကာကျော် (ခ) အာကာ မောင်းနှင်သည့် YGN 7D–3400 Toyota Probox မော်တော်ယာဉ်အား YGN CC–8336 နံပါတ်ဖြင့် ပြောင်းလဲတပ်ဆင်ပြီး ဘဏ်အနီး စောင့်ဆိုင်းခဲ့ကြောင်း၊ မွန်းလွဲ ၁ နာရီခန့်တွင် ဘဏ်အတွင်း ဝင်ရောက်ကာ ငွေများ လုယက်ယူဆောင်ပြီး မရမ်းကုန်းမြို့နယ်၌ ဇော်နောင် မောင်းနှင်သည့် Caldina မော်တော်ယာဉ်ဖြင့် အသင့်စောင့်ဆိုင်းနေသည့် ဝေမင်းအောင် (ခ) အက်စတာ(ခ) ဝေကြီးနှင့် ပန်းနု (ခ) ပန်ပန် တို့ထံ လက်ဆင့်ပြောင်း၍ မင်္ဂလာဒုံမြို့နယ်သို့ ထွက်ခွာသွားခဲ့ကြောင်း၊ ရရှိထားသည့် ငွေကြေးများအား ခွဲဝေကာ လူစုခွဲထွက်ပြေးတိမ်းရှောင်ခဲ့ပြီး ကိုယ်ရေးကိုယ်တာ ကိစ္စများတွင် သုံးစွဲခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။


### ဥပဒေနှင့်အညီ အရေးယူ

အထက်ပါဖြစ်စဉ်တွင် ဓားပြတိုက်မှုကျူးလွန်ရာတွင်ပါဝင်သူ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး သုံးဦး၊ စုစုပေါင်း ၁၈ ဦးတို့ကို သက်သေခံငွေကျပ် ၁၅၅,၁၈၃,၀၀၀၊ လက်ပစ်ဗုံး လေးလုံး၊ မီးခိုးဗုံး တစ်လုံး၊ ပစ္စတိုသေနတ် တစ်လက်၊ လက်လုပ်သေနတ် နှစ်လက်၊ ကော်သေနတ် တစ်လက်၊ ကျဉ်စက် နှစ်ချောင်း၊ ပွိုင့် 22 ကျည် ၄၉ တောင့်၊ ၁၂ ဗိုကျည် ငါးတောင့်၊ Drone ယာဉ်အစိတ် အပိုင်းနှစ်ခု၊ ပွိုင့် 380 AUTO ကျည်တစ်တောင့်၊ လက်ပစ်ဗုံးဖျူ့စ် သုံးခု၊ ယမ်းမှုန့် ၁၀ ကျပ်သားခန့်၊ စိတ်ကြွရူးသွပ်ဆေးပြား ငါးပြားတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရန်ကျန် တရားခံများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး၊ သိမ်းဆည်းရန်ကျန် သက်သေခံပစ္စည်းငွေများအား သိမ်းဆည်းရမိနိုင်ရေးနှင့် ဖမ်းဆီးရမိတရားခံများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားနိုင်ရေး လုံခြုံရေး တပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

# ဂန္ထဝင်ကဗျာ အကျော်အမော် ဆရာသူရဇော်

………… နုနုယဉ် (စာပေဗိမာန်) …………


၂၀၂၀ ပြည့်နှစ်၊ အမျိုးသားစာပေတစ်သက်တာဆုရှင် ဦးစိန်လှိုင် (သူရဇော်)

## ၂၀၂၀ ပြည့်နှစ်အတွက် တစ်သက်တာ စာပေဆုရှင်

အမျိုးသားစာပေတစ်သက်တာဆုရ စာပေပညာရှင်များ၏ စာပေနှင့် ဘဝအကြောင်းကို စာပေဗိမာန်စာတည်းများက အလှည့်ကျရေးသားပြီး ၂၀၀၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီး၊ ဆရာမကြီး ၁၇ ဦး၏ အားကျအတုယူဖွယ်ရာ အတ္ထုပ္ပတ္တိဘဝ ဓာတ်လမ်းအဖုံဖုံကို စုပေါင်း၍ စာပေဗိမာန်က ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ပေါင်းချုပ်စာအုပ်အဖြစ် ထုတ်ဝေခဲ့ပါသည်။

တစ်သက်တာဆုရ ဆရာကြီး၊ ဆရာမကြီး ၃၄ ဦး ရှိပြီဖြစ်ရာ ကျန်ရှိသော စာပေပညာရှင်များအကြောင်းကို ဆက်လက်ရေးသားရန် စီစဉ်ကြရာ ကျွန်မက ၂၀၂၀ ပြည့်နှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုရ ဆရာသူရဇော်အကြောင်းကို ရေးသားရန် အလှည့်ကျလာပါသည်။

ဆရာသူရဇော်အကြောင်း ရေးရမည်ဆိုသောအခါ စာပေဗိမာန်စာကြည့်တိုက်နှင့် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တို့တွင် ဆရာရေးသားခဲ့သော စာအုပ်များ၊ ဖတ်ကြားခဲ့သော စာတမ်းများနှင့် ဆရာနှင့် သက်ဆိုင်သောစာပေအကြောင်းခြင်းရာများကို မွှေနှောက်ရှာဖွေခဲ့ပါသည်။ စာပေဗိမာန်စာကြည့်တိုက်မှ ဆရာရေးသားခဲ့သောစာအုပ်များ၊ ဖတ်ကြားခဲ့သောစာတမ်းများ၊ ဆရာစာပေဆုရရှိသဖြင့် စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေသော ဆုရစာအုပ်များကို လေ့လာဖတ်ရှုခွင့်ရသလို ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နှင့် သုတပညာဌာနမှလည်း စာကြည့်တိုက်နှင့် သုတပညာဒီပလိုမာတွဲ့အတွက် တင်သွင်းသော ဆရာသူရဇော်စာစုစာရင်းကျမ်းငယ်နှစ်စောင်ကို ငှားရမ်းဖတ်ရှုခွင့်ရရှိခဲ့ပါသည်။

ဆရာသူရဇော် စာစုစာရင်း(၁၉၆၅–၂၀၀၂) ကို မသင်းသွယ်သွယ်လှိုင်က ၂၀၀၃ ခုနှစ်တွင် လည်းကောင်း၊ ဆရာသူရဇော် စာစုစာရင်း (၂၀၀၃–၂၀၁၃)ကို မောင်အောင်စည်ဟိန်းက ၂၀၁၄ ခုနှစ်တွင် လည်းကောင်း ရေးသားပြုစု တင်သွင်းခဲ့ကြပါသည်။ အဆိုပါ စာစုစာရင်းနှစ်စောင်ကို လေ့လာရင်း ထူးခြားချက်တစ်ရပ်ကို ကျွန်မ တွေ့ရှိခဲ့ရပါသည်။ ယင်းထူးခြားချက်မှာ စာတမ်းရှင်နှစ်ဦးသည် ဆရာသူရဇော်၏ သမီးငယ်နှင့် သားကြီးတို့ ဖြစ်နေကြခြင်းပင်။ ဖခင်ဖြစ်သူရေးသားခဲ့သောစာများကို ကျမ်းပြုစုခွင့်ရရှိသော မောင်နှမနှစ်ဦး၏ ကုသိုလ်ကံကောင်းလေစွ။ ဖခင်နှင့်အတူနေထိုင်ပြီး သိလိုသည်များကို အခါမလပ်မေးမြန်းခွင့်ရရှိကြခြင်းမှာ မဟာအခွင့်အရေးကြီးပင် ဖြစ်ပါသည်။

ဆရာသူရဇော် အတွက်မှာလည်း ရင်နှစ်သည်းချာ သားသမီးနှစ်ဦးက ဖခင်ဖြစ်သူရေးသားခဲ့သော ကဗျာများ၊ ဆောင်းပါးများ၊ ရတုပို့ဒ်စုံများ၊ တေးထပ်များ၊ ဗုဒ္ဓစာပေများ၊ လုံးချင်းစာအုပ်များ၊ ဖတ်ကြားခဲ့သောစာတမ်းများ၊ ပါဝင်ရေးသားခဲ့သော စာနယ်ဇင်းများနှင့် စာအုပ်များ၊ အယ်ဒီတာဘဝ တွေ့ဆုံမေးမြန်းခန်းများကို စာအုပ်ထုတ်ဝေခဲ့သော ရက်စွဲ၊ စာမူပါဝင်ခဲ့သော ရက်စွဲနှင့် စာစောင်အမည်စသည်ဖြင့် အသေးစိတ်မှတ်တမ်းမှတ်ရာ ပြည့်ပြည့်စုံစုံ ကျန်ရှိသည့် ကျမ်းနှစ်စောင် ပြုစုနိုင်ခဲ့ခြင်းမှာ အခြားစာရေးဆရာများနှင့်မတူ မဟာအခွင့်ထူးကြီးကို ရရှိခဲ့ခြင်းပင် ဖြစ်ပါသည်။ ကုသိုလ်ထူး လေစွ။

ဆရာ့သမီးနှင့် သားတို့က အပိုင်းနှစ်ပိုင်းခွဲ၍ ကျမ်းနှစ်စောင်ပြုစုပြီးသည့်နောက်ပိုင်း ၂၀၁၃ ခုနှစ်မှ ယနေ့အထိ ဆရာသူရဇော် ဆက်လက်ဆောင်ရွက်ရေးသားလျက်ရှိသော စာပေလုပ်ငန်းများကို ဆရာ့အားမေးမြန်းခဲ့ရာ ဆရာက မှတ်တမ်းမှတ်ရာ ပြည့်ပြည့်စုံစုံဖြင့် ထပ်မံဖြည့်စွက်ရေးသားပေးခဲ့ပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က ဆရာဦးစိန်လှိုင် (သူရဇော်) အား ၂၀၂၀ ပြည့်နှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုပေးအပ်စဉ်။

## ဆရာသူရဇော်၏ ဘဝဖြစ်စဉ်

ဆရာသူရဇော်ကို ၁၉၄၀ ပြည့်နှစ် မေလ ၂၈ ရက်တွင် ဟံသာဝတီခရိုင် တွံတေးမြို့နယ် ကင်းရွာကျေးရွာ၌ ဦးအောင်ခင်၊ ဒေါ်စိန်ပုတို့မှ မွေးဖွားခဲ့ပါသည်။ ငယ်စဉ်က ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ကြားခဲ့ရသည်။ လောကုတ္တရာစာပေများဖြစ်သော ပရိတ်ကြီး၊ လောကနီတိ၊ သင်္ဂြိုဟ်စသည့် ပါဠိစာပေများ သင်ကြားရသည်။ ကဗျာရေးနည်းအခြေခံကိုလည်း သင်ကြားရသည်။ အဘိုးဖြစ်သူ ဦးဇော်ကုလားထံမှ စာပေအမွေအနှစ်ကို ရခဲ့သည်။ အမည်ရင်းမှာ ဦးစိန်လှိုင်ဖြစ်သည်။

၁၉၅၅ ခုနှစ်တွင် ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်ကာ အတန်းပညာကို အလွတ်ပညာသင် ကျောင်းတက်၍ သင်ယူခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် တန်းမြင့်ကျောင်းထွက်စာမေးပွဲ အောင်မြင်သည်။ ဆရာသည် ကျောင်းစာသင်ယူရင်း တစ်ဖက်မှ ကဗျာလင်္ကာအရေးအသားကို လေ့လာလိုက်စား၍ ၁၉၅၈ ခုနှစ်တွင် ဟံသာဝတီသတင်းစာ ကျောင်းသားကဏ္ဍ၌ ကဗျာများ စတင်ရေးသားခဲ့သော်လည်း ကလောင်အမည် အတည်တကျ မရှိခဲ့သေးချေ။

၁၉၆၅ ခုနှစ်တွင် သူရဇော်ကလောင်အမည်ခံယူပြီး တိုင်းရင်းမေဂျာနယ်၌ ကဗျာများ ရေးသားခဲ့သည်။ ၁၉၅၉ ခုနှစ်မှ စတင်ကာ ပြည်သူ့လုပ်ငန်းကော်ပိုရေးရှင်းရုံးချုပ်တွင် နိုင်ငံ့ဝန်ထမ်းအဖြစ် အမှုထမ်းရင်း ၁၉၆၆ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည်။ တက္ကသိုလ်ပညာကို လုပ်သားများကောလိပ်တွင် သင်ယူကာ ၁၉၇၁ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ (မြန်မာစာ) ကို ရရှိခဲ့သည်။ ဘွဲ့ရပြီး လုပ်သားများ ကောလိပ်တွင်ပင် အချိန်ပိုင်းနည်းပြအဖြစ် နှစ်နှစ် ဆောင်ရွက်ခဲ့သည်။ မဟာဝိဇ္ဇာ အရည်အချင်းစစ်တန်းကို လုပ်သားများကောလိပ်မှာပင် နှစ်နှစ်ဆက်လက်တက်ရောက်ခဲ့ပြီး ၁၉၇၈ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၌ မဟာဝိဇ္ဇာတန်းကို တက်ရောက်သင်ယူခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ကိုရရှိခဲ့ပြီး ယင်းနှစ်မှာပင် နိုင်ငံ့ဝန်ထမ်းဘဝမှ အငြိမ်းစားယူခဲ့ကာ စာပေနယ်သို့ ခြေစုံပစ်ဝင်ခဲ့သည်။

## ဆရာသူရဇော်၏ စာပေနှင့် ဂီတဝါသနာ

ဆရာသူရဇော်ငယ်စဉ်က ကဗျာလင်္ကာစာပေကို လေ့လာလိုက်စားသည့်အချိန်က များခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် "သူရဇော်" ကလောင်အမည်ခံယူသည်အထိ ရေးသားမှုထက် လေ့လာဖတ်ရှုမှုက ပိုများခဲ့သည်။ ဆရာငယ်စဉ်က ကဗျာရေးနည်းကျမ်းငယ်များဖြစ်သော ဆရာကြီး မင်းသုဝဏ်၏ "ကဗျာရေးချင် စာစပ်သင်"၊ ဆရာကြီးဦးဘိုးငွေ၏ "တန်းမြင့်ကဗျာဖွဲ့နည်း"၊ ဆရာကြီး နန်းညွှန့်ဆွေ၏ "ခေတ်မီကဗျာဖွဲ့နည်း"၊ ဆရာကြီး ဦးချစ်စရာ၏ "ကဗျာဖွဲ့နည်းကျမ်း"၊ သူရိယပဏ္ဍိတ်၏ "အမြန်ဆုံး ကဗျာရေးနည်း"၊ ဆရာကြီး ဦးသော်ဇင်၏ "ကဗျာလမ်းညွှန်" တို့ကိုလည်းကောင်း၊ ကျမ်းကြီးများဖြစ်သော ဆရာလွန်း (သခင်ကိုယ်တော်မှိုင်း)၏ "ကဗျာသာရတ္ထသင်္ဂြိုဟ်"၊ ပုဂံဝန်ထောက် ဦးတင်၏ "ကဗျာဗန္ဓသာရကျမ်း"၊ ပုပ္ပားဦးကျော်ရင်၏ "ကဝိဘာရတီကျမ်း"၊ ဦးတင့်ဆွေ၏ "ကဗျာဖွဲ့နည်း နိသျှည်း"၊ ဦးထွန်းရွှေ၏ "ကဗျာ့စွယ်စုံကျမ်းကြီး"၊ ဦးလွင်၏ "ကဗျာ သင်္ဂဟမေဒနီ" တို့ကိုလည်းကောင်း လေ့လာဖတ်ရှုဆည်းပူးခဲ့သည်။ ထို့ကြောင့်လည်း ဆရာသူရဇော်သည် ကဗျာအောက်သက်ကျေသူတစ်ဦးဟု ဆိုက မှားမည်မထင်ပါ။


ဆရာသည် ဂီတကိုလည်း ဝါသနာထုံသဖြင့် အသက် ၂၀ နှင့် ၂၅ နှစ်ကြား လူငယ်ဘဝတွင် မဟာဂီတ အဆိုအတီးကိုလည်း လေ့လာသင်ယူလိုက်စားခဲ့သည်။ ၁၉၆၅ ခုနှစ်မှစ၍ ယနေ့တိုင်အောင် နှစ်ပေါင်း ၅၀ ကျော်မျှ ကဗျာကို စိုက်လိုက်မတ်တတ်ရေးသားခဲ့ရာ စာပေလောက သားတို့က ကဗျာဆရာဟုပင် အသိအမှတ်ပြုကြပါသည်။ ကဗျာများကို အသံသာအောင်၊ အချိုးကဗျာများကို အသံကျအောင်၊ တေးထပ်ကဗျာ၊ ရတုကဗျာတို့ကို ဆို၍ရအောင် ရေးနိုင်သည်မှာလည်း မဟာဂီတကို လိုက်စားခဲ့သဖြင့် စည်းဝါးနားလည်၍ဖြစ်ကြောင်း သိရှိရပါသည်။












စာမျက်နှာ ၁၁ သို့

*စာမျက်နှာ ၁၀ မှ*

ဆရာသူရဇော်သည် တေးထပ်ပိုဒ်စုံ၊ ရတုကဗျာတို့ကို ကျွမ်းကျင်စွာ ရေးသားနိုင်ခဲ့ရုံမျှမက အတီးနှင့်တွဲဖက်၍လည်း ကိုယ်တိုင်သီဆိုနိုင်ကြောင်း တွေ့ရပါသည်။ ယခင်က "တေးကြေးမုံ"၊ "ပုဂံဂီတ"၊ "ဆောက်လုပ်ရေးအနုပညာအဖွဲ့" များတွင် သီချင်းများသီဆို အသံလွှင့်ခဲ့သည်။ နယ်လှည့်ဖျော်ဖြေရေးများတွင် ပါဝင်သီဆိုခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် ပထမဆုံးဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံ ဂီတကောင်စီတွင်လည်း အမှတ်-၅၉၄ ဖြင့် အဖွဲ့ဝင်ဖြစ်ခဲ့ကြောင်း သိရပါသည်။

**ဂန္ထဝင်ကဗျာ အကျော်အမော်**

ဆရာသူရဇော်သည် မြန်မာရှေးရိုးကဗျာ၊ ဂန္ထဝင်ကဗျာသမားအဖြစ်၊ မြန်မာစာပေချစ်သူအဖြစ် စာပေနယ်တွင် ကျင်လည်နေသူတစ်ဦး ဖြစ်ပါသည်။ တစ်ချိန်က အမျိုးသားစာပေဆုရွေးချယ်ရေးအဖွဲ့တွင် ကဗျာဆုနှင့် ပတ်သက်၍ အယူအဆကွဲပြားမှု ဖြစ်ပေါ်ခဲ့ဖူးပါသည်။ ကဗျာဆု တစ်ဆုပဲ ပေးမည်ဆိုသော အုပ်စုနှင့် ကဗျာဆုနှစ်ဆုပေးလိုသော အုပ်စုဟူ၍ အုပ်စုနှစ်စု ရှိလာပါသည်။

တချို့က မော်ဒန်ကဗျာကို တစ်ဆု၊ ရှေးရိုးမြန်မာကဗျာ (ကာရန်ကဗျာ) ကို တစ်ဆု၊ ဆုနှစ်ဆု ပေးစေလိုသည်။ နောက်တစ်ဖွဲ့က ကဗျာဆုတစ်ဆုသာ ပေးသင့်သည်။ မော်ဒန်က ကောင်းလျှင် မော်ဒန်ကို ပေးမည်။ ရှေးရိုးစဉ်လာကဗျာကကောင်းလျှင် ကာရန်ပါကဗျာ (သမားရိုးကျကဗျာ) ကို ပေးမည်ဟု အငြင်းပွားကြခြင်း ဖြစ်ပါသည်။

မြန်မာစာပေနယ်ပယ်တွင် မြန်မာစာကို ထဲထဲဝင်ဝင် သိနားလည်သူ၊ ခေတ်ပေါ်စာ၊ ရှေးရိုးစာများကိုလည်း နားလည်ကျွမ်းကျင်သူ ဆရာသူရဇော်သည် သူယုံကြည်ရာ ဂန္ထဝင်ကဗျာဘက်မှ ခိုင်ခိုင်မာမာရပ်တည်ကာ ရဲရဲဝံ့ဝံ့ ဆွေးနွေးတင်ပြခဲ့ပါသည်။ ယုံကြည်သည့်အတိုင်းလည်း ဂန္ထဝင်ကဗျာ အကျော်အမော်ပီသစွာ ဆုံးဖြတ်ချက်ချပြီး စာပေဆုရွေးချယ်ရေးအဖွဲ့များမှ နုတ်ထွက်ခဲ့ဖူးပါသည်။

**စွယ်စုံရ စာစုံရေးနိုင်သူ**

ဆရာသည် သူရဇော်နှင့် ဦးစိန်လှိုင် (မဟာဝိဇ္ဇာ) ဟူသော ကလောင်အမည်များအပြင် ဆရာ၏ အဆိုအရ ကလောင်ပုန်းများဖြစ်သော မောင်ဇော်ထွေး၊ ငွေစန်းယုန်၊ လှိုင်၊ ရွှေကင်းစိန်၊ အင်္ဂရာဇာ တို့ဖြင့်လည်း စာစုံရေးခဲ့သည်။

ဆရာရေးသားခဲ့သည့် စာများကို အမျိုးအစားခွဲခြားရလျှင် ကဗျာ၊ ရုပ်ပြ၊ ဝတ္ထု၊ ခရီးသွား၊ ထေရုပ္ပတ္တိ၊ ဘာသာရေး၊ အတ္ထုပ္ပတ္တိ၊ တွေ့ဆုံမေးမြန်းခန်း၊ စာတမ်း၊ ကလေးကဗျာ၊ ဘာသာပြန်၊ ဂမ္ဘီရ စသည်ဖြင့် စာစုံသလို အစိုးရဝန်ထမ်းဘဝတွင်လည်း တံတားဖွင့်ပွဲများအတွက် သီချင်းများ၊ ပြဇာတ်များလည်း ရေးသားခဲ့သေးသည်။









ဆရာသည် မြသားနီလာကဗျာများ၊ ညောင်ညိုတန်းနှင့် ရေချမ်းစင်ကဗျာများ၊ ကဗျာစိန်ပွင့်၊ မုဒိတာဝန္ဒနာကဗျာအလင်္ကာကြိုး ကဗျာစာအုပ်များ ရေးသားထုတ်ဝေခဲ့ပါသည်။ မုဒိတာဝန္ဒနာတွင် ရှစ်လုံးဖွဲ့ ရှစ်ပုဒ်၊ ရတု ၂၃ ပုဒ်နှင့် တေးထပ်ပုဒ် ၁၈၀ ပါဝင်ပါသည်။

ဆရာသူရဇော်သည် ၁၉၆၈ ခုနှစ် အသက် ၂၈ နှစ်အရွယ်မှာပင် "ရောင်နီဦးကဗျာများ" စာမူဖြင့် အမျိုးသားစာပေ (ကလေးစာပေ) စတုတ္ထဆုကို ရရှိခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် "ကျေးလက်မြင်ကွင်း စာပျိုးခင်း" စာမူဖြင့် စာပေဗိမာန် (လူငယ်စာပေ) တတိယဆုကို လည်းကောင်း၊ ၁၉၇၈ ခုနှစ်တွင် "မြသားနီလာကဗျာများ" စာအုပ်ဖြင့် အမျိုးသားစာပေ (ကဗျာ) ဆုကိုလည်းကောင်း၊ ၁၉၉၅ ခုနှစ်တွင် "အချိုးကဗျာလေ့လာချက်" စာမူဖြင့် ပခုက္ကူဦးအုံးဖေစာပေဆု (ကျမ်းစာပေ) ပထမဆုကို လည်းကောင်း၊ ၂၀၁၉ ခုနှစ်အတွက် "စာမရီ" စာမူဖြင့် ပခုက္ကူဦးအုံးဖေစာပေဆု (ကျမ်းစာပေ) ပထမဆုကို လည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။

ဆရာသည် လုံးချင်းဝတ္ထုအနေဖြင့် "သစ္စာဥ်မြေ၊ ငြိုးမာန်တင်းမိသူမို့၊ သံသရာခရီးသည်မလေး၊ ငွေလှေပေါ်က နှလုံးသား၊ အပြာတစ်ခြမ်း မရမ်းတစ်ဝက်" စသည်တို့ကိုလည်းကောင်း၊ ဘာသာရေးစာပေအနေဖြင့် ဗုဒ္ဓလက်ထက်က ဇနီးမောင်နှံများ၊ မန်လည်ဆရာတော်၊ ထွန့်ခေါင်ဆရာတော်၊ ဗန်းမော်ဆရာတော်၊ သင်္ဂဇာဆရာတော်နှင့် တောင်ဖီလာဆရာတော် စသည့်ရဟန်းစာဆို ငါးပါးတို့၏ ထေရုပ္ပတ္တိများ၊ ဗုဒ္ဓလက်ထက်က အမိတဘောဂသူဌေးကြီးငါးဦးစာအုပ်နှင့် ဗုဒ္ဓနှင့်ရဟန္တာများ" စာအုပ်တို့ကို လည်းကောင်း ရေးသားထုတ်ဝေခဲ့သည်။

ဆရာသည် စာတမ်းပေါင်းများစွာကိုလည်း ပြုစုရေးသား ဖတ်ကြားခဲ့ပါသည်။ သိပ္ပံမောင်ဝ ရာပြည့်စာတမ်းဖတ်ပွဲတွင် "သိပ္ပံမောင်ဝနှင့် ကဗျာ" စာတမ်း၊ ကြည့်မြင်တိုင်မြို့နယ် စာဆိုတော်နေ့အထိမ်းအမှတ် "စာပေကြည့်မြင်တိုင်" စာတမ်း၊ သုတဘဏ်စာတမ်းဖတ်ပွဲတွင် "အချိုးကဗျာ" စာတမ်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အဘိဓမ္မာပြန့်ပွားရေးအသင်းတွင် "အဘိဓမ္မာ၏ အခြေခံသဘောတရား" စာတမ်း၊ ဆရာဇော်ဂျီမွေးနေ့ရာပြည့်အထိမ်းအမှတ်အဖြစ် "ဆရာဇော်ဂျီနှင့် ကဗျာဂီတ" စာတမ်း၊ ကလေးစာပေ နှစ် ၅၀ ရွှေရတုအထိမ်းအမှတ်အဖြစ် "ကလေးစာပေ ရွှေရတုလမ်းကြောင်း" စာတမ်း၊ စာပေနိုဘယ်ပွဲတော်တွင် "ကလေးရေးတဲ့ ကလေးကဗျာ" စာတမ်း၊ အနုပညာဦးစီးဌာန၏ အနုသုခုမ ဆိုင်ရာသုတေသနစာတမ်းဖတ်ပွဲ၌ "တေးဂီတနှင့် ဇာတ်သဘင်မှ အချိုးကဗျာ" စာတမ်း၊ မြန်မာစာပေချစ်မြတ်နိုးသူများအသင်း စာတမ်းဖတ်ပွဲတွင် "ရတုကဗျာထွေတလာ" စာတမ်း စသည်ဖြင့် စာတမ်းပေါင်းများစွာကို အခါအခွင့်သင့်တိုင်း မညည်းမညူ အပင်ပန်းခံကာ အချက်အလက်များ လေ့လာစုဆောင်း သုတေသနပြုပြီး ရေးသားဖတ်ကြားခဲ့သည်။

ထိုသို့ဘဝတစ်သက်တာတစ်လျှောက်လုံး ပြည်သူ့အကျိုးပြု စာပေအမျိုးအစားပေါင်းမြောက်မြားစွာ အားထုတ်ရေးသားခဲ့သဖြင့် ဆရာသူရဇော်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၀ ပြည့်နှစ်အတွက် **'အမျိုးသားစာပေတစ်သက်တာဆု'** ကို ချီးမြှင့်ခဲ့သည့်အပြင် ၂၀၂၂ ခုနှစ် မတ်လ ၂၇ ရက်ကလည်း 'အလင်္ကာကျော်စွာဘွဲ့' ကို ထပ်မံချီးမြှင့်အပ်နှင်းခဲ့ပါသည်။

**ကဗျာသမားပီပီ**

၁၉၉၉ ခုနှစ် ဇွန်လ ၇ ရက်နှင့် ၈ ရက်နေ့များတွင် ယဉ်ကျေးမှုဝန်ကြီးဌာနက ကျင်းပခဲ့သော စာရေးဆရာကြီး သိပ္ပံမောင်ဝ နှစ်တစ်ရာပြည့် အထိမ်းအမှတ်စာတမ်းဖတ်ပွဲ၌ စာတမ်း ရှစ်စောင်တင်သွင်းဖတ်ကြားခဲ့ရာ ဆရာသူရဇော်၏ "သိပ္ပံမောင်ဝနှင့် ကဗျာစာပေ" စာတမ်းလည်း တစ်ခုအပါအဝင် ဖြစ်ပေသည်။

ဆရာသူရဇော်သည် စာတမ်းတစ်စောင်ရေးသားပြုစုဖတ်ကြားရန် အခွင့်ကြုံလာစဉ် "ဘာရေးမလဲ" ဟု စဉ်းစားသောအခါ ကဗျာရေးသူ၊ ကဗျာသမားတစ်ယောက်ပီပီ ကဗျာနှင့် ပတ်သက်ရာကိုသာရေးမည်ဟု စိတ်ကူးရခဲ့ပါသည်။ စိတ်ကူးရခဲ့သည့်အတိုင်း **စကားပြေဆရာကြီး သိပ္ပံမောင်ဝ**ဟု ထင်ရှားသည့် ပုဂ္ဂိုလ်ကြီး၏ အတော်လျှို့လျှို့ဝှက်ဝှက်ရေးခဲ့ဟန်တူသော ကဗျာများကို ဆရာသူရဇော်က ကောက်ရိုးပုံထဲတွင် အပ်ကိုရှာရသည့်ပမာ စာအုပ်ပေါင်းများစွာအားခဲခဲယဉ်းယဉ်း နှိုက်နှိုက်ချွတ်ချွတ် ရှာဖွေဖတ်ရှုခဲ့ရပါသည်။

ဆရာသူရဇော်၏ကြိုးပမ်းအားထုတ်မှုကြောင့် **ကဗျာဆရာ သိပ္ပံမောင်ဝ**ဟု ကင်ပွန်းတပ်လိုက တပ်နိုင်အောင် သိပ္ပံမောင်ဝ၏ ကဗျာများကို စာတမ်းဖတ်ပွဲတွင် ဖော်ထုတ်တင်ပြနိုင်ခဲ့ပါသည်။

**ဆရာသူရဇော်၏ အယ်ဒီတာဘဝ**

ဆရာသည် မူလက ကဗျာဆရာဖြစ်ရန်သာ ရည်ရွယ်၍ ကဗျာများ ရေးသားရာမှ နောက်ပိုင်း စာအစုံရေးသူဖြစ်လာပြီး လုံးဝမရည်ရွယ်ခဲ့သော အယ်ဒီတာဘဝသို့ ရောက်ခဲ့ရသည်။ ဆရာသည် ၁၉၈၄ ခုနှစ်တွင် စာပေလုပ်သားမဂ္ဂဇင်း၏ ပထမဦးဆုံး အယ်ဒီတာဖြစ်ခဲ့သည်။ စာပေလုပ်သားမဂ္ဂဇင်း အယ်ဒီတာအဖြစ် တစ်နှစ်တာဝန်ထမ်းဆောင်ပြီး သပြေတေးမဂ္ဂဇင်း၊ စစ်ပြန်မဂ္ဂဇင်း၊ စံပယ်ဖြူ မဂ္ဂဇင်းများတွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် ခတ္တိယ အသုံးချသိပ္ပံနှင့် နည်းပညာဂျာနယ်တွင် တာဝန်ခံစာတည်းအဖြစ် ဆောင်ရွက်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် အနားယူခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ဂန္ထဝင်မဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ် ထမ်းဆောင်ခဲ့ပြန်သည်။ ထို့နောက် ပိတောက်နွယ်မဂ္ဂဇင်း၊ ဓမ္မဒူတဘာသာရေးမဂ္ဂဇင်းတို့တွင် တာဝန်ထမ်းဆောင်ရင်း အယ်ဒီတာဘဝကို ၃၃ နှစ်တိုင်တိုင် ဖြတ်သန်းခဲ့သည်။

**ကလေးများကိုချစ်သော ဆရာသူရဇော်**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က မြန်မာစာပေလောကနှင့် စာပေပညာရှင်များ၏အကျိုးကို သယ်ပိုးလိုသောစေတနာနှင့် စာပေနီးနှောဖလှယ်ပွဲများ၊ စာတမ်းဖတ်ပွဲများကို ၁၉၆၅ ခုနှစ်မှစပြီး အစဉ်တစိုက် ကျင်းပပေးလျက်ရှိရာ ၁၉၈၁ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့သော "မြန်မာကဗျာ စာတမ်းဖတ်ပွဲ" လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။

အဆိုပါ စာတမ်းဖတ်ပွဲတွင် သဘာပတိ ဆရာကြီးဦးသိန်းဟန် (ဇော်ဂျီ) က မြန်မာကဗျာ စာတမ်းဖတ်ပွဲ မိတ်ဆက်နိဒါန်းတွင် "အခုအခါမှာ မြန်မာကလေးကဗျာများဟာ တစ်ဟုန်ထိုး တိုးတက်လာတော့ ဒီကဗျာများရဲ့ အကြောင်းအရာနဲ့ အရည်အသွေးတို့ကို သုံးသပ်ဖို့ လိုအပ်လာပြီလို့ ယူဆပါတယ်။ ဒါကြောင့် မြန်မာကလေးကဗျာစာတမ်းကို တင်ပြခြင်းဖြစ်ပါတယ်" ဟု ထည့်သွင်းပြောကြားခဲ့ပါသည်။

အထက်ပါ လိုအပ်ချက်ကို ဖြည့်ဆည်းခဲ့သူမှာ ဆရာသူရဇော်ပင် ဖြစ်သည်။ ဆရာက "မျက်မှောက်ကာလတွင် ကလေးကဗျာရေးဖွဲ့သူ များပြားလာခြင်းမှာ ကလေးများအတွက် ကောင်းသောလက္ခဏာဖြစ်ပါသည်။ ကလေးကဗျာစာအုပ်များ ထိုက်သင့်သလောက် ထွက်လာခြင်းမှာ ဝမ်းသာဖွယ် ဖြစ်ပါသည်။ စာနယ်ဇင်းများအနေဖြင့် ကလေးကဗျာကို အထိုက်အလျောက် နေရာပေးကြသည်။ လုံးဝကျေနပ်ဖွယ်မဟုတ်သည့်တိုင် ကလေးကဗျာများကို လစဉ်မြင်တွေ့ကြရ၍ ပီတိဖြစ်ရပါသည်" ဟု နိဒါန်းပျိုးလျက် "ကလေးကဗျာများ ဖွဲ့ဆိုကြရာတွင် ကဗျာဆရာတို့၏ ရည်ရွယ်ချက်အမြောက်အမြား ရှိကြပါသည်။ ထားရှိသောရည်ရွယ်ချက်များမှာလည်း ကလေးများအတွက် အကောင်းချည်းဖြစ်မည်မှာ သေချာပါသည်။ ရည်ရွယ်ချက်ကို ဖော်ကျူးသော အကြောင်းအရာသည် ကလေးကို ဖျော်ဖြေမှုပေးခြင်း၊ အသိဉာဏ်ဗဟုသုတပေးခြင်းနှင့် ဆုံးမခြင်း စသည့်အချက်ကြီးသုံးခုတွင် စုဝေးတည်ရှိပါသည်။ ထို အချက်ကို ကလေးလက်ခံအောင်ပေးတတ်ဖို့ အရေးကြီးပါသည်။ ယင်းကိစ္စသည် ကလေးကဗျာ၏ အသက်သွေးကြောဖြစ်ပါသည်။ ပညာပေးလိုစိတ်၊ ဆုံးမလိုစိတ် အလောတကြီးဖြစ်လာလျှင် စေတနာမှန်သော်လည်း အပေးမတော်သဖြင့် ဝေဒနာဖြစ်တတ်သည်ကို သတိမူကြရပါမည်။ ကလေး၏ အရွယ်၊ ဗီဇစိတ်၊ ဉာဏ်ရည် စသည်တို့ကို မတွက်ဆ၊ မချင့်ချိန်ဘဲ စေတနာအလောတကြီးဖြင့် ပေးအပ်မိပါက အကျိုးထက် အပြစ်ဖြစ်ဖို့ များပါသည်။ ပညာကို အတုံးလိုက်၊ အတစ်လိုက်ပေးရန် မဟုတ်ပါ။ ပညာလည်း ရစေ၊ ဖတ်၍လည်း စိတ်ပျော်ရွှင်စေဟု ဆိုချင်ပါသည်" ဟု ကလေးများကို ချစ်တတ်သော ဆရာသူရဇော်က စေတနာအမှာစကား လက်ဆောင်ပါးခဲ့ပါသည်။

ထို့ပြင် "ကလေးကို ပညာပေးမယ်၊ ဆုံးမမယ်ဆိုရင် သကြားအုပ်ထားတဲ့ ဆေးကိုကျွေးတဲ့ နမူနာကို ယူရမယ်။ သူတို့ကို ပညာပေးမှန်း၊ ဆုံးမမှန်း မသိစေရဘူး၊ ဒါမှ ကလေးတွေ နှစ်သက်တဲ့ ကဗျာဖြစ်မယ်"ဟု ဆရာကြီးမင်းသုဝဏ် မိန့်ကြားခဲ့သည့်အတိုင်း ကလေးကဗျာရေးသားသူများသည် ပညာပေးဆုံးမခြင်းဖြင့် ကလေးများကို ဆေးခါးကြီး မတိုက်စေလိုကြောင်း၊ သကြားအုပ်ထားသော ဆေးမျိုးနှင့် သကြားလုံးချိုချို ကလေးများကိုကျွေးစေလိုကြောင်းလည်း ဆရာသူရဇော်က စေတနာကောင်းဖြင့် ထပ်လောင်း တိုက်တွန်းနှိုးဆော်ထားပါသည်။

"ကလေးများမှာ အပြစ်ကင်းလွန်းလှသည်။ အပြစ်ကင်းသောကြောင့်လည်း ကလေးများကို ချစ်ကြသည်။ ထိုသို့ချစ်ကြသဖြင့် *(ဆက်လက်ဖော်ပြပါမည်)*

❖ **ထိုသို့ ဘဝတစ်သက်တာတစ်လျှောက်လုံး ပြည်သူ့အကျိုးပြု စာပေအမျိုးအစားပေါင်းမြောက်မြားစွာ အားထုတ်ရေးသားခဲ့သဖြင့် ဆရာသူရဇော်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၀ ပြည့်နှစ် အတွက် 'အမျိုးသားစာပေတစ်သက်တာဆု' ကို ချီးမြှင့်ခဲ့သည့်အပြင် ၂၀၂၂ ခုနှစ် မတ်လ ၂၇ ရက်ကလည်း 'အလင်္ကာကျော်စွာဘွဲ့' ကို ထပ်မံချီးမြှင့်အပ်နှင်းခဲ့**

## အစ္စလာမ်ဘာသာဝင်များ၏ ရာမဒန်လမြတ်ကာလတွင် ဥပုသ်ဝင်ရောက်ကြသူများအတွက် စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်လှူဒါန်း



**နေပြည်တော် မေ ၁၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အစ္စလာမ်ဘာသာဝင်များ၏ ရာမဒန်လမြတ်ကာလတွင် ဥပုသ်ဝင်ရောက်ကြသူများအတွက် စားသောက်ဖွယ်ရာများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက သွားရောက်ပေးအပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အင်းစိန်လမ်းပေါ်ရှိ သမိုင်းဂျာမေဗလီတွင် ဥပုသ်ဝင်ရောက်သူ ၂၀၀၊ တရားပေးဆရာ သုံးဦးနှင့် ဗလီအကျိုးတော်ဆောင်အဖွဲ့ဝင် ၁၀ ဦးတို့အတွက် စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က သွားရောက်ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မေ ၁၁**



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၃၈၆၀၉ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်၌ ဒေသခံပြည်သူ ၁၅၇၁၈ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခု၌ ဒေသခံပြည်သူ ၈၉၂၀ တို့ကို တပ်မတော် ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် မေ ၁၁**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၈၀၊ အမျိုးသမီး ၂၄ ဦး စုစုပေါင်း ၂၀၄ ဦးတို့ကို လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေ ချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

**သတင်းစဉ်**

## တနင်္သာရီမြို့၌ သင်္ကြန်ကာလအကြို ရိုးရာလူကျားအကဖြင့် လှည့်လည်ကပြ

**တနင်္သာရီ မေ ၁၁**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့၏ ရိုးရာဓလေ့တစ်ခုဖြစ်သည့် “လူကျား”အက (ဒေသခေါ်-ကရကျားအက) အဖွဲ့ဝင်များက မေ ၁၀ ရက် နံနက်ပိုင်းတွင် မြို့တွင်းလမ်းများနှင့် လမ်းဆုံလမ်းခွများတွင် ကာယဒါနအဖြစ် လိုက်လံကပြ၍ အလှူခံကြသည်။



ယနေ့တွင် ချောင်းငယ်ရပ်ကွက်ရှိ ကျားအကအဖွဲ့မှ ဦးကျော်ရီနှင့် ဦးအေးလွင်(ခ)ပုံလွှား အပါအဝင် ကျားအက ကပြသူ လေးဦး၊ မုဆိုး တစ်ဦး၊ ကျားထိန်းသူ ၁၀ ဦးနှင့် ဗုံအဖွဲ့ သုံးဦး၊ လောပန်ခွက်ကိုင်ဆောင်သူ လေးဦးတို့ပါဝင်ကြပြီး ၎င်းကုလားကျားအဖွဲ့က ဒေါင်း ဒေါင်းနီ ဂျိမ်း ..စသည့် ဗုံတီးသံစည်းချက်နှင့်အတူ ချောင်းငယ်ရပ်ကွက်၊ ချောင်းကြီးရပ်ကွက်နှင့် ကျေးရွာများအထိ လိုက်လံကပြကြရင်း စေတနာအလျောက် အလှူငွေကောက်ခံကြပြီး ရရှိအလှူငွေများအား ဘုရားပုထိုး၊ စေတီများပြုပြင်ရာတွင် ထည့်ဝင်လှူဒါန်းကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ကုလားကျား ကပြဖျော်ဖြေခြင်းအား နှစ်စဉ် နှစ်သစ်ကူးမဟာသင်္ကြန် အကြိုကာလရက်များတွင် ကပြလေ့ရှိသော်လည်း ၂၀၂၀ ပြည့်နှစ်မဟာသင်္ကြန်ကာလတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေမှုကြောင့် ကပြခြင်းမပြုလုပ်နိုင်ခဲ့ကြောင်း၊ တနင်္သာရီမြို့နေ ဒေသခံပြည်သူများကလည်း ကုလားကျားကပြဖျော်ဖြေချိန်အား စောင့်မျှော်၍ စည်ကားစွာလိုက်လံ အားပေးကြည့်ရှုပြီး အလှူငွေများ ထည့်ဝင်လှူဒါန်းခြင်း ပြုလုပ်လေ့ရှိကြကြောင်း သိရသည်။

တနင်္သာရီမြို့တွင် ကုလားကျားကပြသည့်အဖွဲ့များအဖြစ် ချောင်းငယ်ရပ်ကွက်တွင်မှု နှစ်စဉ်ပင်တိုင်ကပြသူ (လေး/ငါး)ဦးရှိပြီး၊ ချောင်းကြီးရပ်ကွက်တွင် ခြောက်ဦးရှိကြောင်း၊ အဆိုပါ ကုလားကျားကပြသူ ကျားစိတ်ဝင်လာချိန်တွင် ထိန်းသိမ်းမည့်သူသည် ကပြသူ၏ခါးတွင် သံကြိုး သို့မဟုတ် အခြားခိုင်ခံ့သည့်ကြိုးကို ချည်နှောင်ထိန်းကိုင်၍ ကပြသူ၏ အနောက်၌ သတိရှိစွာ ချုပ်ကိုင်ထိန်းသိမ်းရကြောင်း၊ ၎င်းထိန်းချုပ်သူအားနည်းပါက ကပြသူ၏ မျက်နှာ ခန္ဓာကိုယ်နှင့် ခြေလက်တို့တွင် ထိခိုက်ဒဏ်ရာရမှုများရှိကြောင်း၊ ကပြမည့်သူအား ကျားတစ်ကောင်ကဲ့သို့ အသွင်ပြောင်းရန် ခံဆေး/သုတ် ဆေးရောင်စုံတို့ဖြင့် ရေးခြယ်ပေးရကြောင်း၊ ကျားစိတ်ဝင်စေရန် ဗုံအဖွဲ့မှဗုံသံပေးပြီး မုဆိုးအဖြစ်ပါဝင်သူက ဟန်ရေးပြပေးရကြောင်း သိရသည်။

ယနေ့ကပြဖျော်ဖြေသည့် ချောင်းငယ်ရပ်ကွက်ကုလားကျားအဖွဲ့သည် အလှူငွေကျပ် ၃၇၀၀၀၀ ခန့် အလှူခံရရှိခဲ့ပြီး ၎င်းအလှူငွေများကို တနင်္သာရီမြို့နယ် သိန်ခွန်းအုပ်စု သဲဖြူကျေးရွာ အာသောကရာမ ဘုန်းတော်ကြီးကျောင်းတွင် တည်ထားကိုးကွယ်မည့် လောကချမ်းသာစေတီတည်ဆောက်ရာတွင် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**

# ပါကစ္စတန်အတိုက်အခံပါတီမှ ရှာရစ်ဖ်အား (၂၃) ဦးမြောက် ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်



(၂၃) ဦးမြောက် ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ရှာဘတ် ရှာရစ်ဖ်။

အစ္စလမ္မာဘတ် ဧပြီ ၁၁

**ပါကစ္စတန်အတိုက်အခံပါတီမှ ပူးတွဲအမတ်လောင်းတစ်ဦးဖြစ်သူ ရှာဘတ် ရှာရစ်ဖ်အား (၂၃) ဦးမြောက် ဝန်ကြီးချုပ်အဖြစ် ဧပြီ ၁၁ ရက်က ရွေးကောက်တင်မြှောက်ခဲ့ကြောင်း အရာရှိတစ်ဦးက ပြောကြားလိုက်သည်။**

ဝန်ကြီးချုပ်သစ် ရွေးကောက်နိုင်ရေးအတွက် အမျိုးသားလွှတ်တော်ညီလာခံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသော ဆာဒါ အာယက်ဇ်ဆာဒစ်က ရှာဘတ်ကို အမတ်နေရာ ၃၄၂ နေရာရှိသည့် လွှတ်တော်တွင် ၁၇၄ ဦးက မဲပေးခဲ့ကြောင်း ပြောကြားခဲ့သည်။

ပါကစ္စတန် တာရစ်ကီအင်ဆက်ဖ်ပါတီအမတ်လောင်းဖြစ်သူ ရှာမိုဟာမက်ကွတ်ရှီက ၎င်း၏ပါတီသည် မဲရလဒ်များကို သပိတ်မှောက်သွားရန် ဆုံးဖြတ်ထားကြောင်းနှင့် သူ့ပါတီမှ လွှတ်တော်ဥက္ကဋ္ဌများကိုလည်း နုတ်ထွက်ရန် တိုက်တွန်းထားသည်။

မတ် ၂၈ ရက်က အတိုက်အခံပါတီများက ယခင်ဝန်ကြီးချုပ်ဟောင်း အင်မရမ်ခန်အပေါ် အယုံအကြည်မရှိ အဆိုပြုချက်ကို တင်သွင်းခဲ့သည်။ ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ်သစ်အဖြစ် ရွေးကောက်ထားသည့် ရှာဘတ်က သူ၏ပထမဆုံး နိုင်ငံမိန့်ခွန်းတွင် ဝန်ကြီးချုပ်တစ်ဦးအပေါ် အယုံအကြည်မရှိ အဆိုပြုချက်တင်သွင်းအောင်မြင်မှုသည် သမိုင်းတွင် ပထမဆုံးဖြစ်ကြောင်း ပြောကြားလိုက်သည်။

နိုင်ငံတစ်နိုင်ငံလုံးအတွက် အကြီးဆုံးအောင်မြင်မှုဖြစ်ကြောင်း၊ စီးပွားရေးဆိုင်ရာ ညွှန်းကိန်းများသည် အကောင်းဘက်သို့ စတင်ရောက်ရှိနေပြီဖြစ်ကြောင်း ရှာဘတ်က ပြောကြားလိုက်သည်။ **ဆင်ဟွာ**

# နယူးယောက်မြို့တော်ဝန် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသော်လည်း တာဝန်များဆက်လက်ထမ်းဆောင်နေ

**နယူးယောက် ဧပြီ ၁၁**




နယူးယောက်မြို့တော်ဝန် အဲရစ် အဒမ်။

နယူးယောက်မြို့တော်ဝန် အဲရစ် အဒမ်သည် ဧပြီ ၁၁ ရက်က ကိုဗစ်-၁၉ စမ်းသပ်တွေ့ရှိခဲ့ကြောင်း မြို့တော်ဝန်ရုံးက ထုတ်ပြန် ကြေညာချက်တွင် ဖော်ပြလိုက်သည်။

မြို့တော်ဝန်တွင် တခြားရောဂါလက္ခဏာများ မတွေ့ရှိရကြောင်း၊ သို့သော်လည်း ၎င်းသည် သီးသန့်ခွဲခြား စောင့်ကြည့်နေထိုင်သွားမည်ဖြစ်သည့်အပြင် ကျန်ရှိနေသေးသည့် အများပြည်သူ အခမ်းအနားများကို ဖျက်သိမ်းထားကြောင်းလည်း သိရသည်။

နယူးယောက် ဒေသခံများအတွက် အခမဲ့ပေးဝေသော ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကာကွယ်ဆေးများကိုလည်း စတင်သုံးစွဲသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် နယူးယောက် ဒေသခံများကိုလည်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကာကွယ်ဆေးများ အသုံးပြုရန် တိုက်တွန်းထားသည်။

အဒမ်သည် ဝါရှင်တန်ဒီစီ၊ ဂရီဒီရွန်ကလပ်တွင် ကျင်းပသော အခမ်းအနားတစ်ခုတွင် ပါဝင်ခဲ့သော်လည်း အကြိမ်ပေါင်းများစွာ စမ်းသပ်မှုများက ကိုဗစ်-၁၉ ကင်းစင်ကြောင်း ဖော်ပြလျက်ရှိသည်ဟု အဒမ် ၏ ပြန်ကြားရေးတာဝန်ခံ ဖာဗီယန် လီဗီက ပြောကြားသည်။

ကိုဗစ်-၁၉ ကပ်ရောဂါသည် အမေရိကန်ပြည်ထောင်စု အရှေ့မြောက်နှင့် အရှေ့ဘက် ကမ်းရိုးတန်းဒေသများတွင် တစ်ကျော့ပြန်ဖြစ်ပွားလာခဲ့ကြောင်း စာရင်းဇယားများတွင် ဖော်ပြသည်။

အမေရိကန် အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပယ်လိုစီနှင့် အိမ်ဖြူတော် ပြန်ကြားရေးတာဝန်ခံ ဂျန်ဆာကီအပါအဝင် အစိုးရအဆင့်မြင့်ပိုင်း အရာရှိများတွင် မကြာသေးမီက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားခဲ့သေးကြောင်း သိရသည်။ လွန်ခဲ့သောရက်က အမေရိကန် ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၂၈၅၁ ဦးရှိခဲ့မှုကြောင့် ယခုအခါတွင် နိုင်ငံတစ်ဝန်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် ၈၀၄၀၀၀၀၀ အထိ ရောက်ရှိလာခဲ့ကြောင်း ဂျွန်ဟော့ကင်း တက္ကသိုလ်က သတင်းထုတ်ပြန်လိုက်သည်။ **ဆင်ဟွာ**

# အာဖရိကတွင် ကိုဗစ်-၁၉ အတည်ပြုလူနာ ၁၁၃၆၃၇၃၈ ဦးအထိရှိ

**အဒစ်အဘာဘာ ဧပြီ ၁၁**



**ကင်မရွန်းနိုင်ငံ ယအွန်ဒေးဒေသတွင် ကျန်းမာရေးဝန်ထမ်းတစ်ဦးက အမျိုးသားတစ်ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။**

အာဖရိကတွင် ဧပြီ ၁၀ ရက် ညနေပိုင်းအထိ ကိုဗစ်-၁၉ အတည်ပြုလူနာ အရေအတွက် ၁၁၃၆၃၇၃၈ ဦးအထိ ရှိလာခဲ့ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (အာဖရိက စီဒီစီ) က ပြောသည်။

အာဖရိကသမဂ္ဂ ကျန်းမာရေးအဖွဲ့က အာဖရိကတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၅၁၅၁ ဦးအထိ ရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန် လာသူပေါင်း ၁၀၇၂၅၉၀၄ ဦးအထိ ရှိလာခဲ့သည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီဂျစ်နှင့် လစ်ဗျားနိုင်ငံတို့သည် အာဖရိကတိုက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးနိုင်ငံများ ဖြစ်ကြောင်း အာဖရိက စီဒီစီက ဖော်ပြထားသည်။

တောင်အာဖရိကသည် အာဖရိကတိုက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၇၃၁၂၄၇ ဦးရှိသည်။ ထို့နောက် မော်ရိုကိုတွင် ဧပြီ ၁၀ ရက် ညနေပိုင်းအထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၁၆၃၉၆၂ ဦးအထိ ရှိလာခဲ့ပြီး ဒုတိယကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွင် တောင်အာဖရိကသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံး ဒေသတစ်ခုဖြစ်ပြီး အာဖရိကတိုက်၏ မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများသည် ဒုတိယ အများဆုံး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားရာ ဒေသများ ဖြစ်ကြသည်။ အာဖရိကအလယ်ပိုင်းသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အနည်းဆုံးဖြစ်သည်။ **ဆင်ဟွာ**

# ၂၀၃၂ ခုနှစ် အိုလံပစ်ပွဲတော်အတွက် ညွှန်ကြားရေးမှူးများဘုတ်အဖွဲ့ကို ထုတ်ပြန်

**ဆစ်ဒနီ ဧပြီ ၁၁**

ဩစတြေးလျအိုလံပစ်ကော်မတီသည် ၂၀၃၂ ခုနှစ် ဘရစ္စဘိန်းတွင် တတိယအကြိမ်မြောက် ကျင်းပပြုလုပ်မည့် အိုလံပစ်ပွဲတော်အတွက် ညွှန်ကြားရေးမှူးများဘုတ်အဖွဲ့ကို ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

အိုလံပစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ကွင်းစလန်းပြည်နယ်ဝန်ကြီးချုပ် အန်နာစတာ စီယာ ပါလပ်စ်ဇူခ်က ဩစတြေးလျဝန်ကြီးချုပ်နှင့်အတူ ဧပြီ ၁၁ ရက်က ထိုသို့ ကြေညာချက်ထုတ်ပြန်လိုက်ခြင်း ဖြစ်သည်။ အိုလံပစ်ကျင်းပရေးကော်မတီဘုတ်အဖွဲ့ကို ဩစတြေးလျ စီးပွားရေးနှင့် အားကစားနယ်ပယ်တွင် ထင်ရှားသူ ငါးဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရ သည်။ အဆိုပါအဖွဲ့၏ အကြီးအကဲဖြစ်သူမှာ Dow Chemical မှ စီအီးအိုနှင့် ဥက္ကဋ္ဌဟောင်းဖြစ်သူ အန်ဒရူး လီဗရစ်ဆိုသူဖြစ်ကြောင်း သိရသည်။

မြို့တော်ဘရစ္စဘိန်းတွင် အိုလံပစ်ပြိုင်ပွဲအတွက် အားကစားကွင်း လေးကွင်း ထပ်မံတည်ဆောက်သွားရန် စီစဉ်ထားကြောင်း သိရသည်။ ဩစတြေးလျနိုင်ငံသည် အိုလံပစ်ပြိုင်ပွဲကို ၁၉၅၆ ခုနှစ်တွင် မဲလ်ဘုန်းနှင့် ၂၀၀၀ ပြည့်နှစ်တွင် ဆစ်ဒနီတို့တွင် ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ယခုအကြိမ်ပြုလုပ်မည့် အိုလံပစ်ပွဲတော်သည် ဘရစ္စဘိန်း၌ ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူသစ် ၂၅၆၈ ဦးရှိလာ

**စင်ကာပူ ဧပြီ ၁၁**

စင်ကာပူနိုင်ငံတွင် ဧပြီ ၁၁ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူသစ် ၂၅၆၈ ဦး ရှိလာသောကြောင့် စုစုပေါင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၁၄၀၅၆၉ ဦးအထိ ရောက်ရှိလာခဲ့သည်။

အသစ်ထပ်မံကူးစက်ဖြစ်ပွားသော ကိုဗစ်-၁၉ အတည်ပြုလူနာများအနက် ၃၈၈ ဦးမှာ ပီစီအာရ်နည်းဖြင့်စမ်းသပ်စစ်ဆေးခဲ့ပြီး ၂၁၈၀ မှာ အေအာရ်တီနည်းဖြင့် စမ်းသပ်စစ်ဆေးခဲ့သူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်လိုက်သော စာရင်းဇယားများအရ သိရသည်။ ပီစီအာရ်နည်းဖြင့် ကိုဗစ်-၁၉ စမ်းသပ်တွေ့ရှိခဲ့သူများအနက် ၃၇၃ ဦးမှာ ပြည်တွင်း ကူးစက်ဖြစ်ပွားသူများဖြစ်ပြီး ၁၅ ဦးမှာ ပြည်ပပြန်ကူးစက်မှုဖြစ်သည်။ အေအာရ်တီနည်းဖြင့် ကိုဗစ်-၁၉ စမ်းသပ် တွေ့ရှိခဲ့သူများအနက် ၂၁၁၉ ဦးမှာ ပြည်တွင်းကူးစက်ဖြစ်ပွားသူများဖြစ်ပြီး ၆၁ ဦးမှာ ပြည်ပပြန်ကူးစက်မှုများဖြစ်သည်။

၃၃၉ ဦးကို လတ်တလောတွင် ဆေးရုံတွင် စောင့်ကြည့်ကုသလျက်ရှိသည်။ ၁၈ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသလျက်ရှိသည်။ ကိုဗစ်-၁၉ ကြောင့်နှစ်ဦးထပ်မံသေဆုံးမှုနှင့်အတူ ကိုဗစ်-၁၉ ကြောင့်သေဆုံးသူပေါင်း ၁၃၀၃ ဦးအထိရောက်ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ **ဆင်ဟွာ**

## ပြင်သစ်နိုင်ငံ သမ္မတ ရွေးကောက်ပွဲပထမအကြိမ်မဲပေးမှု အီမန်နျူရယ်မက်ခရွန်နှင့် လီပန် တို့နှစ်ဦး မဲအများဆုံးရရှိ

**ပါရီ မေ ၁၁**

ပြင်သစ်နိုင်ငံသမ္မတသစ်ရွေးကောက်ပွဲ ပထမအကြိမ်မဲပေးရာတွင် လက်ရှိသမ္မတ အီမန်နျူရယ်မက်ခရွန်က မဲအရေအတွက် ၂၈ ဒသမ ၆ ရာခိုင်နှုန်းနှင့် လက်ယာစွန်းကိုယ်စားလှယ်လောင်း မယ်ရီလီပန်က ၂၃ ဒသမ ၇ ရာခိုင်နှုန်း အသီးသီးရရှိထားကြောင်း ပြင်သစ်နိုင်ငံ BFMTV ရုပ်မြင်သံကြားမှ ထုတ်ပြန်ဖော်ပြထားကြောင်း သိရသည်။

မက်ခရွန်နှင့် လီပန်တို့နှစ်ဦးမှာ သမ္မတသစ်ရွေးကောက်ခံရန်အတွက် ထပ်မံမဲပေးအစီအစဉ်ကို မေ ၂၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

တရားဝင်ပဏာမရလဒ်များကို မေ ၂၄ ရက်ည သို့မဟုတ် မေ ၂၅ ရက် နံနက်တွင် ပြည်ထဲရေးဝန်ကြီးဌာနက အတည်ပြုပြီးသည့်နောက် ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ



ပြင်သစ်နိုင်ငံ သမ္မတ အီမန်နျူရယ်မက်ခရွန်နှင့် လက်ယာစွန်းကိုယ်စားလှယ်လောင်း မယ်ရီလီပန်

## (၃၂) ကြိမ်မြောက် ကမ္ဘောဒီးယားဆီးဂိမ်းပြိုင်ပွဲကို အားကစားနည်းအမျိုးအစားပေါင်း ၄၀ ဖြင့် ကျင်းပမည်

**ဖနွမ်းပင် မေ ၁၁**

လာမည့်နှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို အားကစားနည်း အမျိုးအစားပေါင်း ၄၀ ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားဆီးဂိမ်းကျင်းပရေး ကော်မတီက မေ ၁၁ ရက်တွင် ပြောကြားသည်။

မေ ၁၁ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ အနောက်မြောက်ပိုင်းရှိ စီရမ်ရိဒ်ပြည်နယ်တွင် အဆုံးသတ်ခဲ့သော သုံးရက်ကြာ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေး၌ အရှေ့တောင် အာရှအားကစား အဖွဲ့ချုပ်ကောင်စီက ဒေသတွင်းပြိုင်ပွဲအတွက် အဆိုပါ အားကစားနည်းအမျိုးအစားပေါင်း ၄၀ ကို အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လာမည့်နှစ်တွင် ကျင်းပမည့် အဆိုပါပြိုင်ပွဲတွင် ကမ္ဘောဒီးယားအမျိုးသား ကိုယ်ခံပညာ အားကစားနည်း တစ်ခုဖြစ်သည့် ကွန်ဘိုကာတာကို ပထမဆုံးအကြိမ်အဖြစ် ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်းလည်း သိရသည်။




(၃၂)ကြိမ်မြောက် ကမ္ဘောဒီးယားဆီးဂိမ်းပြိုင်ပွဲ၌ အသုံးပြုမည့် လိုဂိုအမှတ်တံဆိပ်ကို တွေ့ရစဉ်။

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် အဆိုပါအားကစားနည်းအရေအတွက်သည် ၁၉၇၇ ခုနှစ်နောက်ပိုင်း အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် နိုင်ငံများတွင် အားကစားနည်း အရေအတွက်အများဆုံးဖြစ်လာမည်လည်း ဖြစ်သည်။ ဘရူနိုင်း၊ ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့သည် ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ပြိုင်ပွဲများတွင် အားကစားနည်း ၂၁၊ ၃၂ နှင့် ၂၉ မျိုးသာ ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။

သို့သော်လည်း ယခုနှစ် ဗီယက်နမ် ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း အမျိုးအစားပေါင်း ၄၀ ကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၃ ခုနှစ် မေလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၃ ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရရှိရန် ၆၄ နှစ်ကြာ စောင့်ဆိုင်းခဲ့ရကြောင်း သိရသည်။

ဆင်ဟွာ

## တူရကီနိုင်ငံ အရှေ့ပိုင်း၌ ယာဉ်မတော်တဆမှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး ၂၅ ဦးဒဏ်ရာရရှိ

**အန်ကာရာ မေ ၁၁**

တူရကီနိုင်ငံ အရှေ့ပိုင်း၌ မေ ၁၁ ရက်က ယာဉ်မတော်တဆမှုဖြစ်ပွားသဖြင့် လေးဦးသေဆုံးပြီး ၂၅ ဦးဒဏ်ရာရရှိကြောင်း အနာဒိုလူသတင်း အေဂျင်စီက ထုတ်ပြန်ဖော်ပြထားကြောင်း သိရသည်။

ဘစ်လစ် ပြည်နယ်အရှေ့ပိုင်း အဒယ်ဆီဗက်ဇ် ပြည်နယ်တွင် ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အဆိုပါ မီနီဘတ်စ်ကားတစ်စီးမှာ လမ်းဘေးရှိ အညစ်အကြေးပုံကို တိုက်မိပြီး လမ်းဘေးနေရာ၌ တိမ်းမှောက်သွားခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ အေဂျင်စီက ထုတ်ပြန်ထားသည်။

ယာဉ်မတော်တဆမှုတွင် တူရကီနိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် တရားမဝင်နေထိုင်သူလေးဦး သေဆုံးခဲ့ပြီး ယာဉ်မောင်းနှင်သူအပါအဝင် ၂၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

တူရကီနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ရှေးဦးသူနာပြုများသည် အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်ကာ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

တူရကီနိုင်ငံသည် ဒုက္ခသည် လေးသန်းကျော်ကို လက်ခံထားရှိပြီး ၃ ဒသမ ၇ သန်းမှာ ဆီးရီးယားလူမျိုးများဖြစ်ကြောင်း တရားဝင်စာရင်းဇယားဖော်ပြချက်များအရ သိရသည်။

ဆင်ဟွာ

## မွန်ဂိုလီးယားနိုင်ငံသည် ၂၀၃၃ ခုနှစ်တွင် နိုင်ငံလူဦးရေ လေးသန်းရောက်ရှိရန် မျှော်မှန်း

**အူလန်ဘာတာ မေ ၁၁**

မွန်ဂိုလီးယားနိုင်ငံ၏ လူဦးရေသည် ၂၀၃၃ ခုနှစ်တွင် လေးသန်းနှင့် ၂၀၄၈ ခုနှစ်တွင် ငါးသန်းအထိ ရောက်ရှိရန် မျှော်မှန်းထားကြောင်း မွန်ဂိုလီးယားအမျိုးသား စာရင်းအင်းရုံး (NSO) က မေ ၁၁ ရက်တွင် ပြောကြားသည်။

မွန်ဂိုလီးယားနိုင်ငံသည် ကုန်းမြေ ဧရိယာ ၁၅၆၄၁၁၆ စတုရန်းကီလိုမီတာနှင့် လူဦးရေ ၃ ဒသမ ၄ သန်းရှိကြောင်း သိရသည်။ ထို့ကြောင့် မွန်ဂိုလီးယားနိုင်ငံသည် ကမ္ဘာပေါ်တွင် လူဦးရေ အနည်းပါးဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်ကြောင်း သိရသည်။ ၂၀၂၀ အမျိုးသား လူဦးရေနှင့် အိမ်ထောင်စုသန်းခေါင်စာရင်းကို အခြေခံပြီး လူဦးရေ တိုးပွားလာမှုဆိုင်ရာ နောက်ဆုံးစစ်တမ်းကောက်ယူမှုဖြစ်ကြောင်း NSO တွင် ဖော်ပြထားသည်။



မွန်ဂိုလီးယား အမျိုးသား စာရင်းအင်းရုံးအရ မွန်ဂိုလီးယားနိုင်ငံ၏ လူဦးရေသည် ၁၉၆၂ ခုနှစ်တွင် တစ်သန်း ရောက်ရှိခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်တွင် နှစ်သန်းသို့ ရောက်ရှိခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် သုံးသန်းသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

မွန်ဂိုလီးယားနိုင်ငံတွင် ပျမ်းမျှသက်တမ်းမှာ အမျိုးသမီးများအတွက် ၇၀ ဒသမ ၈ နှစ်နှင့် အမျိုးသားများအတွက် ၆၀ ဒသမ ၆ နှစ်ရှိကြောင်း သိရသည်။ မွန်ဂိုလီးယားအစိုးရသည် ၂၀၂၄ ခုနှစ် မတိုင်မီတွင် သက်တမ်းကွာဟချက်ကို ငါးနှစ်အထိလျှော့ချရန် ရည်ရွယ်ထားကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

ဆင်ဟွာ

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၈၁၁၂ ဦးထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ မေ ၁၁**

မလေးရှားနိုင်ငံ၌ မေ ၁၀ရက်ည သန်းခေါင်ယံအချိန်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၈၁၁၂ ဦးရှိလာသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်းအရေအတွက်မှာ ၄၃၂၅၈၁၈ ဦးရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

မလေးရှားနိုင်ငံ၌ ဒေသတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၈၀၈၇ ဦးရှိပြီး ပြည်ပပြန်ကူးစက်ခံရသူ ၂၅ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနဝက်ဘ်ဆိုက်မှ ထုတ်ပြန်ဖော်ပြချက်အရ သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ ၁၂ ဦး ရှိလာမှုနှင့်အတူ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ စုစုပေါင်း ၃၅၂၉၂ ဦးရှိလာပြီဖြစ်သည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၅၇၆၅ ဦးရှိလာသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်းမှာ ၄၁၄၄၇၂၈ ဦးရှိပြီဖြစ်သည်။

မလေးရှားနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ကူးစက်ခံနေရသူ ၁၄၅၇၉၈ ဦးရှိပြီး အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေသူ ၁၇၄ ဦးရှိကာ ၁၁၀ မှာ အသက်ရှူအထောက်အကူပြုကိရိယာများ လိုအပ်နေကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ မေ ၁၀ ရက်တစ်ရက်တည်းတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၃၈၈၂၀ ထိုးနှံပေးခဲ့သည်။ မလေးရှားနိုင်ငံတွင် နိုင်ငံလူဦးရေ၏ ၈၄ ဒသမ ၄ ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်း၊ ၇၉ ဒသမ ၅ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးဖြစ်ကြောင်း၊ ၄၈ ဒသမ ၈ ရာခိုင်နှုန်းမှာ အပိုဆောင်းကာကွယ်ဆေးထိုးနှံပြီးဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# မေ ၁၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၂ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိ

**(၁၁–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၀–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၁၄၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၄၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၇,၇၉၁,၁၈၂) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၂,၃၈၃) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၀,၉၇၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၁–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၇၃၉) ခု | (၂၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၁) ခု | – |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၁၁) ခု | – |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂,၄၂၇) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၅၂၀) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၂၉၃) ခု | (၁၃) ဦး |
| စုစုပေါင်း | (၉,၁၄၉) ခု | (၄၂) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိ၍ ရောဂါဖြစ်ပွား/သေဆုံးမှုများအား မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိရာ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင်လည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကမ္ဘာ့နိုင်ငံအများစုမှ ကွာရန်တင်းဝင်ရောက်ရမှုမှ ဖြေလျှော့ပေးခြင်းအပါအဝင် ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲဒေသများတွင် နေထိုင်သူများ အပါအဝင် မည်သူတစ်ဦးတစ်ယောက်မှမကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့်အထက် မိဘပြည်သူများ၊ အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများ စသည့်ဦးတည်အုပ်စုအားလုံးကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေး မထိုးနှံရသေးသော ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် သွားရောက်ဆက်သွယ်၍ အကြိမ်ပြည့် ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# အိမ်မဲမြို့၌ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်

**အိမ်မဲ မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု လျော့ကျစေရန် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန်ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အကြိမ်ပြည့်ထိုးနှံရေး အသိပညာပေး နှိုးဆော်ခြင်းများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများက ယနေ့နံနက် ၉ နာရီက မြို့ပေါ် ရပ်ကွက်များတွင် လှည့်လည် ကြေညာသည်။(ယာပုံ)

ထိုသို့ ဆောင်ရွက်ရာတွင် ယခုအချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကူးဆက်မှုများ နေ့စဉ်တွေ့ရှိနေသလို ကိုဗစ်–၁၉ ဗီဇပြောင်း မျိုးကွဲသစ် အိုမီခရွန်ရောဂါပိုးသည် ကာကွယ်ဆေးထိုးထားသူများလည်း ထပ်မံဖြစ်ပွားနိုင်ခြင်း၊ ရောဂါပိုးကူးစက်မှု ပိုမိုမြန်ဆန် ခြင်းတို့ကြောင့် ပြည်သူများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် နည်းလမ်းများနှင့်အညီ နေထိုင်ကြရန်၊ မိမိတွင် ရောဂါပိုး ကူးစက်ခံရသည်ဟု သံသယရှိပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ ဆက်သွယ်၍ မပျက်မကွက် စစ်ဆေးကုသမှု ခံယူကြပါရန်နှင့် ပြည်သူများ ကိုဗစ်–၁၉ ရောဂါကို ထိထိရောက်ရောက် ကာကွယ်နိုင်ရန် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများကိုလည်း အကြိမ်ပြည့် မပျက်မကွက် ထိုးနှံကြပါရန် လိုက်လံနှိုးဆော် ကြေညာခဲ့ကြကြောင်း သိရသည်။

ဌေးဌေးလှိုင်(ပြန်/ဆက်)



# လှည်းကူးမြို့နယ်တွင် အသက်(၁၈)နှစ်အထက် ဒေသနေပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေး

**လှည်းကူး မေ ၁၁**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် အသက် ၁၈ နှစ်အထက် ပြည်သူများ၊ ကာကွယ်ဆေး တစ်ကြိမ်တစ်ခါမျှမထိုးရသေးသည့် ပြည်သူများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း လုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက မင်းကုန်းကျေးရွာအုပ်စုတွင် ကာကွယ်ဆေးထိုးနှံဆောင်ရွက်ခြင်း မရှိသေးသည့် ပြည်သူများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ကွင်းဆင်းထိုးနှံပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် လှည်းကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်စုတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးပြီး ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံနိုင်ရေးအတွက် ကျေးရွာများ အရောက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အေးအေးနွဲ့(လှည်းကူး)

# ညောင်ဦးမြို့နယ်၌ ရွေ့လျားပူးပေါင်းအဖွဲ့ဖြင့် မြို့အဝင်အထွက်ဂိတ်များတွင် ကိုဗစ်–၁၉ စစ်ဆေးထိုးနှံ

**ညောင်ဦး မေ ၁၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ကိုဗစ်–၁၉ ကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံနိုင်ရေး ဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သည့် ရွေ့လျားပူးပေါင်းအဖွဲ့က ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီး/မပြီး၊ ဆေးထိုးပြီးကြောင်း သက်သေခံလက်မှတ် ရှိ/မရှိကို မြို့အဝင်အထွက်ဂိတ်များတွင် ရှောင်တခင်စစ်ဆေးခြင်းကို ယနေ့ နံနက် ၆ နာရီခွဲက စတင်ပြီး ဆက်လက် စစ်ဆေးထိုးနှံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ညောင်ဦးလေဆိပ်လမ်းဆုံ၊ ညောင်ဦး–ချောက်သွားကားလမ်း လောကနန္ဒာဥယျာဉ်ဂိတ်၊ ညောင်ဦး–မြင်းခြံလက်ပံခြေပေါ်ဂိတ်၊ မဏိစည်သူဈေးနှင့် ဘုဉ်းစဉ်အခွန်လွတ်ဈေးနေရာများတွင် Mobile ပူးပေါင်းအဖွဲ့အား ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီထွန်း ဦးဆောင်ကာ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ညောင်ဦးမြို့နယ်တွင် ရာနှုန်းပြည့်ထိုးနှံနိုင်ရေး စစ်ဆေး ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

**မြန်မာနိုင်ငံ** တွင် အချိန်မီထိန်းသိမ်းကာကွယ်ခြင်းမပြုလုပ်ပါက မျိုးဆက်ပျက်သုဉ်းမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသော မျိုးစိတ်စာရင်းထဲ၌ ပါဝင်နေသည့် မိုးယွန်းကြီးအင်းရှိ ကြိုးကြာခေါင်းနီ ငှက်မျိုးစိတ် ရေရှည်ရှင်သန်ရပ်တည်ရေးအတွက် ကောင်းမွန်သည့်အခြေအနေတစ်ရပ် ဖြစ်ထွန်းလာနေသည်ကို တွေ့ရှိရပေသည်။ ယင်းမှာ အခြားမဟုတ် အင်း၏စားကျက်အနေအထားကောင်းမွန်ခြင်းနှင့် ငှက်များအတွက် ပြင်ပ ပယောဂအနှောင့်အယှက်များ ကင်းရှင်းလာခြင်းတို့ကြောင့် ကြိုးကြာအကောင်ရေ တိုးပွားရေးဖြစ်စဉ်တွင် အပေါင်းလက္ခဏာများ ရှိလာခြင်းပင်ဖြစ်သည်။

# မိုးယွန်းကြီးအင်း သို့မဟုတ် ဌာနေ ကြိုးကြာငှက်မျိုးစိတ်တို့ ခိုလှုံရာ

သိန်းညွန့်(PZL)

**မြန်မာနိုင်ငံတွင် ဌာနေငှက်ဟုခေါ်သည့် ကြိုးကြာခေါင်းနီ (Sarus Crane)နှင့် ဆောင်းရာသီရောက်မှသာ မြန်မာနိုင်ငံသို့ လာရောက်တတ်သည့် ကြိုးကြာခေါင်းမည်း (ဆောင်းခိုငှက်) ဟူ၍ မျိုးစိတ်နှစ်မျိုး တွေ့နိုင်**



## စတင်တွေ့ရှိ

မိုးယွန်းကြီးအင်း၌ ကြိုးကြာငှက်များ မတွေ့ရှိရသည်မှာ နှစ်အတော်အတန်ကြာနေပြီဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် မတ်လခန့်မှစတင်ပြီး မိုးယွန်းကြီးအင်းနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ လယ်ကွင်းများတွင် စတင်တွေ့ရှိရခြင်းဖြစ်ကြောင်း၊ အထီး၊ အမ နှစ်ကောင်နှင့် အရွယ်မရောက်သေးသည့် သားပေါက်တစ်ကောင် စုစုပေါင်း သုံးကောင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယခုနှစ်တွင် အထီးအမတစ်စုံနှင့် သားပေါက်တစ်ကောင်ကို တစ်ကြိမ်တွေ့ရှိရပြီး နောက်ထပ် ကြိုးကြာခေါင်းမည်း တစ်ကောင်နှင့် ကြိုးကြာခေါင်းနီ နှစ်ကောင်ကို ထပ်မံတွေ့ရှိရခြင်းကြောင့် ကြိုးကြာခေါင်းနီ စုစုပေါင်း ငါးကောင်တွေ့ရှိထားကြောင်း မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ကြိုးကြာခေါင်းနီ ငှက်များသည် လူမှုပတ်ဝန်းကျင်နှင့်နီးစပ်သော နေရာများဖြစ်သည့် လယ်ကွင်းများ၊ လယ်ကွင်းဧရိယာအစပ်များနှင့် မြက်တောများတွင် အသိုက်လုပ် နေထိုင်တတ်ကြသည်။ ကြိုးကြာငှက်များ၏ နေရင်းဒေသများ ထိခိုက်ပျက်စီးခြင်း၊ ကြိုးကြာဥများ ဖျက်ဆီးစားသုံးခံရခြင်း၊ ဥနှင့်အကောင်ပေါက်များ မွေးမြူရန် ယူဆောင်ခြင်းနှင့် အခြားငှက်များကို ဖမ်းဆီးရာတွင် ကြိုးကြာငှက်များပါ ဖမ်းဆီးခံရခြင်းတို့ကြောင့် ရှားပါးလာခြင်းဖြစ်သည်။

အဆိုပါ ကြိုးကြာခေါင်းနီငှက်များသည် ယခင်နှစ်များက မိုးယွန်းကြီးအင်းဧရိယာအတွင်း နေထိုင်ကျက်စားခြင်းမရှိဘဲ အင်းနှင့်ဆက်စပ်ဧရိယာများတွင်သာ ကျက်စားလေ့ရှိကြောင်း၊ ယခုမှ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ ထိန်းသိမ်း ထား သည့် ကန်လေးလုံးဧရိယာအတွင်း နေထိုင် ကျက် စား ကြကြောင်း၊ ယင်းဖြစ်စဉ်ကို ထောက်ချင့်ခြင်းအားဖြင့် မိုးယွန်းကြီးအင်းအနေအထားမြင်ကွင်းအချို့က ခြိမ်းခြောက်မှုအန္တရာယ် အနည်းငယ် လျော့နည်းလာသည်ကို တွေ့ရှိရပြီး ကြိုးကြာအကောင်ရေ တိုးလာသည့်ရလဒ်ကို ဖြစ်ပေါ်စေကြောင်း မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။



## အများဆုံးတွေ့ရှိ

မြန်မာနိုင်ငံတွင် ကြိုးကြာခေါင်းနီငှက်ကို ဧရာဝတီတိုင်းဒေသကြီးရှိ မြစ်ဝကျွန်းပေါ်ဒေသ၌ အများဆုံး တွေ့ရှိရပြီး ရခိုင်ပြည်နယ်၊ အင်းတော်ကြီးဒေသ၊ မိုးယွန်းကြီးအင်းနှင့် အင်းလေးကန်တို့တွင် အနည်းငယ် နေထိုင်ကျက်စားကြောင်း မှတ်တမ်းမှတ်ရာများအရ သိရသည်။

ကြိုးကြာငှက်များသည် မျိုးစဉ် (Gruiformes)၊ မျိုးရင်း (Gruidae) အုပ်စုရှိ ခြေတံရှည်နှင့် လည်ပင်းရှည်ငှက်များ အုပ်စုဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ကြိုးကြာမျိုးစိတ်ပေါင်း ၁၅ မျိုးတွင် Antigone ၊ Balearica နှင့် Grus ဟူ၍ မျိုးနွယ်သုံးမျိုးရှိကြောင်း၊ ကြိုးကြာငှက်များသည် အန္တာတိကနှင့် တောင်အမေရိကမှ လွဲ၍ တိုက်ကြီးအားလုံးတွင် နေထိုင်ကြကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ဌာနေငှက်ဟုခေါ်သည့် ကြိုးကြာခေါင်းနီ (Sarus Crane) နှင့် ဆောင်းရာသီရောက်မှသာ မြန်မာနိုင်ငံသို့ လာရောက်တတ်သည့် ကြိုးကြာခေါင်းမည်း (ဆောင်းခိုငှက်) ဟူ၍ မျိုးစိတ်နှစ်မျိုး တွေ့နိုင်သည်။ အပြည်ပြည် ဆိုင်ရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ (International Union for Conservation of Nature–IUCN) ၏ အန္တရာယ်ရှိ အဆင့်စာရင်း (Red List) အရ ဆိုလျှင် မြန်မာနိုင်ငံရှိ ကြိုးကြာခေါင်းနီ ငှက်မျိုးစိတ်သည် မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သော (Vulnerable) အဆင့်ရှိ ငှက်မျိုးစိတ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အမိန့်ကြော်ငြာစာအမှတ် (၆၉၀/ ၂၀၂၀) အရ လုံးဝကာကွယ်ထားသည့် ငှက်များစာရင်းတွင် အဆိုပါ ငှက်မျိုးစိတ်ကို ထည့်သွင်းထားကြောင်း ကြိုးကြာငှက်မျိုးစိတ်များကို လေ့လာသုတေသနပြုနေသူ ပညာရှင်တစ်ဦးထံမှ သိရသည်။

နှစ်တစ်နှစ်၏ ဇွန်လမှ စက်တင်ဘာလအထိကာလမှာ ကြိုးကြာခေါင်းနီငှက်မျိုးစိတ်များ၏ သားပေါက်ရာသီ (Breeding Season)ဖြစ်ပြီး စက်တင်ဘာလနှောင်းပိုင်းမှ မေလအထိ ကာလမှာ သားပေါက်ရာသီချိန်လွန် (Nonbreeding Season) ဖြစ်သည်ဟု အဆိုပါပညာရှင်ထံမှ သိရသည်။

## ဝိုင်းဝန်းထိန်းသိမ်း

မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းများအနေဖြင့် ကြိုးကြာများအား အနီးကပ် လေ့လာမှတ်တမ်းတင်ခြင်းလုပ်ငန်းကို လစဉ်ဆောင်ရွက်သည့်အပြင် နှစ်စဉ်အချိန်ကာလများသတ်မှတ်ပြီး အဆိုပါ အင်းပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ ကွင်းဆင်းကာ ကြိုးကြာငှက်များ၏ ရှားပါးလာမှု၊ မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရမှုများကို ဒေသခံများမှ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ငှက်များ၏နေရင်းဒေသများကို ထိခိုက်မှုမရှိစေရေး၊ အနှောင့်အယှက်ကင်းဝေးစေရေး အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှခြင်းနှင့် ထိန်းသိမ်းရေးဆိုင်းဘုတ် ထူထောင်သည့် အစီအစဉ်များ ပြုလုပ်ခြင်း၊ ဖမ်းဆီးပစ်ခတ်ခြင်းပြုလုပ်ပါက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအားဖြင့် ဒေသခံများသည် ကြိုးကြာခေါင်းနီငှက်မျိုးစိတ်များကို ထိန်းသိမ်းစောင့်ရှောက်ရမည့် အသိရှိလာကြကြောင်း အဆိုပါ အင်းပတ်ဝန်းကျင်ရှိ ဝေါမြို့နယ် ဖလောက်ကျေးရွာမှ ဒေသခံတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

## ဧရိယာစတုရန်းမိုင် ၄၀ ကျယ်ဝန်း

မိုးယွန်းကြီးအင်းသည် ဧရိယာစတုရန်းမိုင် ၄၀ ကျယ်ဝန်းကာ ပဲခူးခရိုင် ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်အတွင်း တည်ရှိပြီး ရှားပါးကြိုးကြာခေါင်းနီငှက်မျိုးစိတ်အပြင် ရှားပါးရေနေပင် မျိုးစိတ်များ၊ ငါးမျိုးစိတ်များ၊ ဆောင်းခိုငှက်နှင့် အခြားမျိုးစိတ်များ ရှင်သန်ကျက်စားရာဒေသဖြစ်ကာ သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသခံများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ယခုအခါ သဘာဝအင်း၏ အလှအပနှင့် ဂေဟစနစ် ရေရှည်တည်တံ့ဖြစ်တည်မှုတို့အပေါ် ခြိမ်းခြောက်နေသည့် အန္တရာယ်အမျိုးမျိုး လျော့နည်းလာပြီး ကြိုးကြာထိန်းသိမ်းရေးလုပ်ငန်းအတွက် အထောက်အကူပြုနေကြောင်း၊ သို့ဖြစ်သည်နှင့်အညီ မိုးယွန်းကြီးအင်းနှင့် ပတ်ဝန်းကျင် ကျေးရွာလယ်ကွင်းများတွင် ကြိုးကြာခေါင်းနီ ထိန်းသိမ်းရေးလုပ်ငန်းများ တစိုက်မတ်မတ် ဆက်လက်ဆောင်ရွက်သွားသင့်ပါကြောင်း စေ့ငုတင်ပြလိုက်ရပါသည်။ ။

**"နင့်အသက်တစ်ခါလွတ်၊ ငါ့အသက် ဆယ်ခါလွတ်"။ မွေးနေ့၊ အခါကြီးရက်ကြီးတွင် ကုသိုလ်ပြု ငှက်လွှတ်သူတစ်ဦး၏နှုတ်မှ ဆုတောင်းစကားသံဖြစ်သည်။ လက်မှ ဝမ်းဗိုက်အဝါရောင်နှင့် မီးခိုးရောင်ကျောပြင်ရှိသည့် စာငှက်ကလေးများကို လွှတ်ပေးရင်း ရေရွတ်လိုက်ခြင်းဖြစ်သည်။ သူလွှတ်လိုက်သော ငှက်ကလေးသည် မြန်မာနိုင်ငံတွင် မျိုးသုဉ်းရန်အန္တရာယ် အလွန်နီးကပ်နေသည့် ရှားပါးလှသည့် စာဝါကျားငှက်လေးဖြစ်သည်ဆိုသည်ကိုတော့ သိပါလေစ။**

## မျိုးသုဉ်းရန်အန္တရာယ် အလွန်နီးကပ်နေသည့်
# ရှားပါး စာဝါကျားငှက်ကလေးများ

**သီဟစည်သူ**



အဆိုပါ စာဝါကျားငှက်ကလေးများသည် စာကလေးမျိုးနွယ်ဝင် ငှက်မျိုးစိတ်တစ်ခုဖြစ်ပြီး အာရှတိုက်မြောက်ပိုင်း၊ ရုရှားနိုင်ငံတို့တွင် တွေ့ရှိရလေ့ရှိသည်။ ယင်းငှက်ကလေးများသည် အလျား ၁၄ မှ ၁၆ စင်တီမီတာ၊ ခြောက်လက်မခန့် အရွယ်အစားရှိပြီး အလေးချိန် ဝ ဒသမ ၆ မှ ဝ ဒသမ ၉ အောင်စခန့်ရှိကာ တိုတုတ်သည့် ခန္ဓာကိုယ်အချိုးအစား ရှိသော ငှက်မျိုးစိတ်ဖြစ်သည်။ ၎င်းငှက်ကလေးများကို လက်တင်ဘာသာဖြင့် Emberiza Aureola "ရွှေရောင်သန်းသော စာကလေး" ဟု ချစ်စနိုးခေါ်ဝေါ်ကြသည်။

### ဆောင်းခိုငှက်မျိုးစိတ်

စာဝါကျားငှက်များသည် ဆောင်းခိုငှက်မျိုးစိတ်တစ်မျိုးဖြစ်ပြီး ဥရောပနိုင်ငံအရှေ့ဘက်ခြမ်းတို့တွင် ဥ ဥသားပေါက်ကာ ဆောင်းရာသီသို့ ရောက်သောအခါ အရှေ့အာရှ – ဩစတြေးလျ ဆောင်းခိုငှက်များ ပျံသန်းရာလမ်းကြောင်းကို အသုံးပြု၍ အာရှနိုင်ငံများသို့ အုပ်စုလိုက် ဆောင်းခိုနေထိုင်ကျက်စားရန် လာရောက်လေ့ရှိသော ငှက်မျိုးစိတ်ဖြစ်သည်။

စာဝါကျား ငှက်ကလေးများသည် အုပ်စုလိုက် ရွှေ့ပြောင်းသွားလာကြပြီး မြန်မာနိုင်ငံသို့ အောက်တိုဘာလခန့်တွင် ဆောင်းခိုရန် စတင်ဝင်ရောက်ကြပြီး အောက်တိုဘာလမှ ဧပြီလအထိ ခြောက်လကြာ နေထိုင်တတ်ကြသည်။ မြန်မာနိုင်ငံတွင် စပါးပင်နှင့် ရေစပ်စပ်ရှိနေသော ရေဝပ်ဒေသများတွင် အများဆုံး နေထိုင်တတ်ကြသည့် အဆိုပါ စာဝါကျားငှက် (Yellow–Breasted Bunting) မျိုးစိတ်ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်းက မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသော မျိုးစိတ်အဖြစ် တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ သိရသည်။

အဆိုပါ ငှက်မျိုးစိတ်ကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ၂၀၀၄ ခုနှစ်က အကောင်ရေ နှစ်သိန်းခန့် တွေ့ရှိနိုင်သော်လည်း ၂၀၁၇ ခုနှစ်တွင် အကောင်ရေ ၁၂၀ မှ ၆၀၀ ကြားသာ တွေ့နိုင်တော့သဖြင့် မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသော မျိုးစိတ်အဖြစ် တိုးမြှင့်သတ်မှတ်ကာ ဥပဒေဖြင့် အကာအကွယ်ပေး ထိန်းသိမ်းရန် ဆောင်ရွက်လျက်ရှိသည်။

### မှတ်တမ်းတင်ထား

အဆိုပါ စာဝါကျားငှက်မျိုးစိတ်ကို ၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ၆၁ ကောင်၊ ပုဂံတွင် ၁၀ ကောင်ကျော် မှတ်တမ်းတင်ထားနိုင်ပြီး ရှမ်းပြည်နယ်တွင် အင်းလေးဒေသနှင့် ကလောဒေသ၊ ကချင်ပြည်နယ်တွင် အင်းတော်ကြီးဒေသ၊ ချင်းပြည်နယ် နတ်မတောင် ဒေသနှင့် အခြားဒေသအချို့တွင်လည်း တွေ့ရှိနိုင်ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံ အစီအစဉ်)၏ မှတ်တမ်းများအရ သိရသည်။

စာဝါကျားငှက်မျိုးစိတ်ကို ၂၀၁၃ ခုနှစ်မှစ၍ မျိုးသုဉ်းရန် အန္တရာယ်ရှိသော မျိုးစိတ် (Endangered Species) အဖြစ် သတ်မှတ်ထားခဲ့ပြီး ငါးနှစ်ခန့်အကြာတွင် ယခုကဲ့သို့ မျိုးသုဉ်းရန် နီးကပ်လာသည့် အန္တရာယ်အဆင့် တစ်ဆင့်တက်လာခြင်း ဖြစ်ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့မှ သိရသည်။

### လျော့နည်းကျဆင်း

ထို့ကြောင့် ၂၀၀၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိကာလအတွင်း စာဝါကျားငှက် အကောင်အရေအတွက် ၉၀ ရာခိုင်နှုန်းခန့်နှင့် နေထိုင်ကျက်စားရာနေရာများ ၅၀၀၀ စတုရန်း ကီလိုမီတာခန့် လျော့နည်းကျဆင်းလာခြင်းတို့ကြောင့် မျိုးသုဉ်းရန်အန္တရာယ် အလွန်နီးကပ်နေသော ငှက်မျိုးစိတ်တစ်မျိုး (Critically Endangered Species) အဖြစ် သတ်မှတ်ခံခဲ့ရခြင်းဖြစ်သည်။

အရှေ့တောင်အာရှ နိုင်ငံများတွင် ဆောင်းခိုရန် လာရောက်ကြသည့် စာဝါကျားငှက်မျိုးစိတ်များကို ဆောင်းခိုရာလမ်းကြောင်းတစ်လျှောက်ရှိ ဆောင်းခိုကျက်စားရာနေရာများတွင် ငှက်ဖမ်းကီရိယာများ၊ ထောင်ချောက်များဖြင့် ငှက်မုဆိုးများ၏ ဖမ်းဆီးသတ်ဖြတ်ခြင်းကို ခံရလျက်ရှိသည်။ အဆိုပါ ငှက်ဖမ်းကိရိယာများဖြင့် ဖမ်းယူရရှိသော စာဝါကျား ငှက်ကလေးများကို လှောင်ချိုင့်များအတွင်း မွေးမြူခြင်း၊ ငှက်ကြော်အဖြစ် စားသုံးရန် ရောင်းချခြင်း၊ မိရိုးဖလာ ငှက်လွှတ်ခြင်းဓလေ့များကြောင့် ငှက်အကောင်အရေအတွက်များမှာ အလွန်အမင်း လျော့နည်းကျဆင်းလာလျက်ရှိကြောင်း သိရသည်။

### လုံးဝကာကွယ်ထား

စာဝါကျားငှက်မျိုးစိတ် အကောင်အရေအတွက်များ လျော့ကျလာမှုကို ဟန့်တားနိုင်ရေးနှင့် နေထိုင်ကျက်စားရာ နေရာများထိန်းသိမ်းရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနက စာဝါကျားငှက်များကို ဥပဒေအရ လုံးဝကာကွယ်ထားသည့် ငှက်မျိုးစိတ်တစ်မျိုးအဖြစ် သတ်မှတ်ထားသည်။

အဆိုပါ ဥပဒေဖြင့် လုံးဝကာကွယ်ထားသည့် မျိုးသုဉ်းရန် အန္တရာယ်ရှိ တောရိုင်းတိရစ္ဆာန်များကို ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ အနာတရဖြစ်စေခြင်းတို့ကို ပြုလုပ်ပါက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ပုဒ်မ (၄၁) အရ ထောင်ဒဏ် သုံးနှစ်မှ ၁၀ နှစ်အထိ ချမှတ်မည့်အပြင် ငွေဒဏ် ၁၀ သိန်းအထိလည်း ချမှတ်နိုင်သည်ဟု ဥပဒေပြဋ္ဌာန်း အကာအကွယ် ပေးထားသည်။

### လျင်မြန်စွာကျဆင်း

မြန်မာနိုင်ငံတွင်လည်း ယင်းကဲ့သို့ အကောင်ရေ လျင်မြန်စွာကျဆင်းလာသော စာဝါကျားငှက်မျိုးစိတ်ကို မျိုးမသုဉ်းစေရန်၊ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် အရေးတကြီးလိုအပ်နေသည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ ဒေသမျိုးရင်းများနှင့် လာရောက်ပြောင်းရွှေ့ခိုလှုံကြသည့် တောရိုင်းတိရစ္ဆာန်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ပုဂ္ဂလိက အကျိုးအမြတ်အတွက်သာ မကြည့်ဘဲ ဖမ်းဆီးခြင်း၊ ရောင်းချခြင်း၊ သတ်ဖြတ်စားသောက်ခြင်းများ မပြုကြခြင်းဖြင့် ဇီဝမျိုးစုံ ဖွံ့ဖြိုးလာစေရေး အသိသတိဖြင့် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

# အညာဒေသ၏ အမြဲစိမ်းထန်းပင်များ ထိန်းသိမ်းသင့်သော အချိန်

**အညာ** ဒေသဟု ဆိုလိုက်၊ ပြောလိုက်လျှင် ပင်စည်မြင့်မြင့်ရှည်ရှည် အမြဲစိမ်းလန်းနေသော



ထန်းတောများကို တွေ့ရပေမည်။ ပူပြင်းခြောက်သွေ့လှသည့် မိုးခေါင်ရပ်ဝန်းဒေသ အညာကို ထန်းပဒေသာပင်များက ပတ်ဝန်းကျင်စိမ်းလန်းမှု၊ ပူပြင်းခြောက်သွေ့မှုကို ထိန်းညှိပေးထားသည်။

ဆယ်စုနှစ်တစ်ခုအတွင်း မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်း – ညောင်ဦး ကားလမ်းဘေး ထန်းပင်တန်းများ၊ ထန်းတောများ၊ ငါ့သရောက်မြို့ရှိ ထန်းတောများ ခုတ်လှဲအသုံးပြုမှု များလာပြီး ပြန်လည်စိုက်ပျိုးမှု မရှိခြင်းများက ဆယ်စုနှစ် ငါးစုခန့် အကြာတွင် အကျိုးဆက်အဖြစ် အညာဒေသ၏ ဂေဟာစနစ်များကို ထိခိုက်လာတော့မည်မှာ အသေအချာဖြစ်သည်။ မြန်မာနိုင်ငံတွင် ယခင်က ထန်းအပင်သုံးဆယ်တက်လျှင် မိသားစု ခုနစ်ယောက်၊ ရှစ်ယောက်ကို ဝမ်းစာဖူလုံခဲ့သော်လည်း ယခု ထန်းလျက်ဈေးနှုန်းမှာ သကြားဈေးကို မယှဉ်နိုင်တော့ပေ။ ထို့ကြောင့် တဖြည်းဖြည်း ထန်းတက်လုပ်ငန်းကို စွန့်လွှတ်ကာ ပြည်ပသို့ ထွက်ခွာအလုပ်လုပ်ကိုင်သူများရာမှ ထန်းတက်မှုမရှိသလောက် လျော့နည်းလာခဲ့ကြောင်း ကျောက်ပန်းတောင်းမြို့နယ် ငွေးကုန်းကျေးရွာမှ ထန်းတောပိုင်ရှင် ဦးမောင်ပိုက်က ပြောပြသည်။

အညာဒေသရှိ ထန်းပင်များ ထန်းတက်မှုလျော့နည်းလာမှုနှင့်အတူ ထန်းပင်များ ခုတ်လှဲအသုံးပြုမှုမှာလည်း တဖြည်းဖြည်း များပြားလာခဲ့သည်။ ပူပြင်းခြောက်သွေ့လှသည့် အညာဒေသကို ထန်းပင်၊ ထန်းတောများက သဘာဝပတ်ဝန်းကျင်မထိခိုက်အောင်၊ အပူသက်သာအောင် ဂေဟာစနစ်များ ထိန်းညှိပေးထားသော်လည်း သစ်အစားထိုး ထန်းသားအသုံးပြုမှု များပြားလာခြင်း၊ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုရေကာတာ ပြုလုပ်ရာတွင် ထန်းပင်များ အမြောက်အမြား ဝယ်ယူလာခြင်းများကြောင့် ထန်းတော၊ ထန်းပင်များ တဖြည်းဖြည်း လျော့နည်းလာချေပြီ။ ထို့ကြောင့် အညာဒေသအတွက် ကြီးမားသည့်ဆုံးရှုံးမှုများ မဖြစ်ခင် ကြိုတင်ကာကွယ်သည့်အနေဖြင့် တာဝန်ရှိသူများက အညာဒေသကျေးရွာပိုင် ထင်းစိုက်ခင်းများတွင် ကြားညှပ်စိုက်ပျိုးခြင်း၊ ထန်းပင်ရောင်းချခြင်းများအား စည်းရုံးရေးနည်းဖြင့် တားဆီးကာ မြေလွတ်မြေရိုင်းများတွင် နှစ်စဉ်ထန်းသီးမှည့်ပေါ်ချိန် ထန်းစိုက်ပျိုးခြင်းများဖြင့် တစ်နှစ်တစ်ကြိမ်ပြန်လည် စိုက်ပျိုးလုပ်ဆောင်သင့်သည့်အချိန် ရောက်ရှိနေပြီဖြစ်ပါသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

## ငြိမ်းအေးတဲ့ပွဲ

❂ မြပဝါရယ်ခြုံ
မြဖူးငုံဆင်ပါကော၊
ချိန်တန်လျှင် ပွင့်ဖို့ရေး
အားမွေးပြီနော။

❂ မြတ်နိုးဖွယ် ရွှေရောင်ဆမ်း
ပိတောက်ပန်း ဝေဝေစည်၊
ခွင့်အကြုံ ဆုံအသင့်
ဖူးပွင့်စံမီ။

နော့နော့ရယ်ချီ
မိုးလေပြည် ခေတ်အသွေး၊
သည်မြို့ရွာ နှစ်သစ်လမ်း
ပန်းလှစုံမွှေး။

❂ သည်မြို့ရွာ ချိန်ခါထူး
နှစ်သစ်ဦး အေးရိပ်ဆင်၊
တူးပို့သံညံမစဲ
ပျံ့ဝဲလွင့်စဉ်။

မြန်ဓလေ့ရိုးရာသွင်
ဖြိုးသာလွင် ဝင့်ဝင့်ကြွား၊
ပြုံးပန်းဆင်
ထုံးတမ်းစဉ်တာရေဖျန်း
အေးချမ်းစေသား။

❂ တမူမဆန်းပါဘူး
အလှူတန်းအစုံစုံ၊
ယုတ်အလတ် မြတ်မရွေး
ကျွေးမွေးဖုံဖုံ။

ကောင်းမြတ်မှု သဒ္ဓါထုံ
စိတ်အာရုံ ဖြောင့်မလွဲ၊
ကျန်းခန့်သာလို့ မာပါစေ
ဤရပ်မြေ ချိန်မရွေး
ငြိမ်းအေးတဲ့ပွဲ။ ။

ဖိုးလေးလုံးသောင်းကိုကို

## ၂၀၂၂ ခုနှစ်၊ နှစ်သစ်ကူးရုံးပိတ်ရက်နှင့် သင်္ကြန်ကာလ ရုံးပိတ်ရက်ကာလအတွင်း YBS ယာဉ်လိုင်းများ၊ အဝေးပြေးယာဉ်လိုင်းများ ပြေးဆွဲမည့်အစီအစဉ်အား အသိပေးကြေညာခြင်း

၁။ ၂၀၂၂ ခုနှစ်၊ နှစ်သစ်ကူးရုံးပိတ်ရက်နှင့် သင်္ကြန်ကာလ ရုံးပိတ်ရက်ကာလအတွင်း ရန်ကုန်မြို့နေပြည်သူများနှင့် ရန်ကုန်တိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်လိုသည့် ခရီးသွားများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) စီမံမှုဖြင့် အောက်ဖော်ပြပါ YBS ခရီးသည်တင်ယာဉ်လိုင်းများနှင့် အဝေးပြေးယာဉ်လိုင်းများမှ ပုံမှန်ပြေးဆွဲလမ်းကြောင်းအတိုင်း သတ်မှတ်ယာဉ်စီးခန္နုန်းထားဖြင့် ပြေးဆွဲမည်ဖြစ်ပါသည်-

(က) **YBS ခရီးသည်တင်ယာဉ်လိုင်းများ**

(၁) **နှစ်သစ်ကူးရုံးပိတ်ရက် (ဧပြီလ ၉ ရက်နေ့မှ ဧပြီလ ၁၂ ရက်နေ့အထိ)**

| | | |
|---|---|---|
| (ကက) | YBS ယာဉ်လိုင်း | ၁၁၉ လိုင်း |
| (ခခ) | City Bus | ၂၁၁၈ စီး |
| (ဂဂ) | Mini Bus | ၃၂၆ စီး |

(၂) **သင်္ကြန်ကာလရုံးပိတ်ရက် (ဧပြီလ ၁၃ ရက်နေ့မှ ဧပြီလ ၁၆ ရက်နေ့အထိ)**

| | | |
|---|---|---|
| (ကက) | YBS ယာဉ်လိုင်း | ၆၇ လိုင်း |
| (ခခ) | City Bus | ၉၆၂ စီး |
| (ဂဂ) | Mini Bus | ၂၅၆ စီး |

(ခ) **အဝေးပြေးခရီးသည်တင်ယာဉ်လိုင်းများ**

(၁) **အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း**

| | | |
|---|---|---|
| (ကက) | ၁၀-၄-၂၀၂၂ ရက်နေ့အထိပြေးဆွဲမည့်ယာဉ်လိုင်း | ၁၆၅ လိုင်း |
| (ခခ) | ၁၁-၄-၂၀၂၂ ရက်နေ့အထိပြေးဆွဲမည့်ယာဉ်လိုင်း | ၁၅၆ လိုင်း |
| (ဂဂ) | ၁၂-၄-၂၀၂၂ ရက်နေ့အထိပြေးဆွဲမည့်ယာဉ်လိုင်း | ၁၄၂ လိုင်း |
| (ဃဃ) | ၁၃-၄-၂၀၂၂ ရက်နေ့အထိပြေးဆွဲမည့်ယာဉ်လိုင်း | ၃၇ လိုင်း |
| (ငင) | ၁၄-၄-၂၀၂၂ ရက်နေ့အထိပြေးဆွဲမည့်ယာဉ်လိုင်း | ၂ လိုင်း |
| (စစ) | ပိတ်ရက်မရှိ ပြေးဆွဲမည့်ယာဉ်လိုင်း | ၂ လိုင်း |

(၂) **ဒဂုံဧရာအဝေးပြေးယာဉ်ရပ်နားစခန်း**

| | | |
|---|---|---|
| (ကက) | ၁၂-၄-၂၀၂၂ ရက်နေ့အထိပြေးဆွဲမည့်ယာဉ်လိုင်း | ၉၀ လိုင်း |
| (ခခ) | ၁၃-၄-၂၀၂၂ ရက်နေ့အထိပြေးဆွဲမည့်ယာဉ်လိုင်း | ၈၆ လိုင်း |
| (ဂဂ) | ပိတ်ရက်မရှိ ပြေးဆွဲမည့်ယာဉ်လိုင်း | ၈ လိုင်း |

၂။ ရန်ကုန်မြို့တွင်းပြေးဆွဲသော YBS ခရီးသည်တင်ယာဉ်လိုင်းများသည် ၁၇-၄-၂၀၂၂ (နှစ်ဆန်းတစ်ရက်နေ့) တွင် ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ပြီး အဝေးပြေးခရီးသည်တင်ယာဉ်လိုင်းများသည် ၁၇-၄-၂၀၂၂ (နှစ်ဆန်းတစ်ရက်နေ့) မှစ၍ ပြန်လည်ပြေးဆွဲပြီး ၂၀-၄-၂၀၂၂ ရက်နေ့တွင် ယာဉ်လိုင်းအားလုံးပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ**

## ၁၃၈၃ ခုနှစ် သင်္ကြန်ရက်များအတွင်း ရေပေးဝေရေးအစီအစဉ်

၁။ ၁၃၈၃ ခုနှစ် မဟာသင်္ကြန်ရက်များအတွင်း ပြည်သူများရေပြတ်လပ်မှုမရှိစေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က စီစဉ်ထားရှိရာ ဧပြီလ ၁၃ရက် (သင်္ကြန်အကြိုနေ့)၊ ဧပြီလ ၁၄ရက် (သင်္ကြန်အကျနေ့)၊ ဧပြီလ ၁၅ ရက် (သင်္ကြန်အကြတ်နေ့)၊ ဧပြီလ ၁၆ ရက် (သင်္ကြန်အတက်နေ့)တို့တွင် အောက်ပါအတိုင်း ရေပေးဝေမည်ဖြစ်ပါသည်-

(က) ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗဟန်းနှင့်ဒဂုံမြို့နယ်များသို့ နံနက် ၈ နာရီမှ ၁၁ နာရီအထိ တစ်ကြိမ်၊ ညနေ ၃နာရီမှ ၆နာရီအထိ တစ်ကြိမ်၊ နှစ်ကြိမ်ခွဲ၍ ရေပေးဝေမည်ဖြစ်ပါသည်။

(ခ) အလုံ၊ ကြည့်မြင်တိုင်နှင့် စမ်းချောင်းမြို့နယ်တို့အား နံနက် ၈နာရီမှ ၁၀နာရီအထိ ရေပေးဝေသွားမည်ဖြစ်ပါသည်။

(ဂ) တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ မင်္ဂလာဒုံ၊ အင်းစိန်၊ မရမ်းကုန်း၊ ရန်ကင်း၊ ကမာရွတ်၊ လှိုင်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သင်္ဃန်းကျွန်း၊ ရွှေပေါက်ကံမြို့သစ်၊ သာကေတ၊ ဒေါပုံ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ် (တောင်ပိုင်း)နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်များသို့ မူလရေပေးဝေချိန်အတိုင်း ပေးဝေမည်ဖြစ်ပါသည်။

၂။ ဧပြီလ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့)တွင် မြို့နယ်များအားလုံးသို့ ယခင်ပုံမှန်ရေပေးဝေချိန်အတိုင်း ပြန်လည်ပေးဝေသွားမည်ဖြစ်ပါသည်။ သတ်မှတ်ရေပေးချိန်အတွင်း ရေပိုက်များ အရေးပေါ်ပြင်ဆင်ရန်လိုအပ်ပါက သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတွင် တာဝန်ချထားသည့် (ရေ/သန့်)ဝန်ထမ်းများထံ အကူအညီတောင်းခံနိုင်ပြီး အရေးတကြီးအကူအညီလိုအပ်ပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) တယ်လီဖုန်း(၀၉-၅၀၈၇၀၆၄၊ ၀၉-၅၀၅၁၉၈၆၊ ၀၉-၅၁၃၃၂၀၂၊ ၀၉- ၅၀၈၇၆၇၇) တို့ကို ဆက်သွယ်အကူအညီတောင်းခံနိုင်ပါသည်။

**အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)**

## သံတွဲမြို့၌ ၁၃၈၃ ခုနှစ် မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

သံတွဲ ဧပြီ ၁၁




ရခိုင်ပြည်နယ် သံတွဲမြို့၌ ၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ သံတွဲမြို့၌ ဗဟိုမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်တစ်ခု၊ ငပလီမြို့တွင် ဗဟိုမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်တစ်ခုတို့အပြင် အခြားရေကစားမဏ္ဍပ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မဟာသင်္ကြန်ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများက ကော်မတီများဖွဲ့စည်း၍ သင်္ကြန်ပွဲတော်ဖွင့်ပွဲ၊ ပိတ်ပွဲများပြုလုပ်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုယိမ်းအဖွဲ့များဖြင့် ကပြဖျော်ဖြေခြင်း၊ ဆုများချီးမြှင့်ခြင်း၊ သင်္ကြန်သီချင်းများဖြင့် ဖျော်ဖြေခြင်း၊ ရေကစားခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သန့်ဇင်(ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၄-၂၀၂၂ အင်္ဂါနေ့

### MRTV HD

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ တောရှဉ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** နဝင်္ဂဥပေါသထသီလပေးတရားတော်
**၀၉:၁၀** ထူးခြားစုံလင်အာရုပစိဖိတ်အစီအစဉ်
**၀၉:၃၀** ချစ်စရာ့အတာသင်္ကြန်
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၀၀** ဒါသင်္ကြန်အဆိုအကများ
**၁၁:၃၀** ရုပ်မြင်သံကြားဇာတ်လမ်း 'သင်္ကြန်နိုင်ငံယာရီ' (မွန်)
**၁၂:၃၀** 'ထာဝရငြိမ်းချမ်းရေးအခြေခံသဘောတရား' တရားတော်
**၁၃:၃၀** MRTV National News
**၁၃:၅၀** မင်္ဂလာပါအတာသင်္ကြန် MRTV (၂)
**၁၅:၃၀** မြူးကြွတေးသံ NRC သင်္ကြန် (၄)
**၁၆:၃၅** ဒါသင်္ကြန်အဆိုအကများ
**၁၇:၁၀** အာရှရဲ့သဘာဝတမ်းခြေငပလီ
**၁၇:၂၅** ဒါသင်္ကြန်အဆိုအကများ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** ဒါသင်္ကြန်အဆိုအကများ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'အောင်ပွဲမဏ္ဍိုင်ရင်ဆိုင်ချီတက်' (အပိုင်း-၂၃)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** မင်္ဂလာပါအတာသင်္ကြန် MRTV (၃)
**၂၁:၄၀** ဆေးရောင်စုံရုပ်ရှင် 'ဖွတ်ရှယ်သမက်' (ရန်အောင်၊ ရဲအောင်၊ နေတိုး၊ ကျော်ကျော်ဗို မိုးဟေကို၊ စိုးပြည့်သဇင်)

### mitv

**07:01** Metta Inngyin Yagon (Sein Lei Lei)
**07:11** Products of Myanmar - Velvet Slipper
**07:24** Secret Recipes by Gourmet Chefs (India)
**07:54** Dances of Myanmar: Rvwang Azulam Dance
**08:00** Myanmar Cultural Identities (Hintha or Hamsa)
**08:25** Atuladhipati Mahamunisacca Koe Htat Kyee Pagoda
**08:41** Myanmar Masterclass: Artist Than Kywe
**08:53** Water Festival Yadanabon Era
**09:01** News
**09:27** Global Partnership for Brighter Future: Malaysia Pavilion at Expo 2020 Dubai
**09:39** Thingyan Songs & Dances
**09:50** A Tourist Destination Of Shan State

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ရောဝတီရဲ့ အရိုင်းဆန်တဲ့အလှဂေါ်ရန်ဂိုရ် (အပိုင်း-၂)
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** ရေကညွှတ်ဟင်း
**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)** သင်မယ်ရေးမယ်တို့ချင်းစာ (အပိုင်း-၃၃)
**ချင်း (ချီး) (၀၉:၀၀ မှ ၁၀:၀၀)** ကောက်ရိုးမှိုစိုက်ပျိုးခြင်း
**မွန် (၁၀:၀၀ မှ ၁၂:၀၀)** နော်ဘုဘောဆုတောင်းတောင်
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** သဲပုံစေတီပွဲတော် (သျှစ်သောင်းပြောက်ပွဲ)
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** လှပဆင်ယင်ခမ်းတီးအဆင်
**ဝ (၁၆:၀၀ မှ ၁၈:၀၀)** ကွမ်းလုံမြို့သို့အလည်တစ်ခေါက်
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)** ဗိုင်ဝါးဘာသာစကားပြောကြရအောင် (အပိုင်း-၃)
**ကယား (၂၀:၀၀ မှ ၂၁:၀၀)** ဘုရားဖြစ်တည်ရာဆန်းကြယ်မြင်ကွင်းဗုဒ္ဓဂါယာ
**ဝကေကရင် (၂၁:၀၀ မှ ၂၂:၀၀)** ဂန္ထဝင်ဆန်တဲ့အချစ် (အပိုင်း-၂)

### MRTV NEWS

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကျောင်းမှန်မှန်တက်စာမခက်'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၄)
**၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၃)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၄)

### MRTV FARMERS'

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း
**၀၆:၄၅** ကလောမြို့နယ်မှဖွံ့ဖြိုးတိုးတက်နေသော ကျေးရွာများ
**၀၇:၁၅** ပီနောင်တိုင်းတို့သင်္ကြန်ခါ (ရှမ်းသင်္ကြန်)
**၀၇:၅၀** တောင်သူ့ဘဝသုတကဏ္ဍ
**၀၈:၀၀** ကုန်ကြမ်းမှသည်ကုန်ချောဆီသို့
**၀၉:၂၀** ရွှေညာမြေမှပဲတီစိမ်း
**၀၉:၅၀** မင်းဘူးဒေသထွက်ကညွတ်သီးနှံ

### MRTV SPORTS

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို ဝေနေ့တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အသိပေးကြေညာချက်

ပြည်တွင်း၊ ပြည်ပ ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ရွှေနှင့်ငွေကြေးဈေးကွက် တည်ငြိမ်မှုသည် များစွာအရေးပါသည့်အတွက် ပြည်တွင်း ရွှေနှင့်ငွေကြေးဈေးနှုန်းများ တည်ငြိမ်မှုရှိအောင် ထိန်းကျောင်း ကြပ်မတ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် **ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ**ကို ဖွဲ့စည်းခဲ့ပါသည်။ လုပ်ငန်းကော်မတီသည် ပြည်တွင်းငွေကြေးဈေးနှုန်းများ တည်ငြိမ်မှုရှိအောင် ထိန်းကျောင်းကြပ်မတ်ရာတွင် အထောက်အကူဖြစ်စေရန် တိုင်ကြားစာစိစစ်ရေးအဖွဲ့အား ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်၍ ငွေကြေးဈေးကွက်တည်ငြိမ်မှုကို ထိခိုက်စေနိုင်သော ဆောင်ရွက်မှုများဖြစ်သည့် နိုင်ငံခြားငွေကြေးများအား တရားမဝင်ကိုင်ဆောင်ခြင်း၊ ဥပဒေမဲ့အရောင်းအဝယ်ပြုလုပ်ခြင်း၊ ဈေးကစားခြင်းပြုလုပ်သူများ၊ အိမ်ခြံမြေနှင့် မော်တော်ယာဉ်ကဲ့သို့ အခြေပစ္စည်းများအား ရောင်းဝယ်ပြီး ပိုင်ဆိုင်မှုလွှဲပြောင်းရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှု ကန့်သတ်ချက်များအတိုင်း လိုက်နာမှုမရှိသူများ၊ ဘဏ်များတွင်အပ်နှံထားသည့် ငွေသားထုတ်ယူရာ၌ ရာခိုင်နှုန်းယူ၍ ငွေသားထုတ်ပေးခြင်း၊ ဘဏ်ပြင်ပတွင် ငွေသားလက်ဝယ်ထိန်းသိမ်းထားသူများက ဘဏ်အကောင့်တွင် အပ်နှံထားသည့် ကျပ်ငွေများကို ရာခိုင်နှုန်းယူ၍ ငွေသားဖြင့်လဲလှယ်ထုတ်ပေးခြင်းတွင် ပါဝင်ပတ်သက်သူများကို သိရှိပါက **ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ**၏ တိုင်ကြားစာစိစစ်ရေးအဖွဲ့ တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၀၉၄၆၃၊ လက်ကိုင်ဖုန်းနံပါတ် ၀၉-၄၃၀၀၆၈၃၃ နှင့် Email လိပ်စာ gmm.complaint@cbm.gov.mm သို့ လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊**
**ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ**



## အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို

## စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ - ၄ - ၂၀၂၂

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၂၉၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၄၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၂၇၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၄၀/၁၉၅၀ ကျပ် | ၁၉၇၀/၁၉၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၉၆၅/၁၉၇၀ ကျပ် | ၁၉၉၅/၂၀၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၇၂၅/၁၇၃၀ ကျပ် | ၁၇၇၅/၁၇၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၇၉၀/၁၈၁၅ ကျပ် | ၁၉၀၀/၁၉၀၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၁ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၅၇ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၅ . ၀၀၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၉၀ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၃၈ . ၂၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၀ . ၇၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၄ . ၃၇၁ |

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၈၀၀ | ၈၀၀၀ | ၃၁၇ | ၂၄၉၁၀၀၀ |
| MTSH | ၂၇၀၀ | ၂၇၀၀ | ၁၅၇၄ | ၄၂၁၀၇၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၅၀၀ | ၁၈၅၀၀ | ၃ | ၅၅၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၆ | ၁၅၉၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၂ | ၁၀၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဒွိစက္ခုအမြင်နှင့် ပြီးပြည့်စုံသော စဉ်းစားတွေးခေါ်မှု

သိန်းထွန်း(IR)

### တစ်ကိုယ်စာထက်ပိုသော

လူတစ်ဦးချင်းစီတိုင်းဟာ နေ့စဉ်နဲ့အမျှဆိုသလို ကိုယ့်အရေး၊ သူ့အရေးနဲ့ အများအရေးတွေ စဉ်းစားလုပ်ကိုင်ကြရင်း ဘဝအရေးအစုံစုံတွေနဲ့ လည်ပတ်နေတတ်ကြပါတယ်။

ဒီလိုဘဝအရေးတွေကို စဉ်းစားလုပ်ကိုင်ကြရာမှာ ကိုယ်တိုင်အတွက်၊ အများအတွက် ပါတတ်တာတွေအပြင် လတ်တလောအတွက်လား၊ ရေရှည်နောင်ရေးလား၊ သံသရာအတွက်လားဆိုတာလည်း စဉ်းစားကြရပါတယ်။ ကိုယ်တစ်ယောက်တည်းအရေးကို စဉ်းစားလုပ်ကိုင်ရာမှာ ကိုယ့်စိတ်ကူးတွေ၊ ဆန္ဒတွေအတိုင်း လွတ်လွတ်လပ်လပ် လုပ်ကိုင်နိုင်ပေမယ့် အများနဲ့ဆက်စပ်ပတ်သက်နေတဲ့ အရေးတွေကို စဉ်းစားလုပ်ကိုင်ရာမှာတော့ ကိုယ့်တစ်ကိုယ်စာအတွက် စဉ်းစားလုပ်ကိုင်သလို လုပ်လို့ မရနိုင်တော့ပါဘူး။ သူ့ဘက်၊ ကိုယ့်ဘက် အများအတွက်ဆိုတဲ့ အကျိုးတွေဆက်စပ်မှုတွေ ရှိလာလို့ ဖြစ်ပါတယ်။

တစ်ကိုယ်စာဆိုတာတောင်မှ အခုဘဝအရေး၊ နောင်သံသရာအရေးဆိုတာ ထည့်ပြီး စဉ်းစားကြရတာ မဟုတ်လား။ အများနဲ့ဆိုင်လာပြီဆို ဒီထက်ပိုပြီးကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းစဉ်းစားဖို့ လိုလာပြီပေါ့။ တစ်ကိုယ်စာထက်ပိုတဲ့ အမြင်တွေ၊ စိတ်ထားတွေနဲ့ ဆင်ခြင်စဉ်းစားမှုတွေရှိမှ ကိုယ့်အကျိုး၊ သူ့အကျိုးရရှိနိုင်မှာ ဖြစ်ပါတယ်။ လူတစ်ဦးချင်းစီတိုင်းအနေနဲ့ ကိုယ့်ရဲ့ခံယူချက်၊ အတွေးအမြင်၊ စဉ်းစားတွေးခေါ်မှုတွေရဲ့ ဦးဆောင်မှုနဲ့ ဘဝကိုဖန်တီးတည်ဆောက်ကြရတာ မဟုတ်လား။ လူမှုအသိုက်အဝန်းနဲ့နေလာကြတဲ့အခါ အဲဒီ တစ်ဦးတစ်ယောက်ရဲ့အမြင်နဲ့ လုပ်ဆောင်မှု ကောင်းကျိုး၊ ဆိုးကျိုးတွေဟာ သက်ဆိုင်ရာ ပတ်ဝန်းကျင်အပေါ် သက်ရောက်နေတာမို့ တစ်ကိုယ်စာထက်ပိုတဲ့ အမြင်နဲ့ စဉ်းစားဆင်ခြင်မှု လိုလာပါတယ်။

### ကြောင်းကျိုးဆင်ခြင်ခြင်း

လူတစ်ယောက်ရဲ့ အတွေး၊ အကြံ၊ အပြောဆိုတာတွေနဲ့ပတ်သက်လို့ မြတ်စွာဘုရားက ဓမ္မတို့သည် စိတ်လျှင် ရှေ့သွားရှိကုန်၏၊ စိတ်လျှင်အကြီးအမှူး ရှိကုန်၏၊ စိတ်လျှင် အထည်ကိုယ်ရှိကုန်၏ဟု မြတ်စွာဘုရားက ဟောတော်မူပါတယ်။ လူအပေါင်းကို စိတ်က ဦးဆောင်နေတယ်၊ စိတ်က ဆွဲငင်နေတယ်၊ တရားအကုန်လုံးက စိတ်– ဆိုတဲ့ တရားတစ်ခုရဲ့ အလိုကို လိုက်ပါနေကြတယ်။ ဒါကြောင့် သတ္တဝါတိုင်းမှာ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု သုံးခုရှိနေတဲ့အနက် စိတ်မှုကသာ အဓိကဖြစ်တယ်။ စိတ်မကောင်းရင် ကိုယ်မှု၊ နှုတ်မှုလည်း မကောင်းနိုင်တော့ဘူးလို့ အရှင်ကုမာရက ဗုဒ္ဓအလိုကျ ကြီးပွားချမ်းသာရေး ကိုယ်ကျင့်မင်္ဂလာမှာ ရေးသားထားပါတယ်။ အဲဒီလို အရေးပါတဲ့စိတ်ရဲ့ စဉ်းစားတွေးခေါ်တဲ့အလုပ်ကို လူတိုင်း နေ့စဉ်လုပ်နေကြပေမယ့် ဘယ်လောက်အတိုင်းအတာအထိ ရှုထောင့်စုံထည့်သွင်းစဉ်းစားကြသလဲဆိုတာကလည်း အရေးပါလို့နေပါတယ်။ စိတ်ရဲ့စဉ်းစားတွေးခေါ်မှုကို ဒီကနေ့ခေတ်မှာ ပညာရှင်တွေက သိပ္ပံနည်းကျ ဆန်းစစ်လာကြပါတယ်။

စဉ်းစားတွေးခေါ်မှုနဲ့ပတ်သက်လို့ Matthew Allen က အချက်အလက်ရှာဖွေခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနဲ့ ပေါင်းစပ်ခြင်းတွေ ပါဝင်တဲ့လုပ်ငန်းစဉ်ဆိုင်ရာ လက္ခဏာတစ်ရပ်လို့ ဆိုပါတယ်။ သာမန်စဉ်းစားတွေးခေါ်မှုထက်ပိုတဲ့ ပြီးပြည့်စုံသောစဉ်းစားမှု (smart thinking) ဖြစ်ဖို့ဆိုရင် ကျိုးကြောင်းဆီလျော်မှုရှိဖို့နဲ့ ဆင်ခြင်သုံးသပ်မှုတွေ အသုံးပြုကြရပါတယ်။ အဲဒီလိုစဉ်းစားမှုလည်း ပိုမိုကောင်းမွန်တဲ့ ရလဒ်ထွက်ပေါ်လာမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကြောင်းကျိုးဆင်ခြင်မှုဆိုရာမှာ ကိုယ်နဲ့ သက်ဆိုင်တဲ့ အကြောင်းအရာတွေ၊ ဖြစ်စဉ်တွေနဲ့ အတွေးအခေါ်တွေအကြား ဆက်နွှယ်မှုကို နားလည်ဖို့နဲ့ ပိုမိုစူးစမ်းဖော်ထုတ်တဲ့ လုပ်ငန်းစဉ်လို့ဆိုရင် ပိုပြီးဆီလျော်တယ်လို့ ဆိုပါတယ်။

ကြောင်းကျိုးဆင်ခြင်မှုဟာ မရေမတွက်နိုင်တဲ့ အဖြစ်အပျက်တွေ၊ အကြောင်းအရာတွေနဲ့ စိတ်ကူးစိတ်သန်းတွေကိုကျော်ပြီး ပြီးပြည့်စုံတဲ့ စဉ်းစားတွေးခေါ်မှုကို ရရှိစေပါတယ်။ ကျိုးကြောင်း ဆင်ခြင်မှုကို အသုံးပြုခြင်းကြောင့် အပြန်အလှန်ချိတ်ဆက်နေတဲ့ သီးခြားအကြောင်းအရာတွေကို မြင်တွေ့နိုင်တဲ့အပြင် အခြားအရာများနဲ့ ပတ်သက်လို့ မိမိသိထားတဲ့အသိတွေပေါ် တည်မှီနေတဲ့ ထူးခြားသောအရာတွေကိုလည်း သိစေတယ်လို့ Matthew Allen က ဆိုပါတယ်။ တစ်ခါတစ်ရံ ဆက်နွှယ်မှုတွေဟာ ထင်သာမြင်သာရှိပေမယ့် အခြားအချိန်တွေမှာ အဲဒါတွေကို မြင်ဖို့ခက်ခဲပါတယ်။ ကျိုးကြောင်းဆင်ခြင်မှုမှာ အဲဒီလိုချိတ်ဆက်နေမှုတွေ ဒါမှမဟုတ် ဆက်စပ်ပတ်သက်နေမှုတွေကို ရှာဖွေဖော်ထုတ်ရတာကြောင့် ဖြစ်ရပ်တစ်ခုချင်း၊ အကြောင်းအရာတစ်ခုချင်း ဒါမှမဟုတ် စဉ်းစားမှုတစ်ခုချင်းဟာ အခြားဖြစ်ရပ်တွေ၊ အကြောင်းအရာတွေ ဒါမှမဟုတ် စဉ်းစားမှုတွေ အလိုက် နားလည်စေနိုင်ကြောင်း ဆိုပါတယ်။

အဲဒီလို ပြီးပြည့်စုံတဲ့စဉ်းစားတွေးခေါ်မှုကို ကြည့်ရင် ဘက်စုံထောင့်စုံကနေ ရှုမြင်ဖို့နဲ့၊ ကျိုးကြောင်းဆင်ခြင်စဉ်းစားဖို့ လိုအပ်တာ ထင်ရှားပါတယ်။ လိုချင်တာ၊ ဖြစ်ချင်တာလေး ကွက်ကွက်ကိုပဲကြည့်ပြီး စဉ်းစားမယ်ဆိုရင် ပြီးပြည့်စုံတဲ့စဉ်းစားမှုလို့ မဆိုနိုင်ပါဘူး။ ရှုမြင်တဲ့အမြင်နဲ့ စဉ်းစားဆင်ခြင်မှု မပြည့်စုံရင် ဖြစ်ပေါ်လာတဲ့ ရလဒ်ဟာလည်း ပြည့်စုံဖို့ခက်ခဲသလို ဘေးထွက်ဆိုးကျိုးတွေလည်း ရှိလာနိုင်တာကို သတိပြုကြရမှာပါ။

### ကိုယ်ချင်းစာတရား

ကိုယ်ချင်းစာတရားဟာ လူတစ်ယောက်ရဲ့ တန်ဖိုးလည်း ဖြစ်ပါတယ်။ သူတစ်ဖက်သားအပေါ် ကိုယ်နှင့်နှိုင်းယှဉ်ပြီးထားရှိတဲ့ စာနာစိတ်၊ မေတ္တာစိတ်လို့လည်း ဆိုရမှာပါ။ ကိုယ်ချင်းစာစိတ်နဲ့ပတ်သက်လို့ မြတ်စွာဘုရားက ဝေဠုဒွါရေယျသုတ်မှာ ဟောခဲ့ပါတယ်။ အရှင်မဟာရဋ္ဌသာရရဲ့ ကိုယ်နှင့်လည်းစာ၊ သတ္တဝါကို၊ ကြင်နာလှစေ၊ သူ့အသက်ကို ချစ်ပါလေဆိုတဲ့ ဆုံးမစကားလိုပါပဲ။ ကိုယ်မလိုချင်တာ သူများကို လုံးဝမပေးပါနှင့်။ ကိုယ်လိုချင်တာ သူများကို အကုန်ပေးပါ။ ကိုယ်ပေးထားတဲ့အတိုင်း ကိုယ်ပြန်ရလိမ့်မယ်လို့ တောရဆရာတော်ကြီးက မိန့်ကြားတော်မူပါတယ်။ ဒါဟာ ကိုယ်ချင်းစာတရားပဲ ဖြစ်ပါတယ်။

လူတစ်ဦးတစ်ယောက်အနေနဲ့ စဉ်းစားလုပ်ကိုင်ကြရာမှာ ကိုယ်ချင်းစာတရား မပါဘဲနဲ့ဆိုရင် ပြည့်စုံတဲ့ စဉ်းစားဆင်ခြင်မှုလို့ ဆိုဖို့ခက်လှပါတယ်။ ကိုယ်ချင်းစာတရားပါမှ သူ့ဘက်ကိုယ့်ဘက်မျှပြီး တရားမျှတမှု ရရှိနိုင်ပါလိမ့်မယ်။ အဲဒီလို တရားမျှတမှုကိုရရှိစေတဲ့ ကိုယ်ချင်းစာတရားရဲ့ ဆန့်ကျင်ဘက်ကတော့ အတ္တလွန်ကဲခြင်းပဲ ဖြစ်ပါတယ်။ ကိုယ်ချင်းစာတရားက လူတစ်ယောက်ရဲ့ သီလ၊ တန်ဖိုး၊ စိတ်ရဲ့အရည်အသွေးလို့ဆိုရင် အတ္တလွန်ကဲခြင်းကတော့ လူတစ်ယောက်ရဲ့ သီလ၊ ကိုယ်ရည်ကိုယ်သွေးနဲ့တန်ဖိုးကို လျော့ကျစေတဲ့ အကျင့်စရိုက်တစ်ခုဖြစ်ပါတယ်။

အတ္တလွန်ကဲလာရင် ကိုယ်ချင်းစာတရား နည်းပါးလာတာပါပဲ။ အတ္တတွေ၊ လောဘတွေနဲ့ ယှဉ်ပြီးရလာတဲ့ ချမ်းသာသုခ၊ စည်းစိမ်၊ ပီတိနဲ့ ပျော်ရွှင်ချမ်းမြေ့မှုတွေနောက်လိုက်ရင်း ကိုယ်ချင်းစာတရားနည်းပါးလာတတ်ပြီး သူတစ်ပါးရဲ့ အကျိုးစီးပွားနဲ့ ရပ်တည်မှုကို မျက်ကွယ်ပြုလာတတ်ကြပါတယ်။ ဒီတော့ အတ္တနဲ့ ကိုယ်ချင်းစာတရားဟာ ဆန့်ကျင်ဘက်သဘောလို့ ဆိုရနိုင်ပါတယ်။

ဒီကနေ့အလေးထားပြောဆိုနေကြတဲ့ လူသားချင်းစာနာမှုဆိုတာ ကိုယ်ချင်းစာတရား ရှုထောင့်ကနေ လူကိုလူချင်း အသိအမှတ်ထားပြုမူဆက်ဆံရေးပဲ ဖြစ်ပါတယ်။ ကိုယ်ချင်းစာတရား မရှိဘဲ လူသားချင်းစာနာမှုဆိုတာ မရှိနိုင်ပါဘူး။ တကယ်တော့ ကိုယ်ချင်းစာတရားဟာ လူမှုဆက်ဆံရေးနယ်ပယ်အတွက်သာ လိုအပ်တာ မဟုတ်ပါဘူး။

> ❂ **အရှင်မဟာရဋ္ဌသာရရဲ့ ကိုယ်နှင့်လည်းစာ၊ သတ္တဝါကို၊ ကြင်နာလှစေ၊ သူ့အသက်ကို ချစ်ပါလေဆိုတဲ့ ဆုံးမစကားလိုပါပဲ။ ကိုယ်မလိုချင်တာ သူများကို လုံးဝမပေးပါနှင့်။ ကိုယ်လိုချင်တာ သူများကို အကုန်ပေးပါ။ ကိုယ်ပေးထားတဲ့အတိုင်း ကိုယ်ပြန်ရလိမ့်မယ်လို့ တောရဆရာတော်ကြီးက မိန့်ကြားတော်မူပါတယ်။ ဒါဟာ ကိုယ်ချင်းစာတရားပဲ ဖြစ်ပါတယ်။**
>
> ❂ **လူတစ်ဦးတစ်ယောက်အနေနဲ့ စဉ်းစားလုပ်ကိုင်ကြရာမှာ ကိုယ်ချင်းစာတရား မပါဘဲနဲ့ ဆိုရင် ပြည့်စုံတဲ့ စဉ်းစားဆင်ခြင်မှုလို့ ဆိုဖို့ခက်လှပါတယ်။**

တိရစ္ဆာန်တွေအပေါ် ပြုမူဆက်ဆံတာကအစ လိုအပ်ပါတယ်။ ကိုယ်ချင်းစာတရားထွန်းကားတဲ့ အသိုက်အဝန်းတွေမှာပဲ တရားမျှတမှုတွေ၊ မေတ္တာတရားတွေနဲ့ အေးချမ်းမှုတွေလည်း ထွန်းကားလာမှာပါ။

ဆရာတော် အရှင်ဇနကာဘိဝံသကတော့ ကိုယ်ချင်းစာတရားကို လူတစ်ယောက်ရဲ့သီလလို့ ဆိုပါတယ်။ စောင့်ထိန်းအပ်တဲ့တရား လို့ဆိုရမှာပါ။ မင်္ဂလသုတ်မှာ ဝိနယောစ သုသိက္ခိတော (ဝိနယော– ကိုယ်ကျင့်ဝိနည်းကို = အဆုံးအမကို+ သုသိက္ခိတော– ကောင်းစွာသင်ခြင်း၊ ကျင့်ခြင်း) လို့ ပါပါတယ်။ စောင့်ထိန်းအပ်တဲ့ ကိုယ်ကျင့်သီလတွေကို ကျင့်ကြံဆောက်တည်ခြင်းဟာ မင်္ဂလာတစ်ပါးပဲ ဖြစ်ပါတယ်။ ကိုယ်ချင်းစာတရားဆိုတဲ့ ကိုယ်ကျင့်သီလဟာ ကိုယ့်အတွက်လည်း မင်္ဂလာရှိစေသလို အခြားသူတွေအပေါ်လည်း မင်္ဂလာရှိစေပါတယ်။

### ဦးနှောက်နဲ့ နှလုံးသားပေါင်းစပ်မှု

ကိုယ်ချင်းစာတရားဟာ အသက်အရွယ်၊ ပညာ၊ အတွေ့အကြုံ၊ ရင့်ကျက်မှု၊ ကြွယ်ဝချမ်းသာမှု၊ ရာထူးအဆင့်အတန်း၊ ကျား/မ ဆိုတာတွေနဲ့ တိုက်ရိုက်အချိုးမကျတတ်ပါဘူး။ စိတ်ရဲ့ အရည်အသွေး၊ နှလုံးသားအရည်အသွေးတွေနဲ့ တိုက်ရိုက်ပတ်သက်ပါတယ်။ လူတွေရဲ့ တွေးတောမှု၊ အပြောအဆိုနဲ့ လုပ်ဆောင်မှုတွေဟာ စဉ်းစားတွေးခေါ်မှုက တစ်ဆင့်ဖြစ်လာတဲ့ လုပ်ဆောင်မှုတွေဖြစ်ပြီး အဲဒီဦးနှောက်နဲ့ စဉ်းစားတွေးခေါ်မှုတွေကို ကိုယ်ချင်းစာတရားအပေါ် အခြေခံမယ်ဆိုရင် ဦးနှောက်နဲ့ နှလုံးသားပေါင်းစပ်ထားတဲ့ ပြီးပြည့်စုံတဲ့ စဉ်းစားတွေးခေါ်မှုတွေ ရရှိစေလို့ ကောင်းမွန်တဲ့အကျိုးဆက်ကိုလည်း ရရှိပါလိမ့်မယ်။

ခေတ်တွေ ဘယ်လောက်တိုးတက်တယ်ဆိုပါစေ ကိုယ်ချင်းစာတရား၊ မေတ္တာတရား ကင်းမဲ့နေရင် ယဉ်ကျေးတဲ့ လူ့အသိုက်အဝန်းလို့ မဆိုနိုင်ပါဘူး။ တိရစ္ဆာန်တွေကိုတောင် မညှဉ်းဆဲ၊ မသတ်ဖြတ်ဖို့ ကိုယ်ချင်းစာတရား၊ မေတ္တာတရားတွေနဲ့ အမျိုးမျိုးကြိုးပမ်းနေကြတာ တွေ့နိုင်ပါတယ်။ တစ်ခါတစ်ရံ ဦးနှောက်နဲ့ပဲ စဉ်းစားဆုံးဖြတ်ရတာတွေ ရှိသလို တစ်ခါတစ်ရံ နှလုံးသားနဲ့ ဆုံးဖြတ်ရတာတွေလည်း ရှိကြပါတယ်။ ပိုပြီး ပြီးပြည့်စုံတဲ့ အမြင်၊ အတွေး၊ အကြံ၊ အပြော၊ အလုပ်တွေ ဖြစ်ဖို့ဆိုရင် ဦးနှောက်နဲ့နှလုံးသားပေါင်းစပ်မှသာ ပြည့်စုံပါလိမ့်မယ်။

### နှစ်ဖက်အမြင်ရှိသူ (ဒွိစက္ခုကပုဂ္ဂိုလ်)

လူတွေရဲ့ အတွေးအခေါ်တွေ မြင့်တက်လာဖို့ ဝေဖန်ပိုင်းခြားစဉ်းစားတာ၊ သိပ္ပံနည်းကျ စနစ်တကျတွေးခေါ်တာနဲ့ ကျွမ်းကျင်မှုတွေ တိုးတက်လာပေမယ့် နှလုံးသားအရည်အသွေး တစ်ခုဖြစ်တဲ့ ကိုယ်ချင်းစာတရား မပါဝင်ဘူးဆိုရင် ပြီးပြည့်စုံတဲ့ စဉ်းစားတွေးခေါ်မှုလို့ ဆိုဖို့ ခက်ပါတယ်။ လူတစ်ယောက်အပေါ်မှာဖြစ်ဖြစ်၊ ဖြစ်စဉ်ဖြစ်ရပ်တစ်ခုကိုဖြစ်ဖြစ် ပိုင်းခြားသုံးသပ်စဉ်းစားရာမှာ မျက်ကန်းလို (အန္ဓပုဂ္ဂိုလ်) နဲ့ တစ်ဖက်မြင် (ဧကစက္ခုကပုဂ္ဂိုလ်) မဖြစ်ဖို့လိုပြီး နှစ်ဖက်အမြင် (ဒွိစက္ခုကပုဂ္ဂိုလ်) ဖြစ်မှ မိမိအကျိုး၊ အများအကျိုးရရှိစေမှာပါ။ မျက်ကန်းပုဂ္ဂိုလ်နဲ့ တစ်ဖက်မြင် ပုဂ္ဂိုလ်တွေကို ရှောင်ကြဉ်ရမယ်၊ မြင့်မြတ်တဲ့ နှစ်ဖက်မြင်ပုဂ္ဂိုလ်ကို မှီခိုပေါင်းသင်းရမယ်လို့ မြတ်စွာဘုရားက ဟောကြားထားပါတယ်။

လုပ်သင့်တာနဲ့မလုပ်သင့်တာ၊ အပြစ်ရှိတာနဲ့ အပြစ်ကင်းတာ ဒီနှစ်ခုကို ကွဲကွဲပြားပြားသိရှိတဲ့ အမြင်မျက်စိဆိုတာ ဒုတိယမျက်လုံးအနေနဲ့ လိုအပ်ကြောင်း၊ ဒါမှသာ လူ့ဘဝဟာ ပြည့်စုံပြီး ဘဝသံသရာမှာလည်း ကောင်းကျိုးချမ်းသာရရှိမည်ဖြစ်ကြောင်း၊ စီးပွားရှာတတ်တဲ့ အမြင်သာရှိပြီး ကိုယ်ကျင့်သီလဆိုင်ရာ အမြင်မရှိတဲ့ သူဟာ တစ်ဖက်မြင်သာ ဖြစ်တယ်၊ လောကမှာ အမြင်နှစ်မျိုး ပြည့်စုံသူမှသာ ချီးမွမ်းထိုက်တဲ့ပုဂ္ဂိုလ်လို့ မြတ်စွာဘုရားက ဟောကြားကြောင်း ပါမောက္ခချုပ် ဆရာတော်ကြီးက ကိုယ်ချင်းစာတရားနဲ့ ကိုယ်ကျင့်သီလတရားမှာ ဟောတော်မူပါတယ်။

ဒီတော့ သူ့အကျိုး၊ ကိုယ့်အကျိုး၊ အများအကျိုး ကောင်းဖို့ဆိုရင် စဉ်းစားဆင်ခြင်ကြရာမှာ ကိုယ်ချင်းစာတရားဆိုတဲ့ ရှုထောင့်အမြင် ပါဝင်မယ်ဆိုရင် မှန်ကန်တဲ့ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတွေ ဖြစ်လာမှာပါ။ မိမိကြောင့် သူတစ်ပါးကို မထိခိုက်စေတာ၊ သူတစ်ပါးကို ငဲ့ညှာသနားတတ်တာ၊ ကိုယ်နဲ့ယှဉ်သော စိတ်မွေးမြူခြင်းဟာ သူတော်ကောင်းတွေရဲ့လုပ်ရပ်တွေလည်း ဖြစ်ပါတယ်။ တစ်ဦးနဲ့တစ်ဦး ကိုယ်ချင်းစာစိတ်နဲ့ပြုမူ၊ ပြောဆို၊ လုပ်ကိုင်ကြမှ သူ့ဘက်ကိုယ့်ဘက် စိတ်ချမ်းသာစေမှာပါ။ ဒီလိုမဟုတ်ဘဲ အန္ဓပုဂ္ဂိုလ်လို၊ ဧကစက္ခုကပုဂ္ဂိုလ်တွေလိုဆိုရင် ငြိမ်းချမ်းမှုတွေ၊ တရားမျှတမှုတွေ၊ မေတ္တာတရားတွေ ဆိတ်သုဉ်းပြီး အေးချမ်းတဲ့ လူ့ပတ်ဝန်းကျင်ဖြစ်ဖို့ ခက်ခဲပါလိမ့်မယ်။

ဒီတော့ ပစ္စုပ္ပန်အကျိုး၊ သံသရာအကျိုး၊ မိမိအကျိုး၊ အများအကျိုး ပြည့်စုံစေဖို့အတွက် ဒွိစက္ခုအမြင်နဲ့ ပြည့်စုံတဲ့စဉ်းစားဆင်ခြင်မှုကို ကျင့်ကြံတည်ဆောက်ကြရမှာပဲ ဖြစ်ပါတယ်။

**ကိုးကား**


၁။ ပါမောက္ခချုပ်ဆရာတော်၊ ကိုယ်ချင်းစာတရားနှင့် ကိုယ်ကျင့်သီလတရားတော်

၂။ အရှင်ကုမာရ၊ ဗုဒ္ဓအလိုကျ ကြီးပွားချမ်းသာရေး ကိုယ်ကျင့်မင်္ဂလာ

၃။ ဦးရွှေအောင်၊ ဓမ္မပဒ

၄။ Matthew Allen၊ SMART THINKING SKILLS FOR CRITICAL UNDERSTANDING AND WRITING (second Edition)

# အင်းသားတို့အမွေ၊ မြန်မာ့အမွေ ထိန်းသိမ်းကြပါစို့လေ

—— ကေကေ ——

မြစ်ချောင်းအင်းအိုင်နှင့် ရေဝေရေလဲဒေသများကို သဘာဝတရားက ညီအစ်ကို၊ ညီအစ်မသဖွယ် ဆက်စပ်ပေးထားသည်။ ထိုသို့ ဆက်စပ်နေသည့်အတွက် မြစ်ချောင်း အင်းအိုင်များ၏ ဂေဟစနစ် ထိခိုက်လာမှုကို ဆန်းစစ်ကြည့်လျှင် ရေဝေရေလဲဒေသပျက်စီးလာမှုကြောင့် ဖြစ်ပေါ်လာရသည်ကို တွေ့ရမည်ဟု သဘာဝဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်သူများက ဆိုကြသည်။

သဘာဝဝန်းကျင်တွင် ဂေဟစနစ်တစ်ခု ပြောင်းလဲပျက်စီးလာစေရန် ဆောင်ရွက်သူများမှာ လူသားများသာဖြစ်သည်။ သို့သော် သဘာဝဝန်းကျင်ပျက်စီးလျှင် နောက်ဆုံးတွင် ထိခိုက်မည့်သူများမှာလည်း လူသားများသာ။

ထို့ကြောင့် မြန်မာနိုင်ငံအတွင်းရှိ သဘာဝဝန်းကျင်ဂေဟစနစ်အားလုံးကို ထိန်းသိမ်းရန်မှာ နိုင်ငံသူ နိုင်ငံသားအားလုံး၏ တာဝန်ပင်။ ထိုသို့ ထိန်းသိမ်းမှသာ သဘာဝဝန်းကျင် ပတ်ဝန်းကျင် ပျက်စီးခြင်း၏ အကျိုးဆက်ကို ကျော်လွှားသွားနိုင်မည်ဖြစ်သည်။ ထိုသို့သော သဘောတရားကို ပြသနေသည့်နေရာတစ်ခုကား အင်းလေးကန်ဝန်းကျင်ဒေသပင်။ ဝန်းကျင်ဂေဟစနစ် ထိခိုက်လာမှုကြောင့် အင်းလေးကန်နှင့် ရေဝေရေလဲဒေသသည် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်နေပြီဆိုသည့် အချက်ပေး ခေါင်းလောင်းသံပေးခဲ့သည်မှာ ဆယ်စုနှစ်တစ်ခု ကျော်လွန်ခဲ့ပြီဖြစ်သည်။

"အင်းလေးကန် ရေနည်းလာတာ၊ ထိခိုက်ပျက်စီးလာတာကို သိလာကြပါပြီ။ အဓိကကတော့ သဘာဝပတ်ဝန်းကျင် ပြောင်းလဲလာမှုကြောင့်နဲ့ အင်းထဲမှာ နေထိုင်မှု၊ ပြောင်းလဲလာမှုကြောင့်ပါ။ တချို့က ထိခိုက်ပျက်စီးလာတာကို သိသလို မပျက်စီးအောင် တတ်နိုင်သလောက် ထိန်းသိမ်းမှုလုပ်တာရှိတယ်။ တချို့ကကျတော့ ပျက်စီးလာတာကို သိပေမယ့် ထိန်းသိမ်းမှုမှာ မပါဝင်သေးတာရှိတယ်။ တချို့ကျတော့ မသိသလို ဘာမှမဖြစ်ပါဘူးဆိုပြီး နေထိုင်ကြတဲ့သူလည်း ရှိတယ်။ ဘယ်လိုပဲ ခံစားမှုရှိရှိ အင်းလေးကန်ကြီးတော့ ပြောင်းလဲထိခိုက်လာတာကတော့ အမှန်တရားပါ" ဟု အင်းလေးကန်အတွင်း နေထိုင်သည့် အင်းသားတစ်ဦးဖြစ်သည့် ဦးတင့်နိုင်က ပြောသည်။

အင်းလေးကန်သည် တောင်ကြီးခရိုင် ညောင်ရွှေမြို့တွင်တည်ရှိပြီး ကန်၏ရေိယာအတွင်း ဇီဝမျိုးစိတ်များစွာတည်ရှိနေသည့် ကောင်းမွန်သော သက်ရှိပတ်ဝန်းကျင်တစ်ခု ဖြစ်သည်။ ထို့ပြင် တောရိုင်းတိရစ္ဆာန်များ၏ ခိုလှုံရာနေရာတစ်ခု



အင်းလေးကန် ရေဝင်ဧရိယာများအား သဲနုန်းများ တူးဖော်စုပ်ယူစဉ်။

ဖြစ်ပြီး မျိုးသုဉ်းပျောက်ကွယ်ရန် အန္တရာယ်ရှိနေသည့် ကြိုးကြာခေါင်းနီငှက်များ တည်ရှိနေသည်။ များပြားသော ရေနေသတ္တဝါများ၊ အင်းဆက်များ၊ ကုန်းနေ၊ ရေနေသတ္တဝါများလည်း ရှိနေသည်။

ထိုသို့ သဘာဝအရင်းအမြစ်များ ပြည့်နှက်နေသည့်အတွက် အင်းလေးကန်ကို အာဆီယံတောရိုင်းတိရစ္ဆာန် အမွေအနှစ် ဥယျာဉ်များထဲမှ တစ်ခုအဖြစ် ၂၀၀၃ ခုနှစ်တွင် သတ်မှတ်ခြင်းခံရသည်။ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပထမဆုံးသော ဇီဝအဝန်းနယ်မြေအဖြစ် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) ၏ လူသားနှင့် ဇီဝအဝန်းနယ်မြေအစီအစဉ် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကော်မတီက အတည်ပြုသတ်မှတ်ခဲ့သည်။ ထို့အတူ ၂၀၁၈ ခုနှစ်တွင် အင်းလေးကန် ရမ်ဆာရေဝပ်ဒေသအဖြစ် တည်ထောင်သတ်မှတ်ခဲ့သည်။

သို့သော် အင်းလေးကန်သည် သဘာဝဝန်းကျင် ပြောင်းလဲမှု၊ ရေဝေရေလဲ ဒေသများအတွင်း မြေအသုံးချမှုများ ပြောင်းလဲလာမှု၊ ရာသီဥတု ပြောင်းလဲလာမှု စသည့်ဝန်းကျင်ထိခိုက်မှုများ၏ အဖြေကို ပြရာဒေသလည်း ဖြစ်လာသည်။ ထို့အပြင် အင်းလေးကန်အတွင်း လူဦးရေ ထူထပ်လာမှု၊ ကျွန်းမျောရေခြံစိုက်ခင်းများ တိုးပွားလာမှုသည်လည်း ထိခိုက်မှုများ၏ အကြောင်းရင်းတစ်ခုဖြစ်လာသည်။

"အင်းထဲမှာ နေထိုင်တဲ့ လူဦးရေက တိုးပွားလာတယ်၊ ဒီလိုတိုးပွားလာတာနဲ့အညီ စိုက်ခင်းတွေ ချဲ့လာတယ်။ စိုက်ခင်းတွေမှာ ဓာတ်မြေဩဇာ သုံးစွဲမှုရှိတယ်။ လူနေမှုများလာတဲ့အတွက်၊ ခရီးသွားဧည့်သည်ရှိလာတဲ့အတွက် ပလတ်စတစ်သုံးစွဲမှုများလာတာလိုမျိုး အကြောင်းအချက် အမျိုးမျိုးရှိတယ်။ ပြီးတော့ အင်းထဲကို စီးဝင်တဲ့ ရေအရင်းအမြစ်တွေက နုန်းပို့ချမှု ရှိလာတယ်။ နောက်ပိုင်းရာသီဥတုကလည်း ပြောင်းလဲလာတော့ ပြောင်းလဲမှုအကြောင်းစုံလာပြီး ရေအရည်အသွေးနဲ့ ဝန်းကျင်ကို ထိခိုက်လာတာပါ။ တစ်ဦးတစ်ယောက်ကြောင့် ဖြစ်လာတာမဟုတ်ပေမယ့် ရေရှည်တည်တံ့ဖို့တော့

**ကျွန်တော်တို့ဒေသဟာ သဘာဝ အဝန်းအဝိုင်းနယ်မြေတစ်ခုဖြစ်တာမို့ စည်းကမ်းရှိရှိနေတတ်ဖို့ လိုအပ်ပါတယ်။ ဒီလိုမဟုတ်ရင်တော့ သံသရာလည်နေမှာပါ။ ဥပမာ စွန့်ပစ်အမှိုက်တွေကအစ ရေထဲမချဖို့၊ စိုက်ပျိုးရေးအတွက် သဘာဝမြေဩဇာပြောင်းလဲသုံးစွဲဖို့၊ ဗေဒါပင်တွေကို ထိန်းချုပ်ကန်ထဲ စနစ်တကျထားဖို့ စသဖြင့် အကြောင်းအချက်တွေ အများကြီးရှိပါတယ်**

အင်းထဲမှာ နေထိုင်သူတွေ၊ လာလည်တဲ့ ဧည့်သည်တွေ၊ အင်းလေးကန်နဲ့ ဆက်နွှယ်နေတဲ့သူ အားလုံးက ထိန်းသိမ်းရေး အသိရှိရမှာပါ" ဟု အင်းလေးဒေသခံ ဦးမျိုးမြင့်က ပြောသည်။

အင်းလေးကန် ဧရိယာသည် ယခင်က ၁၀၄ စတုရန်းမိုင်ကျယ်ဝန်းသည်။ လက်ရှိတွင် အင်းရေပြင်ဧရိယာ ၂၄ စတုရန်းမိုင်၊ ကျွန်းမျောရိုင်းဧရိယာ ၁၃ စတုရန်းမိုင်၊ ကျွန်းမျော စိုက်ခင်းဧရိယာ ၁၅ စတုရန်းမိုင်၊ လူနေထိုင်သည့် ဧရိယာ ၃ စတုရန်းမိုင်၊ စိုက်ပျိုးမြေ ၈ စတုရန်းမိုင် စုစုပေါင်း ကန်ဧရိယာသည် ၆၃ စတုရန်းမိုင်သာ တည်ရှိသည်။

အင်းလေးကန်အတွင်း နေထိုင်သည့် အင်းသားများအတွက်၊ နိုင်ငံအတွက် ထိန်းသိမ်းရမည့် သဘာဝအရင်းအမြစ် တစ်ခုဖြစ်သည့်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနက အင်လေးကန် စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ရေးစီမံကိန်းကို ၁၉၉၂ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ စီမံကိန်းလုပ်ငန်းများအတွက် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးကို ဖွင့်လှစ်ကာ ထိန်းသိမ်းရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

" အဓိကကတော့ ကန်ရဲ့ အောက်ခြေကန်ထဲကို စီးဝင်တဲ့ ရေဝေရေလဲဒေသက တောင်ကုန်းတောင်တန်းကများတယ်။ ဒီနေရာတွေမှာက မြေအသုံးချမှု ပြောင်းလဲလာတယ်။ ဒီလိုပြောင်းလဲလာတဲ့အခါ ရေတိုက်စားလွယ်တဲ့ မြေနီ၊ ထုံးကျောက်နဲ့ ရွှံ့စေး၊ သဲမြေ အမျိုးအစားဖြစ်တဲ့အတွက် မိုးရာသီမှာ တောင်ပေါ်ကနေ ရေစီးအရှိန်နဲ့ ကန်ထဲစီးဝင်တယ်။ ကန်ရဲ့အောက်ခြေ မြေသားအထက်မှာ နုန်းတွေအဖြစ် အနည်ထိုင်နေတယ်။ ဒါကြောင့် ကန်ထဲကိုစီးဝင်တဲ့ အရင်းအမြစ်တွေမှာ နုန်းထိန်းတမံနဲ့ နုန်းဖမ်းဆည်တွေဆောင်ရွက်တယ်၊ ပြီးတော့ ကန်ထဲမှာ သဲနုန်းတူးဖော်တဲ့လုပ်ငန်းနဲ့ ကျွန်းမျော၊ ရေမှော်တွေ ရှင်းလင်းပြီး ရေလမ်းကြောင်း အမှတ်အသားပြုလုပ်ပေးရပါတယ်။ ဒါတွေကို အဓိကအခြေခံပြီး ကျွန်တော်တို့ ဌာနအနေနဲ့ စီမံချက်ချပြီး ဆောင်ရွက်တဲ့လုပ်ငန်းကတော့ ရှစ်ခုဖြစ်ပါတယ်" ဟု ညောင်ရွှေမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ကျော်ဦးက ပြောကြားသည်။

ကန်အတွင်းသို့ ချောင်းငယ်များအပါအဝင် အရှေ့ဘက်မှ

*စာမျက်နှာ ၂၂ သို့*





အင်းလေးကန်အတွင်း စီးဝင်သည့်ချောင်းလက်တက်များတွင် နုန်းထိန်းတမံ၊ နုန်းထိန်းဆည်များတည်ဆောက်ထားစဉ်။

# နယ်မြေလုံခြုံရေးအရ ခေတ္တပြောင်းရွှေ့လာသော ပြည်သူများအား ထောက်ပံ့ငွေ၊ ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်

**မြစ်ကြီးနား မေ ၁၁**

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် မေ ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲက ပူတာအိုခရိုင်၊ လုံရှာယန်ကျေးရွာမှ နယ်မြေလုံခြုံရေး အခြေအနေအရ မြစ်ကြီးနား မြို့နယ် အာလံကျေးရွာအုပ်စု အူဗျစ်ကျေးရွာသို့ ခေတ္တနေရပ်စွန့်ခွာတိမ်းရှောင်လာသော ဒေသခံ ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးပြီး ဆန်နှင့် စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ သွားရောက်တွေ့ဆုံအားပေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ခေတ္တနေရပ်စွန့်ခွာ ပြည်သူများအား ကျေးရွာများသို့ ပြန်လည်နေထိုင်နိုင်ရေး စီစဉ်ပို့ဆောင်ပေးလျက်ရှိကြောင်း၊ မိမိတို့နေရပ်တွင် မိသားစုများအားလုံးကို အေးချမ်းလုံခြုံစွာ ပြန်လည်နေထိုင်နိုင်ရေး စီမံပို့ဆောင်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ကလေးငယ်များ ပညာသင်ကြားရေးအတွက် ကျောင်းဖွင့်ချိန်တွင် ကျောင်းအပ်နှံသွားနိုင်ရေး၊ နိုင်ငံသားမှတ်ပုံတင် ရရှိရေးတို့အတွက် မဖြစ်မနေ လုပ်ဆောင်သွားရေးတို့ကိုအားပေး တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေတို့က ခေတ္တတိမ်းရှောင်လာကြသည့် အိမ်ထောင်စု ၂၃စု၊ လူဦးရေ ၁၀၃ဦးတို့အား ဆန်အိတ် ၂၅ အိတ်၊ ခေါက်ဆွဲခြောက် ၁၈ ဖာနှင့် ကလေးငယ်များအတွက် အသင့်စားမုန့်ထုပ်များ၊ သက်ကြီးဘိုးဘွားများနှင့် ကလေးငယ်မိခင်များအတွက် ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပူတာအိုခရိုင်အတွင်း ၂၀၂၂ ခုနှစ် မတ်လအတွင်းက နယ်မြေလုံခြုံရေးအခြေအနေအရ ဆွတ်ပီယန် ကျေးရွာအုပ်စုမှ ဆွတ်ပီယန်၊ ခင်ဒူယန်၊ အင်စီးယန် ကျေးရွာများနှင့် လုံရှာယန် ကျေးရွာအုပ်စု လုံရှာယန်ကျေးရွာတို့မှ မြစ်ကြီးနားမြို့နယ်သို့ ရောက်ရှိတိမ်းရှောင်နေသော ဒေသခံအိမ်ထောင်စုများအား မတ် ၃၀ ရက်တွင် တစ်ကြိမ်၊ မေ ၉ ရက်တွင် တစ်ကြိမ် ဆန်အိတ်များ၊ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများ ထောက်ပံ့ကာ မော်တော်ယာဉ်များစီစဉ်၍ ၎င်းတို့နေရပ်ဒေသများသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။



ပြည်နယ်
(ပြန်/ဆက်)

*စာမျက်နှာ ၂၁ မှ*

ချောင်းပေါင်း ၁၇ ချောင်း၊ အနောက်ဘက်မှ ၁၁ ချောင်း၊ မြောက်ဘက်မှ တစ်ချောင်း စုစုပေါင်း ၂၉ ချောင်း စီးဝင်နေသည်။ အင်းလေး ကန်၏ အရှေ့ဘက်တောင်ကြောသည် အလျားလိုက်တည်ရှိနေသဖြင့် ရေဝေရေလဲ ဧရိယာကျဉ်းမြောင်းပြီး ချောင်းများတိုတောင်းကာ ရေစီးဝင်အားနည်းပါးသည်ကို တွေ့ရှိရသည်။ မိုးတွင်းကာလမှသာ ရေစီးဝင်သည်။ မြောက်ဘက်မှ စီးဝင်သော နမ့်လတ်ချောင်း၊ အနောက်ဘက်မှ စီးဝင်သော နယ်ခြားချောင်း၊ ကလောချောင်းနှင့် ဘီလူးချောင်းတို့သည်သာ ရာသီမရွေး ရေစီးဝင်လျက်ရှိသည်။

အင်းလေးကန်အတွင်းသို့ စီးဝင်သော ချောင်းပေါင်း ၂၉ ချောင်း၏ ရေဆင်းဧရိယာ ၁၄၂၂ စတုရန်းမိုင်မှ တစ်နှစ်လျှင် ပျမ်းမျှ သဲနုန်းကျင်း သုံးသိန်းမှ ငါးသိန်းခန့်အထိ ပို့ချမှုရှိကြောင်း သိရှိရသည်။ သို့သော် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဘဏ္ဍာငွေ လျာထားရရှိမှုအရ နှစ်စဉ်ပျမ်းမျှ ကျင်း တစ်သိန်းခန့်သာ တူးဖော်ဆောင်ရွက်နိုင်သည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် အင်းလေးကန်အတွင်း စီးဝင်ရေနှင့်အတူ ပါရှိကာ အနည်ကျနေသည့် သဲနုန်းများကို ဖယ်ရှားရန် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ အဓိကရေလမ်းကြောင်းတစ်လျှောက်တွင် သောင်တူးသင်္ဘောနှင့် Backhoe on Pontoon ဖြင့် သဲနုန်းများ တူးဖော်လျက်ရှိသည်။

ထို့ပြင် ကန်အတွင်းစီးဝင်သည့် လျှောစောက်များပြားသော ချောင်းများ၊ ချောင်းလက်တက်များတွင် နုန်းထိန်းတမံနှင့် နုန်းထိန်းဆည်များ အစဉ်လိုက်တည်ဆောက်ခြင်းဖြင့် ရေလမ်းကြောင်း (ရေစီးအရှိန်)ကို ထိန်းသိမ်းနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် သဲနုန်းပို့ချမှုကို ထိန်းသိမ်းနိုင်ခြင်း၊ လျှောစောက်ပြေအောင် ထိန်းသိမ်းနိုင်ခြင်း၊ မြေလွှာတိုက်စားမှု ကာကွယ်နိုင်ခြင်း၊ ကမ်းပါးပြိုများ ထိန်းသိမ်းနိုင်ခြင်း၊ သဲနုန်းဝင်ရောက်မှုကို ဟန့်တားပေးခြင်း အစရှိသည့် အကျိုးကျေးဇူးများရှိသည်။

ထိုကဲ့သို့ဆောင်ရွက်ရာ၌ စိုက်ပျိုးရေပေးဝေနိုင်ရေးကိုပါ ထည့်သွင်းတည်ဆောက် လျက်ရှိသည့်အပြင် တမံတည်ဆောက်နိုင်မည့် အနေအထား၊ ဘူမိဗေဒနှင့် ဇလဗေဒဆိုင်ရာ အခြေအနေကိုပါ ထည့်သွင်းစဉ်းစားကာ အမှန်တကယ် ဆောင်ရွက်သင့်သည့်နေရာများတွင်သာ ဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။



**အင်းလေးကန်အတွင်း စီးဝင်သည့်ချောင်းလက်တက်များတွင် နုန်းထိန်းတမံ၊ နုန်းထိန်းဆည်များတည်ဆောက်ထားစဉ်။**

"ကျွန်တော်တို့ဌာနအနေနဲ့ စီမံကိန်းလုပ်ငန်းတွေ စတင်ဆောင်ရွက်တဲ့အချိန်ကနေ လက်ရှိအချိန်အထိ နုန်းထိန်းတမံ ခြောက်ခု၊ နုန်းဖမ်းဆည် ၂၈၄ ခု ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ သဲနုန်းတူးဖော်တဲ့အနေနဲ့ နှစ်စဉ်ပျမ်းမျှ သဲနုန်းကျင်း ၁၀၅၂၅၀ ဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်အထိ တူးဖော်ပြီးသဲနုန်းကျင်း ၃၅ ဒသမ ၅၆ သိန်း ဖြစ်ပါတယ်" ဟု လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

အင်းလေးကန်အတွင်း နေရာအတည်တကျမရှိဘဲ ပြန့်ကျဲလျက်ရှိသည့် ကျွန်းမျောရိုင်းများ၊ ရေမှော်များ၊ ဗေဒါပင်များအား ဆယ်ယူရှင်းလင်းရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် အဓိကတည်ရှိရာနေရာများတွင် ဇုန် ၇ ခုပိုင်းခြား၍ ၂၀၂၁– ၂၀၂၂ ဘဏ္ဍာနှစ် (၆လ) ဘတ်ဂျက်အတွင်း အဓိကထားဆောင်ရွက်ခဲ့သည်။

"ကန်အတွင်းမှာ ရေမှော်၊ ဗေဒါရှင်းလင်းတဲ့လုပ်ငန်းကိုလည်း ဆောင်ရွက်ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကန်ထဲကထွက်ရှိတဲ့ မှော်နုတစ်မျိုးကိုပဲ ရေခြံစိုက်ပျိုးရေးလုပ်တဲ့သူက ဆည်ယူပြီး သဘာဝမြေဩဇာအဖြစ်သုံးတယ်။ ကျန်တဲ့ ရေမှော်ပင်တွေ၊ ဗေဒါပင်တွေကျတော့ ကန်အနှံ့ပေါက်ပြီး သုံးတာနည်းတယ်။ အခုနောက်ပိုင်းမှာတော့ ရေမှော်ပင်တွေ၊ ဗေဒါပင်တွေကို သဘာဝမြေဩဇာအဖြစ် သုံးလာတာရှိလာပါပြီ။ ဒီလို ထူထူထပ်ထပ်ပေါပေါ များများပေါက်နေတဲ့ ရေမှော်ပင်တွေ၊ ဗေဒါပင်တွေနဲ့ စိုက်ပျိုးရေးလုပ်ငန်းက ထွက်လာတဲ့ ကျွန်းမျောရိုင်း အပိုင်းအစတွေဟာ ရေလှောင်ပမာဏကို လျော့ကျစေတယ်၊ ရေထုညစ်ညမ်းစေနိုင်တဲ့အတွက် ရေမှော်စက်တွေနဲ့ ဆယ်ယူတဲ့လုပ်ငန်းကိုလည်း ဆောင်ရွက်ပါတယ်" ဟု လက်ထောက်ညွှန်ကြားရေးမှူးက ရှင်းပြသည်။

ကျွန်းမျောရိုင်းများ၊ ရေမှော်များ၊ ဗေဒါပင်များအား ဆည်ယူရှင်းလင်းရန် ဇုန် A အဖြစ် အင်းရေပြင်အတွက် နမ့်ကတ်ချောင်းဝ၊ ဇုန် B အဖြစ် အိုင်ထောင့်ကြီး ဘုရားကြွလမ်း အရှေ့ဘက်၊ ဇုန် C အဖြစ် မိုင်းသောက်ဈေးအဝင် ရေလမ်းထိပ်၊ ဇုန် D အဖြစ် ပါနွေးကျေးရွာ အလယ်ရွာအနီး၊ ဇုန် E အဖြစ် သလဲဦးကျေးရွာအနီး အင်းရေပြင်၊ ဇုန် F အဖြစ် ဇရပ်ကြီးကျေးရွာအနီး အင်းရေပြင်နှင့် ဇုန် G အဖြစ် ပွဲစားကုန်း ကျေးရွာအနီး အင်းရေပြင်တို့ကို သတ်မှတ်ကာ ကျွန်းမျောရိုင်း ဧရိယာ စုစုပေါင်း ၄၆၅ ဒသမ ၄၃ ဧက၊ ရေမှော် ၂၃၄ ဧကကို ရှင်းလင်းဆောင်ရွက်နိုင်ခဲ့သည်။

"ဌာနဆိုင်ရာတွေက သူ့လုပ်ငန်းနဲ့သူ အကောင်အထည်ဖော်ဆောင်ရွက်ပေးပါတယ်။ တစ်ဖက်ဒေသခံတွေဘက်ကလည်း ပူးပေါင်းပါဝင်ပေးဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ဒေသဟာ သဘာဝအဝန်းအဝိုင်းနယ်မြေတစ်ခုဖြစ်တာမို့ စည်းကမ်းရှိရှိနေတတ်ဖို့လိုအပ်ပါတယ်။ ဒီလိုမဟုတ်ရင်တော့ သံသရာလည်နေမှာပါ။ ဥပမာ စွန့်ပစ်အမှိုက်တွေကအစ ရေထဲမချဖို့၊ စိုက်ပျိုးရေးအတွက် သဘာဝမြေဩဇာပြောင်းလဲသုံးစွဲဖို့၊ ဗေဒါပင်တွေကို ထိန်းချုပ်ကန်ထဲ စနစ်တကျထားဖို့ စသဖြင့် အကြောင်းအချက်တွေ အများကြီးရှိပါတယ်" ဟု အင်းလေးဒေသခံ ဦးမျိုးမြင့်က ပြောသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်တွင် အင်းလေးကန် ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းအဖြစ် နုန်းဖမ်းဆည် ခြောက်ခု တည်ဆောက်သွားမည်ဖြစ်ပြီး သဲနုန်းကျင်း ၁၀၀၀၀၀ ကို ကန်အတွင်းနှင့် ကန်ပတ်လည် သဲနုန်းအဓိက ပို့ချလျက်ရှိသည့်နေရာများတွင် တူးဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုလုပ်ငန်းများအပြင် အင်းရေပြင်အတွင်း ရေမှော်ရှင်းလင်းခြင်း ဧက ၁၃၀ နှင့် ကျွန်းမျောရိုင်းထိန်းချုပ်လှောင်ကန်များအတွင်းမှ ကျွန်းမျောရိုင်း ၁၁၅ ဧကကို ရှင်းလင်းဆောင်ရွက်သွားမည် ဖြစ်သည်။

အင်းလေးကန်သည် ရှမ်းပြည်နယ်အလှသာမက မြန်မာနိုင်ငံ၏ အလှကိုပါ ထင်ဟပ်စေနိုင်သည့်နေရာတစ်ခုဖြစ်သည်။ ထိုကဲ့သို့ မြန်မာနိုင်ငံ၏ သဘာဝအလှအဖြစ်သာမက ဇီဝဝန်းကျင်ဆိုင်ရာ အမွေအနှစ်အဖြစ်ပါ တည်ရှိနေသည်။ ထိုသို့ တည်ရှိနေသည့် အင်းလေးကန် ရေရှည်တည်တံ့ သာယာလှပရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် တတ်အားသမျှ စွမ်းစွမ်းတမံ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။ တစ်ဖက်မှလည်း ဒေသခံပြည်သူများ အပါအဝင် အားလုံး၏ ပူးပေါင်းစွမ်းအားဖြင့် အင်းသားတို့အမွေ၊ မြန်မာ့အမွေ အင်းလေးကန် ရေရှည်တည်တံ့ရေးကို ထိန်းသိမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ

# သင်္ကြန်အကြိုကာလ ဘုရားနှင့် ကမ်းခြေများ၌ လာရောက်ဖူးမြော်လည်ပတ်သူများ စည်ကားလျက်ရှိ

## မြောက်ဦး

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်မှ အထင်ကရရှေးဟောင်းသမိုင်းဝင်ဘုရား၊ စေတီပုထိုးများ၌ မင်းပြား၊ မြေပုံ၊ ပေါက်တော၊ ကျောက်တော်၊ စစ်တွေနှင့်ပုဏ္ဏားကျွန်းမြို့ စသောမြို့နယ်များမှ ဘုရားဖူးလာသည့်ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဘုရားဖူးပြည်သူများအနေဖြင့် အထင်ကရ ရှေးဟောင်းဘုရားပုထိုးစေတီများဖြစ်သော သျှစ်သောင်းပုထိုးတော်ကြီး၊ ထုက္ကန့်သိမ်ပုထိုးတော်ကြီး၊ မာရ်ငါးပါးဖြစ်သော ရတနာ့မာရ်အောင်၊ သင်္ကျာမာရ်အောင်၊ ဇိနမာရ်အောင်၊ လောကမာရ်အောင်နှင့် မင်္ဂလမာရ်အောင် စသော ဘုရားစေတီများသို့ အများဆုံး သွားရောက်ဖူးမြော်ကြပြီး အခြား ရှေးဟောင်းသမိုင်းဝင်နေရာများဖြစ်သည့် လက်ဆည်ကန်၊ ဘုရားပေါ်ဘုရား၊ နန်းတော်ရာကုန်းနှင့် ရှေးဟောင်းသုတေသနအမျိုးသားပြတိုက် စသောနေရာများသို့ သွားရောက်ဖူးမြော်လည်ပတ်ကြကြောင်း သိရသည်။

**မြင့်စိုး(ပြန်/ဆက်)**

## ပုဂံ

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ ဘုရားများတွင် သင်္ကြန်အကြိုကာလအတွင်း နေ့စဉ် ဘုရားဖူးလာရောက်သူ နှစ်သောင်းကျော်ခန့်ရှိကြောင်း ရွှေစည်းခုံဘုရားဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသန်းမြင့်ဦးထံမှ သိရသည်။

ရွှေစည်းခုံဘုရားကြီးသို့ ဘုရားဖူးလာရောက်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရန် သာမန်ရက်များတွင် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိသာ ဖွင့်လှစ်ထားပြီး အခါကြီးရက်ကြီးများတွင် နံနက် ၅ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ထားကြောင်း သိရသည်။ ထို့အပြင် ဂေါပကဥက္ကဋ္ဌထားရှိသည့် ဘုရားများဖြစ်သော တုရင်တောင်စွယ်တော်မြတ်စေတီ၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ ရွှေစည်းခုံဘုရား၊ ကျောက်ဂူဥမင်ဘုရား၊ ငှက်ပစ်တောင်ဘုရား၊ ဗူးဘုရား၊ အာနန္ဒာဘုရား၊ သဗ္ဗညုဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ မနူဟာဘုရား၊ ရွှေဆံတော်ဘုရား၊ အလိုတော်ပြည့်ဘုရား၊ ဓမ္မရံကြီးဘုရား၊ စူဠာမဏိဘုရား၊ ဓမ္မရာဇကဘုရား၊ ပြဿကြီးဘုရား၊ မဟာဗောဓိဘုရား၊ ထီးလိုမင်းလိုဘုရား၊ မြစေတီဘုရားများတွင်လည်း ဘုရားဖူးများစည်ကားလျက်ရှိကာ အဆိုပါ ဘုရား ၁၉ ဆူတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ဝင်ရောက်ဖူးမြော်စေကြောင်း သိရသည်။

သမိုင်းဝင်ဘုရားများဖြစ်သည့် နဂါးရုံဘုရား၊ စိုးမင်းကြီးဘုရား၊ စိုးမင်းကြီးအုတ်ကျောင်း၊ အပါယ်ရတနာဘုရား၊ ငကျွဲနားရွှေဘုရား၊ သားပုထိုးသားများဘုရား၊ ခေမင်္ဂဘုရားဝင်း၊ ရင်မနားဘုရားဝင်း၊ သိကြားပုန်းဘုရား၊ သိကြားဟစ်ဘုရား၊ တာမဏီသိမ်ကျောင်း၊ မင်းနန်းသူဘုရားသုံးဆူ၊ တရုတ်ပြေးဘုရားခေါ် နရသီဟပတေ့ဘုရား၊ သမ္ဘူလဘုရား၊ သစ္စာဝတီဘုရား၊ အနုမြူကပ်ကျော်ဘုရား၊ မျက်တော်ပြေဘုရား၊ အင်ကြင်းဂူဘုရား၊ ဗူးလည်သီးဘုရား၊ ရွာဟောင်းကြီးဘုရား၊ ဝတ္တနထောဘုရားဝင်း၊ ဆူးလေကုန်းဘုရားစု၊ ရှင်အဇ္ဇဂေါနဘုရား၊ ဂူနီဘုရားခေါ်ကူးနီးဘုရား၊ ခြောက်ဘုရားလှဘုရားများတွင်လည်း ဘုရားဖူးလာရောက်သူ များပြားလျက်ရှိသည်။

ဘုရားဖူးများအနေဖြင့် ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လေကြောင်း၊ ကိုယ်ပိုင်ကားများ၊ ခရီးသွားလုပ်ငန်းကားများဖြင့် လာရောက်ကြပြီး ဒေသအတွင်း၌ လျှပ်စစ်စက်ဘီး၊မြင်းလှည်း၊ တုတ်တုတ်(ခေါ်)မီနီအိုးဝေများ၊ တိုးကားများဖြင့် သွားလာကြသဖြင့် စက်ဘီး၊ မြင်းလှည်း၊ ကားငှားသူများ ဝင်ငွေကောင်းနေကြကာ စားသောက်ဆိုင်များလည်း ရောင်းအားကောင်းနေကြကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

## မန်းရွှေစက်တော်

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်းရှိ သမိုင်းဝင်တန်ခိုးကြီး ပါဒစေတီတော်ဖြစ်သော မန်းရွှေစက်တော် ဘုရားကြီး၌ သင်္ကြန်နှစ်သစ်ကူးရုံးပိတ်ရက်များတွင် တည်းခိုဆောင်များ ပြည့်လျှံသည်အထိ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း ရွှေစက်တော် ဂေါပကထံမှ သိရသည်။

"ကျွန်တော်တို့ အရင်ရက်တွေက တစ်ရက်ကို ဘုရားဖူးပြည်သူ ၁၀၀၀ ခန့်လောက် လာရောက်ဖူးမြော်ကြပါတယ်။ အခုရက်က သင်္ကြန်နှစ်သစ်ကူးရုံးပိတ်ရက်လည်းဖြစ် နှစ်ဆန်း ၁ ရက်နေ့မှာလည်း ခြေတော်ရာတွေက ပိတ်သိမ်းတော့မှာဆိုတော့ ပွဲတော်မပိတ်သိမ်းမီ လာရောက်ဖူးမြော်ကြတာထင်ပါတယ်။ မြင်တဲ့အတိုင်း တည်းခိုဆောင်တွေ ပြည့်လျှံတဲ့အထိပါပဲ"ဟု ရွှေစက်တော်ဂေါပက ဒုဥက္ကဋ္ဌ ဦးထွန်းဝေက ပြောသည်။

မန်းရွှေစက်တော် ဘုရားပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်နေ့မှ နှစ်ဆန်း ၁ ရက်နေ့အထိ သုံးလတိုင် ကျင်းပပြီး ယခုနှစ်တွင်မူ တည်းကျောင်းများ၌ ညအိပ်တည်းခိုခွင့်မပြုဘဲ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိသာ တည်းခိုဖူးမြော်ခွင့် ပြုထားကြောင်း၊ လှေတင်တံတားထိပ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလက်မှတ်၊ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းများ စစ်ဆေးပြီးမှ ဝင်ရောက်ဖူးမြော်ခွင့်ပြုထားပြီး သင်္ကြန်နှစ်သစ်ကူး ရုံးပိတ်ရက်တွင် ဘုရားဖူးအစည်ကားဆုံးဖြစ်ကြောင်း ရွှေစက်တော်ဂေါပကထံမှ သိရသည်။

**ဇေယျာထက်(မင်းဘူး)**

# ထိုင်းဖိတ်ခေါ် အမျိုးသမီးဖူဆယ်ပြိုင်ပွဲ မြန်မာအပါအဝင် ငါးသင်းယှဉ်ပြိုင်မည်

**ရန်ကုန် မေ ၁၁**



ထိုင်းဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပသည့် ထိုင်းဖိတ်ခေါ် အမျိုးသမီး ဖူဆယ်ပြိုင်ပွဲတွင် မြန်မာအသင်းအပါအဝင် ငါးသင်း ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ငါးသင်းသာရှိသဖြင့် ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး အိမ်ရှင် ထိုင်းလက်ရွေးစင်အသင်း၊ ထိုင်း All Stars အသင်း၊ မြန်မာ့လက်ရွေးစင်အသင်း၊ အင်ဒိုနီးရှားလက်ရွေးစင် အသင်းနှင့် သြစတြေးလျကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ ပြိုင်ပွဲကို မေ ၂၀ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် မေ ၂၀ ရက်တွင် ထိုင်းလက်ရွေးစင်အသင်း၊ မေ ၂၃ ရက်တွင် ထိုင်း All Stars အသင်း၊ မေ ၂၄ ရက်တွင် အင်ဒိုနီးရှားလက်ရွေးစင်အသင်း၊ မေ ၂၆ ရက်တွင် သြစတြေးလျကလပ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်းသည် မေလတွင် ယှဉ်ပြိုင်ရမည့် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် ယခုပြိုင်ပွဲ ယှဉ်ပြိုင်ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်းကို ကစားသမား ၂၂ ဦးဖြင့် ဖွဲ့စည်းထားပြီး နည်းပြချုပ်အဖြစ် ဦးတင်မောင်ဌေးက ကိုင်တွယ်လျက်ရှိသည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ- MFF**

# အာဆီယံဖူဆယ်ပြိုင်ပွဲ မြန်မာအသင်း စတုတ္ထနေရာဖြင့်သာ ကျေနပ်ခဲ့ရ

**ရန်ကုန် မေ ၁၁**

၂၀၂၂ အာဆီယံ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို မေ ၁၀ ရက်က ထိုင်းနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း စတုတ္ထနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။

တတိယနေရာလုပွဲအဖြစ် မြန်မာနှင့် ဗီယက်နမ်အသင်းတို့ တစ်ဂိုးစီ သရေကျနေသဖြင့် ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ ဗီယက်နမ်အသင်းက လေးဂိုး-တစ်ဂိုး၊ စုစုပေါင်း ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

အုပ်စုတွင်း တွေ့ဆုံစဉ်က တစ်ဂိုးစီ သရေကျခဲ့သည့် မြန်မာ နှင့် ဗီယက်နမ်အသင်းမှာ ယခုထပ်မံတွေ့ဆုံရာတွင်လည်း ပွဲချိန်အတွင်း တစ်ဂိုးစီ သရေကျနေသဖြင့် ပယ်နယ်တီဖြင့် ဆုံးဖြတ်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းတွင် ပွဲပယ်ခံထားရသည့် ဂိုးသမားကျော်ထက်အောင်မှလွဲ၍ ကျန်အမာခံကစားသမားများ အစုံအလင်ပါဝင်ကစားခဲ့သည်။ ပထမပိုင်းတွင် ဂိုးမရှိသရေကျနေပြီး ဒုတိယပိုင်းအစတွင် ဗီယက်နမ်အသင်းက ဦးဆောင်ဂိုးသွင်းယူသော်လည်း ပွဲပြီးခါနီးတွင် ခင်ဇော်လင်းက မြန်မာအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ပယ်နယ်တီဆုံးဖြတ်ရာတွင် ဗီယက်နမ်က လေးဂိုးဝင်ပြီး မြန်မာအသင်းက တစ်ဂိုးသာဝင်သဖြင့် မြန်မာအသင်း တတိယနေရာနှင့် လွဲချော်ခဲ့သည်။

ဗိုလ်လုပွဲတွင် ထိုင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ပွဲချိန်အတွင်း နှစ်ဂိုးစီ သရေကျနေသဖြင့် ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ ထိုင်းအသင်းက ငါးဂိုး-သုံးဂိုး စုစုပေါင်းဂိုးရလဒ် ခုနစ်ဂိုး-ငါးဂိုးဖြင့် အနိုင်ရကာ ချန်ပီယံဆုရရှိခဲ့သည်။ ထိုင်းအသင်းသည် အာဆီယံ ဖူဆယ်ချန်ပီယံဆုကို (၁၆) ကြိမ်မြောက် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယခုပြိုင်ပွဲတွင် ပထမဆုရ ထိုင်းအသင်း၊ ဒုတိယဆုရ အင်ဒိုနီးရှားအသင်းနှင့် တတိယဆုရ ဗီယက်နမ်အသင်းတို့မှာ စက်တင်ဘာလတွင် ကူဝိတ်နိုင်ငံ၌ ကျင်းပမည့် ၂၀၂၂ အာရှဖလား ဖူဆယ်ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး မြန်မာအသင်းမှာ ခြေစစ်ပွဲအောင်မြင်ခြင်းမရှိခဲ့ပေ။

**ရဲရင့်လွင်**

* ကျောဖုံးမှ

ပွဲစဉ်ဖြစ်သည့်အလျောက် နှစ်သင်းစလုံး ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့သည်။ မန်စီးတီးအသင်းသည် အိမ်ကွင်းပရိသတ်ရှေ့တွင် လီဗာပူးအသင်းထက် ကောင်းမွန်သည့် ကစားဟန်၊ သာလွန်သည့် စိတ်ဓာတ်တို့ကို ပြသနိုင်ခဲ့သည်။

ပွဲချိန် ၅ မိနစ်တွင် ဆေးလ်ဗား၏ ဖန်တီးမှုကို ဒီဘရိုင်းဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် မန်စီးတီးအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ လီဗာပူးအသင်းသည် ဦးဆောင်ဂိုး ခွင့်ပြုပေးလိုက်ရပြီးနောက် မကြာမီတွင် ချေပဂိုးရရှိခဲ့ပြီး တိုက်စစ်တွင် ပွဲထွက်လာသည့် ဂျိုတာက သွင်းယူပေးခဲ့သည်။ ပွဲချိန် ၃၆ မိနစ်တွင် ကန်ဆယ်လို၏ ဖန်တီးမှုကို ဂျီးဆပ်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် မန်စီးတီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

သို့သော်လည်း ဒုတိယပိုင်းပြန်လည်စတင်ပြီး မကြာမီတွင် ဆာလာ၏ ဖန်တီးမှုကို မာနေး ဂိုးသွင်းယူနိုင်ခဲ့သဖြင့် လီဗာပူးအသင်း ဒုတိယချေပဂိုးရရှိခဲ့သည်။ တစ်ဖက်နှစ်ဂိုးစီ သရေကျပြီးနောက် ပွဲမှာ ပြိုင်ဆိုင်မှုပြင်းထန်ပြီး အကြိတ်အနယ်ရှိလာခဲ့သည်။ ပွဲချိန် ၆၃ မိနစ်တွင် မန်စီးတီးအသင်းမှ စတားလင်းဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ်က ပယ်ဖျက်ခဲ့သောကြောင့် လီဗာပူးအသင်း သက်သာရာရခဲ့သည်။

မန်စီးတီးအသင်းက ဂိုးကန်သွင်းခွင့် ၁၁ ကြိမ်တွင် ဂိုးပေါက်တည့်မှု ငါးကြိမ်ရှိခဲ့ပြီး အဆိုပါငါးကြိမ်မှ သွင်းဂိုးနှစ်ဂိုးရရှိခဲ့သည်။ ပြိုင်ဘက် လီဗာပူးအသင်းက ဂိုးကန်သွင်းခွင့် ခြောက်ကြိမ်တွင် ဂိုးပေါက်တည့်မှု လေးကြိမ်ရှိခဲ့ပြီး အဆိုပါလေးကြိမ်မှ သွင်းဂိုးနှစ်ဂိုး ရရှိခဲ့သည်။

ယခုပွဲစဉ်သရေကျမှုကြောင့် မန်စီးတီးအသင်းသည် ၃၁ ပွဲကစားပြီး ၇၄ မှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့ပြီး လီဗာပူးအသင်းက ၃၁ ပွဲကစားပြီး ၇၃ မှတ်ဖြင့် ဒုတိယနေရာမှ ဆက်လက်ဖိအားပေးလျက်ရှိနေသည်။ မန်စီးတီးအသင်းသည် လက်ကျန်ပွဲစဉ် ခုနစ်ပွဲတွင် ကစားရခက်ခဲသည့်အသင်းအနေဖြင့် ဝက်စ်ဟမ်းနှင့် ဗီလာအသင်းတို့သာရှိပြီး ပြိုင်ဘက် လီဗာပူးအသင်းက မန်ယူ၊ အဲဗာတန်၊ စပါး၊ ဗီလာအသင်းတို့ ကျန်ရှိနေသေးသည်။

**အောင်ဇော်**


ဘုံပိုင်ခေါင်းမှ
ရေစက်ကျမနေစေရန်
ကျပ်အောင်ပိတ်ပါ

# ပင်လည်ဘူးမြို့နယ်အတွင်း၌ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့တို့ အများပြည်သူပိုင်အဆောက်အဦနှင့် လူနေအိမ်များအား အကာအကွယ်ယူ၍ လုံခြုံရေးတပ်ဖွဲ့များအား ပစ်ခတ်တိုက်ခိုက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ခိုက်ချေမှုန်း

KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက ပင်လည်ဘူးမြို့ရှိ နိုင်ငံပိုင်အဆောက်အဦနေရာများအား ဝင်ရောက်အကာအကွယ်ယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခဲ့သည့် နေရာပြပုံ။




KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ စခန်းများအား သိမ်းပိုက်ရရှိခဲ့သည့် နေရာပြပုံ။







ပင်လည်ဘူးမြို့နယ်အတွင်း အကြမ်းဖက်သူများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားရာ၌ သိမ်းဆည်းရရှိခဲ့သော လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။





ပင်လည်ဘူးမြို့နယ် ကပန္တာကျေးရွာအနီး၌ အကြမ်းဖက်သူများထံမှ သိမ်းဆည်းရရှိခဲ့သော လက်နက်/ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။



KIA အဖွဲ့နှင့် NLD ပါတီထောက်ခံသူ အစွန်းရောက် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ ယာယီဆောက်လုပ်နေထိုင်လျက်ရှိသည့် စခန်းများမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများနှင့် အခြားဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

**မုံရွာ မေ ၁၁**

KIA အဖွဲ့နှင့် NLD ပါတီထောက်ခံသူ အစွန်းရောက် PDF အမည်ခံ အကြမ်းဖက် အဖွဲ့များအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ပတ်ဝန်းကျင်တွင် စခန်းများ ဆောက်လုပ်ခိုအောင်းပြီး အပြစ်မဲ့ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအား အကြောင်းမဲ့ သတ်ဖြတ်ခြင်းများအပြင် မြို့တွင်းသို့ ဝင်ရောက်၍ နိုင်ငံပိုင်အဆောက်အဦများ၊ အများပြည်သူနှင့် သက်ဆိုင်သောဆေးရုံများ၊ ကျောင်းများ၊ လူနေအိမ်များ၊ ကျေးရွာများ၊ ဈေးများ၊ နိုင်ငံပိုင်ဘဏ်များ၊ ဌာနဆိုင်ရာရုံးများအား အကာအကွယ်ရယူကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခြင်းများ ဆောင်ရွက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စနစ်တကျစုဖွဲ့၍ တိုက်ခိုက်ချေမှုန်းခဲ့သည်။

ဖြစ်စဉ်မှာ KIA အဖွဲ့နှင့် NLD ပါတီထောက်ခံသူ အစွန်းရောက် PDF အမည်ခံ အကြမ်းဖက်သမားများသည် စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့ ပတ်ဝန်းကျင်တွင် ယာယီစခန်းများ ဆောက်လုပ်နေထိုင်လျက်ရှိပြီး လမ်းများပိတ်ဆို့ခြင်း၊ ဒေသခံပြည်သူလူထုနှင့် ခရီးသွားများအား အဓမ္မဆက်ကြေး တောင်းခံခြင်းများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ပင်လည်ဘူးမြို့နယ် ကပန္တာကျေးရွာအနီး၌ အကြမ်းဖက်အဖွဲ့များနှင့် မတ် ၂၉ နှင့် ဧပြီ ၁ ရက်နေ့တို့တွင် တွေ့ဆုံပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။

အလားတူ ဧပြီလ ၃ ရက် ည ၇ နာရီခန့်တွင် ပင်လည်ဘူးမြို့၏ အရှေ့မြောက်ဘက် ၈ မိုင်ကျော်ခန့်၊ နွယ်လိန်းကျေးရွာ၏ အရှေ့မြောက်ဘက် ၁ မိုင်ကျော်ခန့်တွင် သွပ်ဆူးကြိုး ကာရံထားသော စခန်းတစ်ခုအား ရှာဖွေဖော်ထုတ်၍ တိုက်ခိုက်ခဲ့ရာ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး ၎င်းဖြစ်စဉ်များတွင် အကြမ်းဖက်သမားများထံမှ ပြောက်ကျား ယူနီဖောင်းဝတ် အလောင်း နှစ်လောင်း၊ M-22 နှစ်လက်၊ KIA ထုတ် ၄၀ မမ ဖုံးပစ်လောင်ချာ တစ်လက်၊ M-၇၉ ဖုံးပစ်လောင်ချာ တစ်လက်၊ လက်လုပ်တစ်ထောင့်ထိုးသေနတ် တစ်လက်၊ M-22 ကျည် ၅၉ တောင့်၊ ၄၀ မမ ဖုံးသီး ၁၅ လုံး၊ M-22 ကျည်အိမ် ၅ ခု၊ ၇.၆၂ ကျည် ၁၃၁ တောင့်၊ လက်လုပ်လက်ပစ်ဗုံး နှစ်လုံး၊ လမ်းလျှောက်စကားပြောစက် နှစ်လုံး၊ ပြောက်ကျားယူနီဖောင်း တစ်စုံနှင့် အသုံးအဆောင်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့သည်။

ဆက်လက်၍ ဒေသခံပြည်သူတို့၏ သတင်းပေးပို့မှုအရ ပင်လည်ဘူးမြို့၏ အရှေ့မြောက်ဘက် ၉ မိုင်ခန့်၊ နွယ်လိန်းရွာ၏ အရှေ့မြောက်ဘက် ၂ မိုင်ခန့်ရှိ အကြမ်းဖက်အဖွဲ့များ ခိုအောင်းနေသည့် စခန်းအား ဧပြီလ ၄ ရက် နံနက် ၁၁ နာရီ မိနစ် ၃၀ ခန့်တွင် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ သောင်းကျန်းသူ အင်အား ၁၅၀ ခန့်နှင့် ထပ်မံထိတွေ့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး ခြံစည်းရိုးကျားလန် တစ်ထပ်ကာရံထားသော စခန်းတစ်ခုနှင့် ပြောက်ကျားယူနီဖောင်း ဝတ်ဆင်ထားသော အလောင်း နှစ်လောင်း၊ တစ်တောင့်ထိုး သေနတ် ရှစ်လက်၊ M-22 ကျည်အိမ် ၁၈ ခု၊ M-22 ကျည် ၁၃၅ တောင့်၊ လက်လုပ်သေနတ် နှစ်လက်၊

*စာမျက်နှာ ၂၅ သို့*




အကြမ်းဖက်အဖွဲ့များက နိုင်ငံပိုင်အဆောက်အဦဖြစ်သည့် မြို့နယ်စီမံကိန်းရုံးအား အကာအကွယ်ယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ။




အကြမ်းဖက်အဖွဲ့များက နိုင်ငံပိုင်အဆောက်အဦဖြစ်သည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးအား အကာအကွယ်ယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ။




အကြမ်းဖက်အဖွဲ့များက နိုင်ငံပိုင်အဆောက်အဦဖြစ်သည့် မြို့နယ်ပြည်သူ့ဆေးရုံအား အကာအကွယ်ယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ။




အကြမ်းဖက်အဖွဲ့များက နိုင်ငံပိုင်အဆောက်အဦဖြစ်သည့် မြို့နယ်ရဲစခန်းအား အကာအကွယ်ယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ။




အကြမ်းဖက်အဖွဲ့များက နိုင်ငံပိုင်အဆောက်အဦဖြစ်သည့် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနရုံးအား အကာအကွယ်ယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ။




အကြမ်းဖက်အဖွဲ့များက နိုင်ငံပိုင်အဆောက်အဦဖြစ်သည့် မြို့နယ်မီးသတ်စခန်းအား အကာအကွယ်ယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ။

*စာမျက်နှာ ၂၄ မှ*

စနိုက်ပါမှန်ပြောင်း တစ်ခုနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့သည်။

ထိုသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ သောင်းကျန်းသူစခန်းများအား သွားရောက်တိုက်ခိုက်ချေမှုန်းစဉ် အကြမ်းဖက်အဖွဲ့များအနေဖြင့် ပင်လည်ဘူးမြို့အတွင်းသို့ ဝင်ရောက်၍ ဆေးရုံ၊ စာသင်ကျောင်း၊ မီးသတ်အဆောက်အဦ၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘုရားကုန်းနှင့် လူနေအဆောက်အဦများကို အကာအကွယ်ယူကာ နယ်မြေခံရဲစခန်းနှင့် မြို့တွင်းတွင် လုံခြုံရေး ဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား သာလွန်အင်အားဖြင့် တိုက်ခိုက်ခဲ့သဖြင့် ဧပြီ ၉ ရက်နေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပင်လည်ဘူးမြို့နှင့် ပတ်ဝန်းကျင်နေရာများအား ဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်ချေမှုန်းခဲ့ရာ ဧပြီ ၁၀ ရက်နေ့တွင် အကြမ်းဖက် အဖွဲ့များသည် သေကျေ ထိခိုက်ဒဏ်ရာရရှိမှုများစွာဖြင့် ပင်လည်ဘူးမြို့၏ မြောက်ဘက်သို့ ဖရိုဖရဲဖြင့် ဆုတ်ခွာ ထွက်ပြေးသွားခဲ့သည်။ ဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင် အချို့ ကျဆုံး/ ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သူများထံမှ KIA/ PDF လက်မောင်းတံဆိပ်ပါ ပြောက်ကျားဝတ် အလောင်းလေးလောင်း၊ အားကစားဝတ်စုံဝတ်ဆင်ထားသော အလောင်းလေးလောင်း စုစုပေါင်း အလောင်းရှစ်လောင်း၊ M-22 သေနတ်ငါးလက်၊ AK-47 သေနတ်နှစ်လက်၊ KIA ထုတ် ၄၀ မမ ဆုံလည် တစ်လက်၊ ၇.၆၂ မမ စနိုက်ပါ တစ်လက်၊ M-22 ကျည်အိမ် ၂၂ ခု၊ M-22 ကျည် ၁၃၄၅ တောင့်၊ ၇.၆၂ မမ စနိုက်ပါကျည် ၁၁၅ တောင့်၊ ၄၀ မမ ဗုံးသီး ကိုးလုံး၊ KIA ကြိုးဆွဲ လက်ပစ်ဗုံး ၁၉ လုံး၊ ၆၀ မမ ဗုံးသီး ၁၇ လုံး၊

*စာမျက်နှာ ၂၆ သို့*







အကြမ်းဖက်အဖွဲ့များက နိုင်ငံပိုင်အဆောက်အဦဖြစ်သည့် မြန်မာ့စီးပွားရေးဘဏ်အား အကာအကွယ်ယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ။













KIA နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ ခိုအောင်းနေထိုင်ခဲ့သည့် ယာယီစခန်းများအား တွေ့ရစဉ်။

*စာမျက်နှာ ၂၅ မှ*

လက်ပစ်ဗုံး တစ်လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရမိသည့် အကြမ်းဖက်သမားများ၏အလောင်းအချို့တွင် စိတ်ကြွရူးသွပ်ဆေးသုံးစွဲထားသည့်လက္ခဏာများ တွေ့ရှိရပြီး သိမ်းပိုက်ရရှိခဲ့သော စခန်းများအတွင်း၌လည်း မူးယစ်ဆေးဝါးအချို့နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့သည်။

အကြမ်းဖက်အဖွဲ့များအနေဖြင့် ယခုကဲ့သို့ စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်များမဟုတ်ဘဲ အုပ်ချုပ်ရေး၊ ပညာရေးဆိုင်ရာ အဆောက်အဦများနှင့် မြို့/ရွာများအတွင်း လူနေအိမ်များကို အကာအကွယ်ရယူ ပစ်ခတ်တိုက်ခိုက်ခြင်း၊ စစ်ရေးရည်ရွယ်ချက်အတွက် အသုံးပြုထားခြင်းမရှိသော စစ်ဘက်ပစ်မှတ်မဟုတ်သည့် ဌာနဆိုင်ရာများအား ရည်ရွယ်ချက်ရှိစွာဖြင့် စခန်းချအခြေပြု အကာအကွယ်ယူတိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှုကျူးလွန်ရာရောက်ပြီး အဆိုပါရာဇဝတ်မှုများအတွက် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ၎င်းတို့အပေါ် ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေး လုပ်ငန်းများအား ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လင်းခေးခရိုင်ရှိ ကျေးရွာ ၁၃ ရွာမှ အိမ်ထောင်စု ၆၀၀ ကျော် အကျိုးပြုမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်



ဒါးဆိပ် – နောင်လုံဝမ်စစ် – ဟိုက်ကွေ့လမ်းပေါ်ရှိ သံကူကွန်ကရစ် ချောင်းကူးတံတားတစ်စင်း တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

**နေပြည်တော် မေ ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုင်းပန်မြို့နယ်အတွင်း မိုင်းပန်မြို့အထွက်မှ နောင်လုံရွာအထိ ကျောက်လမ်း (၂/၀) မိုင်ကို ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၁၉၃ ဒသမ ၃၃၅ သန်းဖြင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်း၊ လင်းခေးမြို့နယ်အတွင်း ပြည်နယ်ခွင့်ပြုရန်ပုံငွေ ကျပ် ၁၂၃ ဒသမ ၄၁၈ သန်းဖြင့် နောင်လုံအုပ်စု နောင်တောင် – နောင်ခေါက်– နမ့်နော်လမ်း (၃/၀)မိုင်အနက် ကျောက်ခင်းရန် ကျန်ရှိသည့် (၁/၀)မိုင်တွင် ကျောက်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၃၃ ဒသမ ၄၂၅ သန်းဖြင့် ဒါးဆိပ်–နောင်လုံဝမ်စစ်–ဟိုက်ကွေ့လမ်းမှ ပေါ့ဆင်ကျေးရွာအဝင်လမ်းပေါ်ရှိ အရှည် ၁၅ ပေ သံကူကွန်ကရစ်ချောင်းကူး တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းနှင့် မိုးနဲမြို့နယ်အတွင်း၌ ပြည်နယ်ရန်ပုံငွေကျပ် ၁၈၅ ဒသမ ၁၂ သန်းဖြင့် မိုးနဲ–နားခံ–ကျိုင်းတောင်းလမ်းမကြီးမှ ဟိုဖိုင် – တုံကျိုင်းကျေးရွာအဝင်လမ်း (၃/၄)မိုင်အနက် ကျောက်ခင်းရန် ကျန်ရှိသော (၁/၄)မိုင်တွင် ကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက လင်းခေးခရိုင်အတွင်းရှိ ဒေသခံတိုင်းရင်းသားကျေးရွာ ၁၃ ရွာ၊ အိမ်ထောင်စု ၆၁၂ စုရှိ လူဦးရေ ၂၇၀၀ ကျော်၏ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝများ ပိုမို ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

**သီဟစည်သူ**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်၊ စားသောက်ကုန်၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ




နေပြည်တော် ဧပြီ ၁၁

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၇ ရက်နှင့် ၈ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း တရားမဝင် ကျွန်းတံခါးချပ်များ၊ ကျွန်းခွဲသားများနှင့် ကျွန်းပါကေးအကြမ်းတုံးများ ၉ ဒသမ ၂၆၃၆ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၇၈၉၆၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသော မော်တော်ယာဉ်လေးစီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၇၇၈၉၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။**

အလားတူ ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပြည်နယ် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဧပြီ ၈ ရက်က ကျောက်ဖြူခရိုင် အမ်းမြို့နယ်အတွင်း တရားမဝင် တောင်သရက်ခွဲသား ၂၂ ဒသမ ၃ တန်နှင့် ၃ လက်မလွှပိုင်း၊ ဂျင်းဒေါင်း အင်ဂျင်၊ ချိန်းဆော (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၁၀၀၀)တို့ကို လည်းကောင်း၊ ဧပြီ ၉ ရက်တွင် သံတွဲခရိုင် တောင်ကုတ်မြို့နယ်အတွင်း တရားမဝင် တောင်သရက်ခွဲသား ၂ ဒသမ ၇၉၂ တန်(ခန့်မှန်း တန်ဖိုးငွေကျပ် ၁၉၅၄၄၀) အား လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၆၄၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧပြီ ၉ ရက်တွင် အကောက်ခွန်ဦးစီး ဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန် စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့မှ မန္တလေးမြို့သို့ သွားရောက်မည့် ကုန်တင်ယာဉ် နှစ်စီးပေါ်၌ ဒေသထွက် သံတိုသံစ အဟောင်းများနှင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် မော်တော်ဆိုင်ကယ် အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၂၈၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော NISSAN Condor အမျိုးအစား ကုန်တင်ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၂၈၀၀၀၀ ကို ဖမ်းဆီး ရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူပင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှု ဖြင့် အကောက်ခွန်ဦးစီးဌာနက ကြီးကြပ်၍ ပဲခူး မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးအဖွဲ့က ဧပြီ ၉ ရက်တွင် ညောင်ခါးရှည်နှင့် စစ်တောင်းတံတား ကြား ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့မှ ပဲခူးမြို့သို့ သွားရောက်မည့် ခရီးသည် တင်ယာဉ် တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိ သည့် အကောက်ခွန်မဲ့ ပဲနို့အချိုရည်နှင့် ဆပ်ပြာများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၀၀၀၀)နှင့် အဆိုပါ ကုန်ပစ္စည်းများ တင်ဆောင်လာသော TOYOTA Hilux အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို လည်းကောင်း၊ ဧပြီ ၁၀ ရက်တွင် ညောင်ခါးရှည်နှင့် ဒိုက်ဦးကြား ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီ မြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ခရီးသည် တင်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိ သည့် အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၁၅၀၀၀)နှင့် အဆိုပါ ကုန်ပစ္စည်းများ တင်ဆောင်လာသော NISSAN Caravan အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)ကို လည်း ကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၈၇၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဧပြီ ၁၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး)စုပေါင်း စစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေး အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ကုန်တင်ယာဉ် တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော အကောက်ခွန်မဲ့ A4 စက္ကူထုပ်များ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၄၀၈၈၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက် ခွန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၇ ရက်၊ ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၇၃၁၂၈၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



အောင်ဇော်ဦး အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြား များနှင့်အတူ တွေ့ရစဉ်။

## ဘားအံမြို့နှင့် ကျိုက်ထိုမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၁၁**

ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၉ ရက် နံနက် ၁၁ နာရီတွင် ဘားအံမြို့ အမှတ်(၃)ရပ်ကွက် စွယ်တော်လမ်းနေ ကိုထွဋ်(ခ)ဝင်းသန်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀ ကို လည်းကောင်း၊ ယင်းနေ့ ည ၇ နာရီ မိနစ် ၄၀ တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ကျိုက်ထိုမြို့နယ် မရမ်းချောင် ကျေးရွာအုပ်စု မရမ်းချောင်ကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးစခန်းတွင် SKS BUS 4x4(L)အမျိုးအစား ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် အောင်ဇော်ဦးထံမှ စိတ်ကြွရူးသွပ် ဆေးပြား ၆၈၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## လေပြင်းဖြစ်ပွားနိုင်ခြေရှိသည့် မာန်အောင်မြို့နယ်၌ လေပြင်းဒဏ်ခံနိုင်သော အိုးအိမ်များဖြစ်စေရေး ထောက်ပံ့ပစ္စည်းများပေးအပ်

**ကျောက်ဖြူ ဧပြီ ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ကျောက်ဖြူခရိုင် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ရေပတ်လည်ဝန်းရံလျက်ရှိပြီး လေပြင်းဘေးဖြစ်ပွားနိုင်ခြေရှိသည့် မာန်အောင်မြို့နယ်သို့ သွားရောက်ကာ ၎င်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအချို့မှ ဆင်းရဲနွမ်းပါးသည့် မိသားစုနေအိမ်များအား လေပြင်းဘေးဒဏ်ခံနိုင်သော အိုးအိမ်များဖြစ်စေရေး ဧပြီလပထမအပတ်က ထောက်ပံ့ပစ္စည်းများ သွားရောက် ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန အနေဖြင့် ဆင်းရဲနွမ်းပါးသည့် မိသားစုများအတွက် လေပြင်းဘေးဒဏ်ခံနိုင်သော အိုးအိမ်များဖြစ်စေရေး စီမံချက်ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိရာ မာန်အောင်မြို့နယ်၌ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့်အတူ စစ်တမ်းကောက် ရွေးချယ်ထားသည့် မြို့ပေါ်လေးရပ်ကွက်ဖြစ်သော မြို့မရပ်ကွက်၊ ရန်အောင်မြင်ရပ်ကွက်၊ ကွက်သစ်ရပ်ကွက်နှင့် အနောက်စုရပ်ကွက်တို့မှ ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စု ၆၄ စုနှင့် ကျေးရွာများဖြစ်သည့် ဘူးရေမျက်ကျေးရွာ၊ ကျွဲခတ်ပြားကျေးရွာ၊ မျှော်တော်ဦးကျေးရွာ၊ ကြက်ရိုးကျေးရွာ၊ သစ်ပုံကျေးရွာ၊ ဇရပ်ကုန်းခင်ကျေးရွာ၊ တန်လောင်ကုန်းကျေးရွာတို့မှ ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စု ၁၁၁ စု၊ စုစုပေါင်း အိမ်ထောင်စု ၁၇၅ စုတို့အတွက် ငွေကျပ် ၇၃၁၂၅၀၀ တန်ဖိုးရှိ ဝါးနှင့်ဓနိများကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ကျောက်ဖြူခရိုင်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်ဝင်းစိုး ဦးဆောင်သည့် ပူးပေါင်းအဖွဲ့တို့က ပြည်သူများထံ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။

ရခိုင်ပြည်နယ်၌ လေပြင်းဘေးစီမံချက် ပြုလုပ်သည့် ပထမဆုံးမြို့နယ်မှာ စစ်တွေမြို့နယ်ဖြစ်ပြီး ယခုမာန်အောင်မြို့နယ်၌ ပြုလုပ်ခြင်းမှာ ဒုတိယအကြိမ်ဖြစ်ကြောင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း(ပြန်/ဆက်)**

## မြစ်ကြီးနား၌ လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ရာမှ ကြက်မွေးမြူရေးခြံမီးလောင်

**မြစ်ကြီးနား ဧပြီ ၁၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ယနေ့နံနက်ပိုင်းက လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ရာမှ ကြက်မွေးမြူရေးခြံတစ်ခြံ မီးလောင်ခဲ့ကြောင်း ပြည်နယ်မီးသတ်ဦးစီးမှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၁ ရက် နံနက် ၆ နာရီ ၅၅ မိနစ်က မြို့သစ်ကြီး ရပ်ကွက် နယ်မြေ(၄)နေ ဦးစိုင်းထွန်းအေး(၅၂ နှစ်)၏ ကြက်မွေးမြူရေး ခြံတွင် ကြက်သားပေါက်များအား လျှပ်စစ်မီးဖြင့်အပူပေးရာမှ လျှပ်စစ် ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်ပြီး အလျား ၁၄ ပေ၊ အနံ ၁၂ ပေရှိ ကြက်မွေးမြူရေးခြံတစ်ခြံ မီးလောင်ခဲ့သည်။

မီးလောင်မှုဖြစ်ရာသို့ ကချင်ပြည်နယ် မီးသတ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သူထွန်း ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင် ၃၀ နှင့် ရပ်ကွက်နေပြည်သူများက မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ် နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နံနက် ၇ နာရီတွင် မီးငြိမ်းသွားသည်။

မီးလောင်မှုနှင့်ပတ်သက်၍ အိမ်ရှင်ဖြစ်သူ ဦးစိုင်းထွန်းအေး အား မြစ်ကြီးနားမြို့ အမှတ်(၂)ရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၃၄၆)၊ (ဝဒသမဝ၅၅)ကော၊ (၄ဝx၆ဝ)ပေအကျယ်ရှိ နှစ်(၆ဝ)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ (မြို့/မြေ)ဌာနတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကြည်ကြည်တင် ၁၂/ဥကမ(နိုင်) ၁၂၆၄၅၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဟန်သီစိုး(LL.B,WIPO(Switzerland))
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၇၆၃)
ဖုန်း-၀၉-၄၅၄၄၃၃၆၀၀

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1D/7819 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)

## ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသင့်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

## ဟင်းသီး ဟင်းရွက်များနှင့် ပန်းကန်ခွက်ယောက်များကို ရေဖွင့်ထားပြီး မဆေးကြောပါနှင့်။ ဟင်းသီးဟင်းရွက်များနှင့် ပန်းကန်ခွက်ယောက်များကို ရေဖြည့်ထားသော ဇလုံတစ်ခုထဲတွင် ဆေးကြောပါ။

## ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး(မြောက်)၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ် ၄၁(က)၊ ဦးမျိုးဝင်း(ဘ)ဦးလှထွန်း ၉/မထလ(နိုင်)၀၆၁၆၄၂ နှင့် ဒေါ်ကြူကြူနိုင်(ဘ)ဦးမောင်ဆိုင် ၁၂/တမန(နိုင်) ၀၅၆၁၁၉တို့၏ အမည်ပေါက် နှစ်(၆၀) ဂရန်မြေ ၊ အကျယ်(၂၀ပေ x ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်အဆောက်အအုံ(၁)လုံး၊ ရေ၊ မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်၍ လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ဝန်ခံကတိပြုသူ ဦးမျိုးဝင်းနှင့် ဒေါ်ကြူကြူနိုင်ထံမှ ကျွန်ုပ်၏မိတ်ဆွေမှအပြီး အပိုင်လွှဲပြောင်းဝယ် ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

(၇)ရက် ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ထာနွယ်ခင်(တရားလွှတ်တော်ရှေ့နေ၊ စဉ်-၈၀၂၁)
LL.B, D.I.R, D.I.L, D.M.L, DL-101(WIPO)
အမှတ် ၆၅၃၊ ဇာနည် ၁၄လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်
ဖုန်း၀၉-၅၁၉၇၉၃၂၊ Email:htarnwekhin 92 @ gmail.com

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၅၄)၊ မြေကွက် အမှတ် (၉၄၇/က)၊ အကျယ်အဝန်းပေ (၂၀x ၆၀)ဧရိယာ ၁၂၀၀ စတုရန်းပေရှိ ဒေါ်စောငွေ(ခ)ဒေါ်တင်ကြည် အမည်ပေါက် ပါမစ်မြေအမျိုးအစားနှင့် ယင်းမြေပေါ်ရှိ နေအိမ်ကို အဆင့်ဆင့်တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးမျိုးမင်းထွန်း S/DGNMTT – 041686 ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်မွန်မွန်ဇော် ၁၄/မအန(နိုင်)၁၆၆၅၃၄ က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ ရက်အတွင်း ခိုင်မာသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဂျူလိုင်မိုး (LL.B, D.B.L)
အထက်တန်းရှေ့နေ(စဉ်-၅၂၀၇၃)
(၅၄)ရပ်ကွက်၊ ကျွန်းရွှေဝါလမ်း၊ အမှတ် ၁၃၀၇၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်

## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတို့ဖြင့် မြို့နယ်(၆)ခုအတွင်း ဆောင်ရွက်မည့်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများအား သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးရန်အလို့ငှာ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါစတင်ရောင်းချမည့်ရက်** | - ၅-၄-၂၀၂၂ ရက်၊ အင်္ဂါနေ့ |
| (ခ) | **တင်ဒါရောင်းချမှုပိတ်သိမ်းမည့်ရက်** | - ၄-၅-၂၀၂၂ ရက်၊ ဗုဒ္ဓဟူးနေ့ |
| (ဂ) | **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** | - ၄-၅-၂၀၂၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ ၁၆:၃၀ နာရီ |

၂။ တင်ဒါဖွင့်လှစ်မည့်ရက်အား သီးခြားထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များနှင့် လုပ်ငန်းစာရင်းများအား ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ လှာကမြင်ကွက်သစ်၊ ဘားအံမြို့နယ် လာရောက်ကြည့်ရှုခြင်းဖြင့်လည်းကောင်း၊ ဖုန်း-၀၅၈-၈၉၀၄၀၀၂၊ ၀၅၈-၈၉၀၄၀၀၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းခြင်းဖြင့်လည်းကောင်း စုံစမ်းသိရှိနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့

## အမွေခွဲဝေပြီးစီးပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၃ လမ်း(အထက်)၊ အမှတ်(၉၇)နေ ကွယ်လွန်သူ (ဦးမဂျစ်-ဒေါ်မဒရမ်ဘီဘီ)တို့၏သားသမီးများဖြစ်ကြသော ဦးမောင်မောင်ဦး ၁၂/မဂတ(နိုင်) ၀၁၄၈၄၃၊ ဦးမြင့်ဦး ၁၂/မဂတ(နိုင်)၀၆၃၉၄၉၊ ဒေါ်မာမာလွင် ၁၂/မဂတ(နိုင်) ၀၁၄၈၄၅နှင့် ဒေါ်ခင်မျိုးလွင် ၁၂/မဂတ(နိုင်)၀၁၄၈၄၆တို့သည် ကွယ်လွန်သူမိဘများ ကျန်ရစ်ခဲ့သော မရွှေ့မပြောင်းနိုင်သော ပစ္စည်းဖြစ်သည့် အထက်ဖော်ပြပါ လိပ်စာရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၇)ထပ်တိုက် အနက်မှ မြေညီထပ်(ညာ)၊ ပထမထပ်(ညာ)နှင့် ဒုတိယထပ်(ညာ)တိုက်ခန်း စုစုပေါင်း(၃)ခန်းအား အထက်ပါမောင်နှမများအကြား ညှိနှိုင်းသဘောတူ ကျေနပ်စွာဖြင့် (၉-၄-၂၀၂၂)ရက်စွဲပါ အမွေခွဲဝေခြင်း သဘောတူကတိစာချုပ်ဖြင့် အသီးသီး အမွေခွဲ ဝေရယူပြီးစီးပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖခင် ဦးမဂျစ်၏ အမွေပစ္စည်းဟူ၍လည်းကောင်း၊ မိခင်ဒေါ်မဒရစ်ဘီဘီ၏ အမွေပစ္စည်းဟူ၍ လည်းကောင်း တစ်စုံတစ်ရာ မကျန်ရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်မာမာသိန်း(LL.B) | ဒေါ်နှင်းသီတာဖြိုး(LL.B) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၉၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၇၂၀) |

အမှတ်(၃၆)၊ မြေညီ၊ ၈၉လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၅၀၈၈၆၀၅၊ ၀၉-၅၀၆၄၉၅၉၊ ၀၉-၇၇၉၀၉၄၃၃၅




## ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်မြို့ အထက ဇရပ်ပြင်ကျောင်းမှ ၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် (၆)ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် တူလေး မောင်ဆန်းထူးလွင်(လူရည်ချွန်နှစ်ထပ်ကွမ်း)သည် ဆေးတက္ကသိုလ် (၂) ရန်ကုန်သို့ တက်ရောက်ပညာသင်ကြားခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဦးထွန်းရီ-ဒေါ်မြင့်မြင့်နွယ် မိသားစု
အလယ်ပိုင်းရပ်ကွက်၊ ကျောက်ဖြူမြို့

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၃၁၈/ခ)၊ ဒေါ်ခင်စိန် အမည်ပေါက် ပါမစ်မြေကွက်(မိတ္တူခြမ်း)အကျယ်အဝန်း (အလျား ၄၀ ပေ x အနံ ၆၀ ပေ)အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (အလျား ၂၀ပေ x အနံ ၆၀ပေ)ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးပိုက်တင် ၁၂/ဥကမ(နိုင်) ၁၁၉၆၃၉ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးပြည့်ဖြိုးသူ (LL.B) | ဒေါ်ရည်မွန်ထူး(LL.B) |
| အထက်တန်းရှေ့နေ(စဉ်-၄၆၁၄၀) | အထက်တန်းရှေ့နေ(စဉ်-၄၆၁၆၅) |

အမှတ်(၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၂၄၄၉၈၆၈

## ရန်ကုန်မြို့၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊(ဂ)ရပ်ကွက် အင်ကြင်းလမ်း၊မြေကွက်အမှတ်(၇၇)၊ဧရိယာ(၄၀'×၆၀') ရှိသည့်၊ဦးစောဂျိုးဇက်(ISN-၁ ၂၇ ၂၅၀)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအတွင်းမှ(ခေါင်းရင်းခြမ်း/ဂရန်မူရင်းခြမ်း)(၂၀'×၆၀')မြေကွက်နှင့်နေအိမ်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ပါအိမ်ခြံမြေကို နှစ်(၆၀)ဂရန်တွင်အမည်ပေါက်သူ-ဦးစောဂျိုးဇက်ထံမှ အရောင်းအဝယ်ကတိစာချုပ်နှင့် အထူးကိုယ်စားလှယ်လွှဲစာတို့အရ လွှဲပြောင်းဝယ်ယူပိုင်ဆိုင်ထားသူ-ဦးစိုးပိုင်(၁၂/သဃက(နိုင်)၀၃၄၇၃၅)က အရှုပ်အရှင်းကင်းစွာဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်းတိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်နေ့ရက်ကျော်လွန်ပါက အိမ်ခြံမြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းကြေညာပါသည်။ (လွှဲအပ်ညွှန်ကြားချက်များအရ)

| | |
|---|---|
| ဦးသန့်ဇင် (LL-B) | ဒေါ်ဟန်နွေနိုင်(LL-B) |
| အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်-၂၃၅၄၄) |
| Ph-09 253995848 , 09-798420119 | Ph-09-4200 73685 |

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တောတွင်းကျေးရွာ၊ ကွင်း/ အကွက်အမှတ်(၅၆၄)၊ ကွင်း/အကွက်အမည်(စန္ဒပူရီ)၊ ဦးပိုင်(၆၃က/၃)ဟုခေါ်တွင်သော လယ်ယာမြေပုံစံ(၇)အရ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသော(၀.၄၄)ဧကရှိမြေအား ဒေါ်မိုးမမကျော် ၁၂/ကမတ(နိုင်)၀၆၂၇၂၁အမည်ဖြင့် လုပ်ပိုင်ခွင့်ပြုသည့်စာအမှတ် (၀၂၆/လ ယ-၃)အရ လုပ်ကိုင်ခွင့်ပြုထားသည့်မြေကို ဒေါ်မိုးမမကျော်မှ (၇-၁၁-၂၀၁၉)ရက်စွဲဖြင့် နှစ်ဦးသဘောတူ ရွာခံမြေလွှဲပြောင်းခြင်း ကတိစာချုပ်ဖြင့် ဦးကျော်ဇံဟိန်း ၁၂/ကမတ (နိုင်)၀၆၄၅၆၅ထံသို့ လည်းကောင်း၊ ဦးကျော်ဇံဟိန်းမှ(၂၂-၁၁-၂၀၁၉)ရက်တွင် မြေလွှဲပြောင်းခြင်း ကတိစာချုပ်ဖြင့် ဦးကံမြင့် ၉/ဗမန(နိုင်)၀၀၂၃၈၃ထံသို့ လုပ်ပိုင်ခွင့်များလွှဲပြောင်းပေးခဲ့ပါသည်။ ထို့နောက် ဦးကံမြင့်မှ ၎င်းပိုင်ဆိုင်ထားသဖြင့် အမရပူရမြို့နယ်၊ မြေစာရင်းဦးစီးဌာနတွင် ကန့်ကွက်ထားရှိခဲ့ပြီး (၁-၈-၂၀၂၀)ရက် တွင် မြန်မာ့အလင်းသတင်းစာတွင် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာ ခဲ့ပြီးနောက် ယနေ့အချိန်ထိ ကန့်ကွက်ခြင်းမရှိသဖြင့် ဦးကံမြင့်မှ ၎င်းပိုင်ဆိုင်ထားမှုအပေါ် လွှဲပြောင်းပေးခြင်း၊ ရောင်းချခြင်း၊ အမည်ပြောင်းခြင်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးအောင်သီဟ(LL.B) | ဦးမျိုးကိုကို(LL.B) |
| (စဉ်-၁၅၁၈၆/၂၀၁၈) | (စဉ်-၁၆၄၁၃/၂၀၁၉) |

တရားလွှတ်တော်ရှေ့နေများ
အမှတ်(ဆ/၆၈)၊ ခွာညိုလမ်းသွယ်(၃)၊ ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့
ဖုန်း-၀၉-၄၃၂၀၁၇၆၁၊ ၀၉-၇၈၄၃၂၀၁၇၆၊ ၀၉-၂၅၆၀၁၉၃၇၀

## သွေးသည် အသက်

## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများ ထိန်းသိမ်းရေးအဖွဲ့မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် လွှတ်တော်ဝင်းအတွင်း ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါပေးသွင်းရန်ဖိတ်ခေါ်ပါသည်-

**(က) မြို့ပြလုပ်ငန်း**

| | |
|---|---|
| (Lot 1) | ပြည်သူ့လွှတ်တော် (C-ဆောင်)ရှိ Roof Slabများအား ရေလုံလုပ်ငန်းဆောင်ရွက်ခြင်း |
| (Lot 2) | ပြည်ထောင်စုလွှတ်တော်ဇမ္ဗူသီရိအစည်းအဝေးခန်းမဆောင်(E&E-annex)ရှိ Roof Slab များ ရေလုံလုပ်ငန်းဆောင်ရွက်ခြင်း |
| (Lot 3) | အမျိုးသားလွှတ်တော် (J - ဆောင်) ရှိ Roof Slabများအား ရေလုံလုပ်ငန်းဆောင်ရွက်ခြင်း |

**(ခ) လျှပ်စစ်လုပ်ငန်း**

| | |
|---|---|
| (Lot 4) | လွှတ်တော်ခွဲရုံအမှတ်(၁)၊ (၂)၊ (၃)၊ (၄)၊ (၅) နှင့် (၆) တို့ရှိ Battery Bankများအား အကြီးစားမွမ်းမံခြင်း |
| (Lot 5) | ပြည်သူ့လွှတ်တော် (C-ဆောင်)ရှိ သက်တမ်းလွန်ချို့ယွင်း LED Board အားအစားထိုးတပ်ဆင်ခြင်း |

| | |
|---|---|
| ၂။တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် | - ၈-၄-၂၀၂၂ရက် (သောကြာနေ့) |
| ၃။ တင်ဒါလျှောက်လွှာနောက်ဆုံးရောင်းချမည့်ရက် | - ၂၂-၄-၂၀၂၂ရက် (သောကြာနေ့) |
| ၄။ တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန် | - ၂၆-၄-၂၀၂၂ရက်၊( အင်္ဂါနေ့) ၁၄:၀၀နာရီ |
| ၅။ တင်ဒါဖွင့်မည့်ရက်/နေရာ/အချိန် | - ထပ်မံအသိပေးအကြောင်းကြားသွားပါမည်။ |

၆။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့၊ လွှတ်တော်ဝင်း (ICT-2)ရှိ သက်ဆိုင်ရာဌာနခွဲများတွင် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းရမည့် အသေးစိတ်အချက်အလက်များအား အောက်ပါဖုန်းနံပါတ်များတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်-

လွှတ်တော်နှင့်အိမ်တော်အဆောက်အဦများထိန်းသိမ်းရေးအဖွဲ့
ဖုန်း-၀၆၇-၆၉၅၆၅ (မြို့ပြဆိုင်ရာလုပ်ငန်းများ)
ဖုန်း-၀၆၇-၆၉၅၆၇၊ ၀၆၇-၆၉၅၂၅(လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ)

## ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့မှ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် တည်ဆောက်ရေးပစ္စည်းများ ဝယ်ယူခြင်းနှင့် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့်တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန် စိတ်ဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များသို့ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မုံရွာမြို့တွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** | - ၁၈-၄-၂၀၂၂ ရက် |
| (ခ) | **တင်ဒါလျှောက်လွှာရောင်းချမည့်နောက်ဆုံးရက်** | - ၂-၅-၂၀၂၂ ရက် |
| (ဂ) | **PO Cheque တင်သွင်းရမည့်ရက်** | - ၅-၅-၂၀၂၂ ရက် |
| (ဃ) | **တင်ဒါဖွင့်လှစ်မည့်နေရာ** | - တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ |
| (င) | **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** | - တင်ဒါတင်သွင်းသူများသို့ ဌာနမှ ဆက်သွယ်အကြောင်းကြားပါမည်။ |

၃။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းလာသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မုံရွာမြို့ ဖုန်း-၀၇၁-၂၃၆၂၆၊ ၀၇၁-၂၃၆၂၆၊ လက်ထောက်ညွှန်ကြားရေးမှူး၊ မုံရွာမြို့ ဖုန်း-၀၇၁-၂၁၁၈၂၊ ၀၇၁-၂၁၀၅၇၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရွှေဘိုမြို့ ဖုန်း-၀၇၅-၂၂၅၀၄၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရေဦးမြို့ ဖုန်း-၀၇၅-၄၀၀၁၀၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ကလေးမြို့၊ ဖုန်း-၀၇၃-၂၁၄၈၉၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ကသာမြို့၊ ဖုန်း-၀၇၅-၂၅၀၅၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**ပြည်သူကရွေးချယ်တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးအဖြစ် ခိုင်ခိုင်မာမာ တည်ဆောက်သွားဖို့လိုတယ်။ ဒီမိုကရေစီစနစ်ဆိုတာဟာ ပြည်သူကရွေးချယ်တဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ဖက်ဒရယ်စနစ်ဆိုတာ လုပ်ပိုင်ခွင့်အာဏာနဲ့ ရပိုင်ခွင့်တွေကို မျှဝေခွဲဝေခံစားစေတာဖြစ်တယ်။ ဖက်ဒရယ်နဲ့ပတ်သက်ပြီး ဘယ်လိုပဲ အယူအဆအမျိုးမျိုး ကွဲပြားနေပါစေ ဒို့နိုင်ငံနဲ့ သဟဇာတဖြစ်တဲ့စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ပြီး တည်ဆောက်သွားကြရမယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ (၇၇) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းရှိ ကမ္ဘောဇဘဏ်ခွဲမှ ငွေကျပ်သိန်း ၂၁၇၀ ခန့်ကို ဓားပြတိုက်မှု ကျူးလွန်ခဲ့သူများအား သက်သေခံငွေ၊ လက်နက်ခဲယမ်း၊ စိတ်ကြွရူးသွပ်ဆေးဝါးများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၁**

၂၀၂၂ ခုနှစ် ဧပြီလ ၆ ရက် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းရှိ ကမ္ဘောဇ ဘဏ်ခွဲအတွင်းသို့ အမျိုးသား ခုနစ်ဦးက ဘဏ်အကောင့် ပြုလုပ်လိုကြောင်းပြော၍ ဝင်ရောက်လာပြီး ဘဏ်အတွင်း ကြိုတင်ရောက်ရှိနေသည့် အမျိုးသား နှစ်ဦးတို့နှင့် ပူးပေါင်းကာ ဘဏ်လုံခြုံရေး ဝန်ထမ်းတစ်ဦးအား ကျဉ်စက်ဖြင့်ထိုး၍ ဘဏ်ဝန်ထမ်းများနှင့် ဘဏ်အတွင်း ငွေသွင်း၊ ငွေထုတ်ရန် ရောက်ရှိနေသူများ၏ လက်ကိုင်ဖုန်းများအား သေနတ်ပြခြိမ်းခြောက်လုယက်ယူဆောင်ပြီး ဘဏ်အတွင်း စုထိုင်ခိုင်းကာ ဘဏ်ကောင်တာအတွင်းနှင့် ကောင်တာအပေါ်၌ ထားရှိသည့် ငွေကျပ်သိန်း ၂၁၇၀ ခန့်ကို အသင့်ယူဆောင်လာသည့် လက်ကိုင်ပါပီနံအိတ် နှစ်လုံးအတွင်းထည့်၍ ဓားပြတိုက်လုယက်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သဖြင့် တောင်ဥက္ကလာပမြို့မရဲစခန်း (ပ)၁၆၇/ ၂၀၂၂၊ ရာဇသတ်ကြီး ပုဒ်မ ၃၉၅/၃၂၃ ဖြင့် အမှုဖွင့်လှစ်ကာ

*စာမျက်နှာ ၈ ကော်လံ ၁* ❍



စည်သူဝင်း (ခ) တုံတုံ၊ လှိုင်ဘွားအောင် (ခ) ဘွားကြီး၊ ဟိန်းထက်ဇော် (ခ) မြင်းကျား၊ ဇာနည်ထက် (ခ) နဒီပေါင် (ခ) ဇာကြီး ၊ ဟိန်းမင်းသန့် (ခ) ပိုင်သုတ၊ ပြည့်ဖြိုးကျော် (ခ) ချိုးကြော်၊ သန့်ဇော်ထွေး (ခ) တရုတ်ကြီးနှင့် သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများ။

## လီဗာပူးကို သရေကစားပြီး မန်စီးတီးထိပ်ဆုံး၌ ရပ်တည်ဆဲ



ပရီမီယာလိဂ်ပွဲစဉ် (၃၂) မှ အကောင်းဆုံး ပွဲစဉ်ဖြစ်သည့် ဦးဆောင်သူ မန်စီးတီးနှင့် ဒုတိယနေရာမှ လီဗာပူးအသင်းတို့ ပွဲစဉ်ကို ဧပြီ ၁၀ ရက် ညပိုင်းက အီတီဟက်ကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်နှစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

အမှတ်ပေးဖလား ချန်ပီယံဖြစ်ရေးအတွက် အရေးပါသည့်

*စာမျက်နှာ ၂၃ ကော်လံ ၅* ❇

**ယနေ့** သတင်းအညွှန်း

**ပင်လည်ဘူးမြို့နယ်အတွင်း၌ KIA အဖွဲ့နှင့် PDFအမည်ခံ အကြမ်းဖက်အဖွဲ့တို့ အများပြည်သူပိုင် အဆောက်အဦနှင့် လူနေအိမ်များကို အကာအကွယ်ယူ၍ လုံခြုံရေးတပ်ဖွဲ့များအား ပစ်ခတ်တိုက်ခိုက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ခိုက်ချေမှုန်း**

ပြည်တွင်းသတင်း စာ - ၂၄